

စိတ်ကူးချိုချိုအနုပညာ

# ဟံသာဝတီဦးဝင်းတင်

## အဝေးရောက်ပေးစာများ

နိုင်ငံရေးသမား၊ သတင်းစာဆရာနှင့် စာရေးဆရာ ဟံသာဝတီဦးဝင်းတင်၏ သမီးများထံသို့ အဝေးရောက်ပေးစာများကို စုစည်းစီစဉ်လိုက်ခြင်း ဖြစ်ပါသည်။ ၁၉၅၇ ခုနှစ်တွင် ဟော်လန်နိုင်ငံ၌ စာပေဗိမာန်၏အစီအစဉ်ဖြင့် သွားရောက် အလုပ်လုပ်ကိုင်နေစဉ် သမီးများ (ထိုစာ၌ မြေး) ထံသို့ ရေးသားပေးပို့ခဲ့သော စာ၊ ဟံသာဝတီသတင်းစာအယ်ဒီတာချုပ်အဖြစ် မန္တလေးတွင် သွားရောက် တာဝန်ထမ်းဆောင်စဉ် သမီးများထံသို့ ရေးသားပေးပို့ခဲ့သော စာများနှင့် စစ်အာဏာရှင်အစိုးရလက်ထက်၌ နှစ်ပေါင်း ၂၀ အကျဉ်းကျခံနေရစဉ် သမီးများထံသို့ ရေးသားပေးပို့ခဲ့သောစာ . . . . . . .
အဆိုပါစာများအားလုံးကို ဆရာမကွယ်လွန်မီ စုစည်းသိမ်းဆည်းထားသည်များမှ မိသားစု၏ခွင့်ပြုချက်ဖြင့် ရွေးချယ်စီစဉ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

# ဟံသာဝတီဦးဝင်းတင်

## အဝေးရောက်ပေးစာများ



uwt0002
1,500.00 KS

စိတ်ကူးချိုချိုအနုပညာ
၉(က)၊ ၁၆၄ လမ်း၊ တာမွေ
ရန်ကုန်မြို့။ ဖုန်း−၅၄၆၈၄၅၊ ၅၄၈၂၀

စိတ်ကူးချိုချိုအနုပညာ
၉(က)၊ ၁၆၄ လမ်း၊ တာမွေ၊
ရန်ကုန်မြို့။ ဖုန်း–၅၄၆၈၄၅၊ ၅၄၈၂၀၈

အဝေးရောက်ပေးစာများ၊ ဟံသာဝတီဦးဝင်းတင်
မူပိုင် - ခင်ယဉ်ယဉ်ထွန်း
မျက်နှာဖုံးမှုရင်းဓာတ်ပုံ - အင်တာနက်သတင်း
စာမျက်နှာ ၁၁၅ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705.*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

# အဝေးရောက်ပေးစာများ
## ဟံသာဝတီဦးဝင်းတင်

ပထမအကြိမ်၊ ၂၀၁၃

# မာတိကာ


| | | |
|---|---|---|
| – | *အမှာ* | က |
| ၁။ | ပေးစာအမှတ်(၁) | ၁၁ |
| ၂။ | ပေးစာအမှတ်(၂) | ၂၄ |
| ၃။ | ပေးစာအမှတ်(၃) | ၃၇ |
| ၄။ | ပေးစာအမှတ်(၄) | ၄၇ |
| ၅။ | ပေးစာအမှတ်(၅) | ၅၁ |
| ၆။ | ပေးစာအမှတ်(၆) | ၅၉ |
| ၇။ | ပေးစာအမှတ်(၇) | ၇၁ |
| ၈။ | ပေးစာအမှတ်(၈) | ၈၉ |
| ၉။ | ပေးစာအမှတ်(၉) | ၉၇ |
| ၁၀။ | ပေးစာအမှတ်(၁၀) | ၉၉ |
| ၁၁။ | ပေးစာအမှတ်(၁၁) | ၁၀၁ |
| ၁၂။ | ပေးစာအမှတ်(၁၂) | ၁၀၃ |
| ၁၃။ | ပေးစာအမှတ်(၁၃) | ၁၀၅ |
| ၁၄။ | ထောင်တွင်းမှပေးစာမူရင်းများ | ၁၀၇ |
| – | *နောက်ဆက်တွဲ* | |
| | ထောင်ဖောက်တဲ့ကဗျာ | ၁၁၃ |


□

# အမှာ

နိုင်ငံရေးသမား၊ သတင်းစာဆရာနှင့် စာရေးဆရာ ဟံသာဝတီဦးဝင်းတင်၏သမီးများထံသို့ အဝေးရောက်ပေးစာများကို စုစည်းပုံနှိပ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။ ၁၉၅၇ ခုနှစ်တွင် ဟော်လန်နိုင်ငံ၌ စာပေဗိမာန်၏အစီအစဉ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်နေစဉ် သမီးများ (ထိုစာ၌ မြေး) ထံသို့ ရေးသားပေးပို့ခဲ့သော စာ၊ ဟံသာဝတီသတင်းစာအယ်ဒီတာချုပ်အဖြစ် မန္တလေးတွင် သွားရောက်တာဝန်ထမ်းဆောင်စဉ် သမီးများထံသို့ ရေးသားပေးပို့ခဲ့သော စာများနှင့် စစ်အာဏာရှင်အစိုးရလက်ထက်၌ နှစ်ပေါင်း ၂၀ အကျဉ်းကျခံနေရစဉ် သမီးများထံသို့ ရေးသားပေးပို့ခဲ့သောစာ၊ အဆိုပါစာများ အားလုံးကို စုစည်းထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

ဆရာကြီးမင်းသုဝဏ်က ဟံသာဝတီဦးဝင်းတင်ထံ ပေးပို့ခဲ့သော မွေးနေ့အမှတ်တရလက်ဆောင် စာနှင့် မိသားစုဓာတ်ပုံများကို ရှေ့ပိုင်းတွင် ဖော်ပြထားပြီး အကျဉ်းထောင်အတွင်းမှ ရေးသားခဲ့သည့် စာများ၏မူရင်းနှင့် ဆရာ၏ ထောင်ထွက် လက်မှတ်တို့ကိုလည်း နောက်ပိုင်းတွင် ဖော်ပြထားပါသည်။

စစ်အစိုးရအဆက်ဆက်ကို ဒူးမထောက် လက်မမြှောက်ဘဲ ကြံ့ကြံ့ခံရပ်တည်ခဲ့သည့် သံမဏိသူရဲကောင်းကြီး၏ နှလုံးသားရေးရာ တစ်စိတ်တစ်ပိုင်းကိုမူ ဟော်လန်မှ ရေးသောစာတွင် ဖတ်ရှုနိုင်ကြမည်ဖြစ်ပါသည်။

စီစဉ်သူများ

အမိုက်အမျက်၊ ရမ္မက်တရား

ဤ သုံး ပါး ကို


ရှောင်ရှားနိုင်ကြပါစေသောဝ်။

နှစ်ဆယ့်တစ်နှစ်မြောက် မွေးနေ့


အထိမ်းအမှတ်

(၁၉၈၀·ပြည့်)

ဟံသာဝတီ ဦးဝင်းတင်အတွက် ဆရာမင်းသုဝဏ်၏ ဝါကျွတ်လက်ဆောင်



အင်ဖွိုင်းခန်းမတွင် ကျင်းပသော အမေရိကန် အပိုလိုအာကာသယာဉ်ပြပွဲသို့ သွားရောက်ကြည့်ရှုလေ့လာနေသည့် (ဝဲမှယာ) ဟံသာဝတီ ဦးဝင်းတင်၊ ဦးအုန်းထွန်းနှင့် သမီးငယ်များဖြစ်သည့် မဆွေ (ခင် ဆွေဆွေထွန်း)၊ မသူ (ခင်သူဇာထွန်း)



အင်ဖွိုင်းခန်းမတွင် ကျင်းပသော အမေရိကန် အပိုလိုအာကာသယာဉ်ပြပွဲသို့ သွားရောက်ကြည့်ရှုလေ့လာနေသည့် (ဝဲမှယာ) ဦးအုန်းထွန်း၊ ဟံသာဝတီ ဦးဝင်းတင်နှင့် သမီးငယ်များဖြစ်သည့် မဆွေ (ခင်ဆွေဆွေထွန်း)၊ မသူ (ခင်သူဇာထွန်း)



(ဝဲမှယာ) မဆွေ (ခင်ဆွေဆွေထွန်း)၊ မတူး (ခင်ယဉ်ယဉ်ထွန်း)၊ မသူ (ခင်သူဇာထွန်း) တို့ကို ကျောက်ကုန်းနေအိမ်ရှေ့တွင် တွေ့ရစဉ်။




(ဝဲမှယာ) မသူ (ခင်သူဇာထွန်း)၊ မဆွေ (ခင်ဆွေဆွေထွန်း)၊ မတူး (ခင်ယဉ်ယဉ်ထွန်း) တို့ ပင်လယ်ကမ်းခြေတစ်နေရာတွင် အပန်းဖြေအနားယူနေစဉ်။



မဆွေ (ခင်ဆွေဆွေထွန်း)



၂၇ ကြိမ်မြောက်
တပ်မတော်နေ့
အနာဂတ်မြောက်တိုင်း





international literacy day
၁၉၇၀ - ခု - စက်တင်ဘာလ - ၈ - ရက်နေ့
8. SEPTEMBER, 1970.
5 P
ပြည်ထောင်စုမြန်မာနိုင်ငံ
BURMA






၁၅-၁၂-၇၃
ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ
မြို့နယ်ဦးဆောင်အဖွဲ့
ဝမ်းတွင်း



## ပေးစာအမှတ်(၁)

၂၅-၂-၅၇

ငါ့မြေးသူဇာ

ဒီနေ့ တနင်္လာနေ့ သူဇာ၊ မနေ့က တနင်္ဂနွေ၊ တစ်နေ့က စနေဆိုတာ ငါ့မြေးသိမှာပေါ့။ အဲဒီစနေ တနင်္ဂနွေနေ့တွေကို ဘဘ ရောက်ခဲရောက်ခဲနှင့် မျှော်တလင့်လင့် ကြိုက်နှစ်သက်သလောက် ကုန်ခဲ ကုန်ခဲနဲ့လည်း စက်ဆုပ်တယ်။ ကြိုက်တဲ့အကြောင်း၊ စက်ဆုပ်တဲ့အ ကြောင်းကလည်း ရှိသပေါ့။ တစ်ပတ်လုံး အလုပ်ထဲမှာ နှစ်ထားခဲ့လို့ ငြိမ်နေတဲ့စိတ်ဟာ စနေ တနင်္ဂနွေရောက်တာနဲ့ လေတော့ လွင့်တော့တာ ပဲ။ အထိန်းအကွပ်မဲ့တော့တာပဲ။ ဒါကြောင့် ဘဘ နေ့ရောညပါ အလုပ် လုပ်ချင်တာပဲ။ ဒီလောက်အလုပ်လုပ်တာ ငွေကြောင့်မဟုတ်ပါဘူး။ ဘဘ အဖို့ ငွေဟာ အရေးမကြီးပါဘူး။ အဝတ်အထည်လည်းမလိုဘူး၊ ထမင်း နပ်မှန်အောင် မစားသူအဖို့ ငွေဟာ ဘာလုပ်ဖို့လဲ။ ငွေရှိရင် အရက်တောင် သောက်မိသေးတာကလား။ အဲ... အလုပ်လုပ်ချင်တာက လူရော စိတ်ကို ပါ ချုပ်လို့ တည်းလို့၊ ဖွဲ့လို့ကွပ်လို့ရလို့ပဲ။ ဒါပေမဲ့ တခြားနေ့တွေမှာ ဘယ်လောက်ပဲ အလုပ်လုပ်လုပ် စနေ တနင်္ဂနွေကတော့ အလုပ်နဲ့လက် ပြတ်တော့တာပဲ။ မပြတ်လည်း မရဘူး။ အလုပ်ကမှ မဖွင့်ဘဲကိုး။

အဲဒီလို အလုပ်နဲ့လက် ပြတ်တာနဲ့ တစ်ပြိုင်နက် လူရော စိတ်

ရော လေလွင့်တော့တာပဲ။ တစ်ခါတစ်ခါ ခရီးအလွန်အကျွံထွက်ဖြစ်တယ်။ ဟော်လန်ထဲတွင်မကဘူး။ ဂျာမနီ၊ ဘယ်လ်ဂျီယံတို့တောင်ရောက်တယ်။ တစ်ခါတစ်ခါ အရက်အလွန်အကျွံ သောက်မိတယ်။ တစ်ခါတစ်ခါ စာအလွန်အကျွံ ဖတ်မိတယ်။ စနေနေ့ကတည်းက အခန်းထဲမှာနေလိုက်တာ တနင်္လာနေ့ကျမှပဲ ထွက်တော့တယ်။ ပေါင်မုန့်နဲ့ကော်ဖီပဲ စားသောက်နေရတာပဲ။ တစ်ခါတစ်ခါတော့လည်း အတွေးနယ်ကျွံပြန်တယ်။ ဥပမာ မနေ့တစ်နေ့ကဆိုပါတော့... မင်းတို့ကို သတိရတယ်။ အဲဒီလို လူနဲ့စိတ် လေလွင့်ရာမှာ အဆိုးအကောင်းပေါ် တည်ပြီးစနေ တနင်္ဂနွေကို ဘဘ ချစ်တဲ့အခါ ချစ်၊ မုန်းတဲ့အခါ မုန်းတာပဲ။

တစ်နေ့ကနဲ့ မနေ့ကကိုတော့ ဘဘ ချစ်လည်း ချစ်၊ မုန်းလည်းမုန်းမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဗမာပြည်ကို လွမ်းတဲ့နေ့၊ အထူးသဖြင့်မင်းတို့တွေကို လွမ်းတဲ့နေ့ကိုး။ ဘဘအဖို့ ခင်စရာ မင်စရာလူဆိုလို လက်ဆယ်ချောင်းနဲ့ ရေတွက်လို့ရလောက်အောင် နည်းလေတော့၊ အဲဒီလူတွေ၊ မိသားစုတွေကို စဉ်းစားမိတဲ့အခါ စိတ်ကြည်နူးရတယ်။ သို့သော်တစ်ဖက်က ပြန်တွေးလိုက်တော့လည်း မင်းတို့အဖေထင်သလို “အတော်နေနိုင်တဲ့ကောင်ပဲ” ဆိုတဲ့ လူစိမ်းကားစိတ်မရှိဘဲ လွမ်းတတ်ဆွေးတတ်တဲ့ ပျော့ဖတ်ဖတ်စိတ်ရှိနေတာကို တွေးမိပြီး ကိုယ့်ကိုယ်ကိုယ် မကျေမနပ်ဖြစ်ရတယ်။

အသံလွှင့်ရုံက ရေဒီယိုနဲ့လွှင့်လိုက်တဲ့အခါ အဝေးကြီးက အသံဖမ်းရသလို စိတ်ရဲ့အလျှင်ဟာလည်း ဆက်စပ်မှုရှိနေလေသလားမသိ၊ မနေ့က ဘဘ ဘယ်မှ မထွက်ဘဲ အိမ်ထဲမှာ ကုပ်နေပြီး (လကုန်ခါလည်းနီးမှကိုး) မင်းတို့ကို တွေးမိတယ်။ မင်းတို့ဆီက စာဖတ်ရရင် ကောင်းမှာပဲလို့ စဉ်းစားမိတယ်။ ဟော... ဒီမနက် စာရောက်နေတာပဲ။ မင်းအဖေရဲ့စာကိုဖတ်ပြီး ဘဘ ငိုချင်သလိုတောင် ဖြစ်မိတယ်။

ဘဘ သတင်းက တယ်လည်းမွေးပါလား သူဇာ။ ရယ်စရာလည်းကောင်း၊ ငိုစရာလည်း ကောင်း၊ ဒေါသဖြစ်စရာလည်း ကောင်းတာပဲ။ လူတွေဟာ ဘာဖြစ်လို့ ကိုယ့်ကိစ္စ သူ့ကိစ္စ မခွဲနိုင်ရသလဲ။ သူများရဲ့

အတင်းအဖျင်းကို ဘာဖြစ်လို့ စိတ်ဝင်စားရပါလိမ့်မလဲ။ ဒါ ရယ်စရာကောင်းတာပဲ။

သို့သော် ဘာဘ ခုလို ပေါကြောင်ကြောင်လုပ်တာတွေ၊ လူမသိစေချင်တဲ့ အကြံအစည်တွေ ခွေးသိ ဝက်သိဖြစ်ကုန်တာ ငိုစရာပဲ။ တကယ် ငိုချင်စရာ ကောင်းတယ်။ လောကမှာ သူများကိစ္စမှာ ကိုယ်က စိတ်မဝင်စားဘဲ သူများက ကိုယ်လုပ်လေရာတိုင်းကို အနံ့ခံနေတာ တွေ့ရတော့ တကယ် ငိုချင်တယ်။

ပြီတော့ ဒီကိစ္စတွေကို မင်းအဖေ သိတာ ဒေါသဖြစ်စရာပဲ။ သူ့မှာ သူ့ကိစ္စနဲ့သူ၊ သူ့သားကျေးမှု မယားကျေးမှုတွေနဲ့ စိတ်မအား လက်မအား ရှိရှာပေမှာပဲဆိုတဲ့ စေတနာနဲ့ ဘာဘ ကိစ္စမှန်သမျှကို ဘာမှမပြောဘူး။ ဒါကို ဘေးကလျှောက်ပြောလို့ သိလာရတော့ ဘယ်လောက်ဆိုးသလဲကြည့်စမ်း။

ဘာပဲဖြစ်ဖြစ်လေ... အဲဒီလို ရယ်စရာ၊ ငိုစရာ၊ ဒေါမနဿပွားစရာတွေဟာ ဘဝပေပဲကိုး။ လူရယ်လို့ဖြစ်လာရင် ဒါတွေထက် အဆအရာအထောင်မက ကြီးမားတဲ့ ငိုစရာ၊ ရယ်စရာ၊ ဒေါသဖြစ်စရာတွေကြုံရတတ်တာမျိုးကလား။

သို့သော် စိတ်ပျက်စရာကောင်းတာက ဘာဘအဖို့ အဲဒီလို ငိုစရာ၊ ရယ်စရာ၊ ဒေါသဖြစ်စရာတင်မဟုတ်ဘူး။ ပျင်းစရာကပါ ရောပါနေချည်းသေးတယ်။ လောကမှာ၊ သူများတွေရဲ့ ဘဝထမင်းဝိုင်းမှာ ဟင်းမည်သုံးမျိုးပါရင် ဘာဘအဖို့က လေးမည်ပါနေတယ်။ ပျင်းစရာ၊ ပျင်းစရာ၊ ပျင်းစရာ၊

ပျင်း... ပျင်း... ပျင်း.......

ခုစာရေးရင်းတောင် ပျင်းလာပြန်ပြီ။ ဘာဘဖြစ်နေပုံက ဆွီဒင် philosopher ကြီးတစ်ဦးပြောသလို လောကမှာ ဦးစွာထာဝရဘုရားသခင်တစ်ပါးတည်း စံတော်မူတယ်။ ကြာတော့ ဘုရားကြီးပျင်းလာတာနဲ့ ဘုရားကလေးတွေ ဖန်ဆင်းတယ်။ ပင်လယ် god၊ မီး god ၊ သစ်တော god စသည်ပေါ့လေ။ ဘုရားကလေးတွေက ပျင်းလာတော့ ဧဝံကို ဖန်ဆင်း

သတဲ့။ သမ္မာကျမ်းလာ ယောကျ်ားလေ။ အဲဒီငနဲက ပျင်းလာပြန်တော့ ဧဝဆိုတဲ့ မိန်းမကို ဘုရားသခင်က ဖန်ဆင်းပေးရပြန်တယ်။ အဲဒီဓမ္မက ပျင်းလာပြန်တော့ သူဇာရယ် မူရာရယ် ဖြူပြာရယ် ဘာရယ် ညာရယ်စတဲ့ သားသမီးတွေကို ဖန်ဆင်းပြန်သတဲ့။

အဲဒီလိုပဲ လောကကြီးတစ်ခုလုံးဟာ boredom ပဲတဲ့။ ငြီးငွေ့တာ၊ ပျင်းတာပေါ့လေ။

သို့သော် ပုပုရွရွ မြင်သမျှလူတွေဟာ ဘာဖြစ်လို့ အစုလိုက် အပြုံလိုက် လက်နက်မချသလဲ။ (ယောင်လို့ပါ) အကျွတ်တရားမရသလဲ။ ဒီသံသရာဝဲဩဃမှာ ဆုံလည်နွားဖြစ်နေရတာကို မပျင်းလို့ပေါ့။ ရှင်းသားပဲ။

ဒါပေမဲ့ ဘာဘကတော့ အကျွတ်တရားရချင်လို့လား မသိဘူး သူဇာ။ ပျင်းနေတယ်။ လောကမှာ အကုန်ပျင်းစရာချည်းဖြစ်နေတယ်။ ဒါကြောင့် အလေးမှန် တင်းမှန်ဖြစ်အောင် ရယ်စရာ ငိုစရာ ဒေါသဖြစ်စရာတွေထဲက တစ်ခု လျှော့ထုတ်ချင်တာပေါ့။ သို့သော် မရဘူး။ တစ်ခါတစ်ခါ အူလှိုက်သည်းလှိုက် ရယ်ချင်တယ်။ တစ်ခါတစ်ခါ ငိုချင်သလို မဲ့ချင်သလို လွမ်းချင်သလို ဆွေးချင်သလိုဖြစ်တယ်။ တစ်ခါတစ်ခါ ကမ္ဘာကြီးမီးရှို့ပစ်ချင်အောင် ဒေါသဖြစ်တယ်။ ဒီတော့ အကျွတ်တရားရဖို့ ဝေးသေးတယ်ဆိုတာ ရှင်းနေတာပေါ့ကွယ်။ အဲ... တစ်ခုပဲ ရှိတယ်။ ဘာဘက ဟင်းဒီးကက်မြင်းလို ပျင်းစရာ ခဲပိုဆွဲပြီး ဘဝမြင်းကွင်းထဲမှာ ပြေးနေရတာပဲ ခြားတယ်။

တစ်ခါတစ်ခါ စဉ်းစားမိတယ်။ ဘာဘအတွက် ဘာမှားနေသလဲလို့ အကျိုးအကြောင်းရှိန်ဆကြည့်တယ်။ ဥပမာ စာဖတ်တာဆိုပါတော့... ဘာဖြစ်လို့ ဘာဘ စာဖတ်သလဲလို့ သူဇာက မေးမယ်။ ဘာဘက ပျင်းလို့ပါ ကလေးရယ်လို့ ဖြေမယ်။ ကောင်းပြီ၊ ဒီတော့ အပျင်းပြေသလား ဘာဘ လို့ ဆက်မမေးလေနဲ့ ငါ့မြေး။ ပိုပျင်းလာတယ်လို့သာ ဖြေနိုင်မယ်။ ဒီတော့ စာဖတ်ပြန်တယ်။ ဒါနဲ့နောက်ဆုံးကျတော့ ပျင်းလို့ စာဖတ်သလား။ စာဖတ်လို့ ပျင်းသလားဆိုတာ မခွဲတတ်တော့ဘူး။ ခုလဆန်း

ဘာဘ အခန်းပြောင်းတော့ စာအုပ်တွေ သိမ်းရဆည်းရသပေါ့လေ။ တစ်လ တစ်လ ဘိုင်ကျရင် ဖတ်ဖို့ဝယ်တဲ့စာအုပ်၊ အဟောင်းဆိုင်က ဝယ်တဲ့ စာအုပ်၊ ဟိုစာအုပ်ဒီစာအုပ်နဲ့ စာအုပ်လေးငါးရာ ရှိနေတယ်။ လေးလွန်းတာနဲ့ ဘာတွေလွှင့်ပစ်ရမလဲဆိုပြီး တစ်အုပ်စီ အရေးကြီး မကြီး လိုက်ကြည့်တယ်။ ဝတ္ထုစာအုပ်တွေ့တယ်၊ နိုင်ငံရေးစာအုပ်တွေ့တယ်၊ ကဗျာစာအုပ်တွေ့တယ်၊ Science အကြောင်းတွေ့တယ်၊ ပန်းချီနဲ့ဂီတစာအုပ်တွေ့တယ်၊ လူမှုရေးစာအုပ်တွေ့တယ်၊ အာဖရိကလူရိုင်းတွေအကြောင်း စာအုပ်တွေ့တယ်၊ ဒတ်ချ်စာအုပ်တွေ တွေ့တယ်၊ ပုံနှိပ်လုပ်ငန်းစာအုပ်တွေ တွေ့တယ်၊ ဥပဒေစာအုပ်တွေ့တယ်၊ ဘာသာရေးစာအုပ်တွေ့တယ်၊ Philosophy တွေ့တယ်၊ စိတ်ပညာတွေ့တယ်၊ ကျန်းမာရေး၊ ကလေးမွေးမြူနည်းတွေ့တယ်၊ အို... ပေါက်ကရပဲ။ အဓိပ္ပာယ်ကိုမရှိဘူး။ ဒါတွေကို ပျင်းလို့ဖတ်ခဲ့သလား၊ ဖတ်ခဲ့လို့ ပျင်းသလားမသိဘူး။ မည်မည်ရရလည်း မရှိဘူး။ ခေါင်းထဲမှာ ရောထွေးနေတာပဲ။ ရယ်စရာကောင်းလိုက်ပုံများ အိမ်ဆိုင်တည်နည်းစာအုပ်တောင် သွားတွေ့နေလို့ လွှင့်ပစ်လိုက်ရတယ်။ ဘာဘ ပေါက်ကရလျှောက်ရေးထားတဲ့ စာတိုစာစတွေတော့ "ချေးခြောက်ရေမန္ဒျူးချင်တာနဲ့" ကျောက်မီးသွေးမီးလင်းဖိုထဲ မီးစာကျွေးလိုက်ရတယ်။

အဲဒီလိုပဲ အရက်သောက်တာလည်း ထိုနည်းလည်းကောင်းပေါ့ အရက်သောက်လို့ မူးတဲ့အဆင့်က ကျော်ပြီ။ အန်ဖတ်ထဲက သံပရာသီးကောက်မစုပ်တော့ဘူး။ "ဟော့... အုန်းထွန်း... ငါ့မှာချစ်သူရှိတယ်" ဆိုတာမျိုးပြောတဲ့အဆင့် လွန်ခဲ့ပြီ။ ခုအရက်သောက်ရင် ပျင်းတယ် သူဇာ။ ပျင်းတဲ့အခါ အရက်သောက်တယ်။ ဒါနဲ့ အပျင်းသံသရာလည်ပြန်လေတယ်။ ခု ဘာဘ အရက်သိပ်မသောက်တော့ဘူး။ နေ့လယ်နေ့ခင်း အလုပ်ချိန်မှာ ဖြတ်ထားတယ်။

အဲ... အဲ... ချစ်ပုံတွေ (ပေါပုံတွေ) ဆက်ပါရစေဦး။ သူ့နာမည်က "အေး" တဲ့။ (မင့်အဒေါ်တွေထဲများ အေးနာမည်များ ရှိနေသလား) အမှန်သူ့နာမည်ရင်းက အေးနဲ့အိ အသံရဲ့ကြားသံဆိုတော့ ဗမာပြည်ထောင်စု ပြည်သူပိုင်လုပ်မယ်ဆိုပြီး "အေး" လို့ ဘာဘက ခေါ်တာပဲ။

အိုက ဘာဘတစ်ခါက ပိုးခဲ့တဲ့ မိန်းကလေးတစ်ယောက်ရဲ့ နာမည်နဲ့တူနေလို့။ ပြီးတော့ အေးဆိုတာက ခေါ်ရတာ "သာ" တယ် သူဇာ။ မင်းဘယ်လိုထင်သလဲ၊ ဒီတော့ ဘာဘက သူ့ကို အေးလို့ခေါ်တယ်။ သူက ဘာဘကို ဦးလို့ခေါ်တယ်။ ချစ်စနိုးနဲ့ နာမည်အဖျားဆွတ်ခေါ်တာနဲ့ တူရဲ့... ဘာဘက တယ်စွံပါလားလို့လည်း မထင်လေနဲ့ သူဇာရေ... သူဆိုလိုတာက "ဦးလေး" လို့ ဆိုလိုတာ။

အေးရယ် ဘာဘရယ် ရုပ်ရှင်အတူသွားကြ၊ နှင်းပွင့်တွေ တဖွဲဖွဲထဲ လမ်းလျှောက်ကြ၊ ပန်းခြံထဲက တန်းလျားပေါ်မှာ နေပူစာလှုံကြနဲ့ တစ်နှစ်လောက်ကြာတယ်။ မနှစ်က တစ်နေ့သော ညမှာ ဗြုန်းခနဲ စိတ်ကူးရပြီး သူ့ဆီကို ဖုန်းဆက်တယ်။ သူက စိုးရိမ်တကြီးနဲ့ ဘာလဲတဲ့။ ဒီတော့ ဘာဘက ပြောတယ်... "အေး... မင်းကို ငါချစ်တယ်၊ ငါ့ကို လက်ထပ်ပါ" လို့။ ဒီတော့ သူက ကြင်ကြင်နာနာပဲ ပြန်ဖြေပါတယ်။ "U, You are foolish" တဲ့။ တကယ်ဆိုတော့လည်း ဟုတ်ပေတာပဲ သူဇာ။ ဘာဘဟာ မိုက်မဲလှတယ်။ ခုသေသေချာချာ အနုလုံပဋိလုံ ပြန်စဉ်းစားတော့ သူ့ကို ဘာဘ ချစ်တာမဟုတ်ဘူး။ သူကလည်း ဘာဘကို မချစ်ပါဘူး။ တစ်ခုပဲရှိရဲ့ ဘာဘက ပျင်းတယ်။ ဒီလိုနှင်းထဲလျှောက်နေရတာ၊ စကားလက်ဆုံကျနေရတာ ဘာဘက ပျင်းလာတယ်။ ဒါကြောင့် အေးကို ယူရရင်တော့ အပျင်းပြေမလားလို့ တွေးမိတာပဲ။

စောစောက ဘာဘ ပြောတဲ့အတိုင်း သူက ကြင်ကြင်နာနာနဲ့ ဖြေရှာတော့ ဘာဘက အော် ငါ့အပေါ် ကြင်နာပါလား။ ကရုဏာမေတ္တာတော် အနန္တကြီးပါကလားဆိုတဲ့စိတ်နဲ့ တယ်လီဖုန်းကို အကြာကြီးကိုင်ထားမိတယ်။ ဒီတော့ သူက မေးတယ်။

"What is wrong with you, U?" တဲ့။

"I am terribly bored, Aye" (သေချင် ပက်ကျိ ပျင်းလို့) လို့ ဖြေမိတယ်။ ဒီတော့ သူက ပြောတယ်။ "ဒါဖြင့် ရုပ်ရှင်ကြည့်ပေါ့ရှင့်"... တဲ့။ ယင်းကာလမှသည် ပစ္စုပ္ပန်ပွန်မျက်မှောက်ခေတ်အထိ ဘာဘ

တစ်ယောက် ရုပ်ရှင်တစ်ရုံပြီးတစ်ရုံ အားတိုင်းကြည့်လေသတည်း။

ရယ်စရာမကောင်းလား သူဇာ။ ငါ့မြေးက ဒါတွေ ဘာမှနား မလည်သေးတော့ ပိုရယ်စရာကောင်းမှာပဲ။ ဘဘနှယ် ပေါပဲ ပေါနိုင် သေးတယ်လို့ မထင်ဘူးလား။ မတတ်နိုင်ဘူး ကလေးရယ်။ ဒါပေမဲ့ မင့်အဖေလည်း မင်းပြန်မေးကြည့်ပါဦး။ ဘဘထက် သားတစ်လကြီးပြီး ပိုများ ပေါခဲ့ဖူးသလားလို့။

ခုအချိန်မှာတော့ ကျေးဇူးတော်ရှင် အေးက ဖုန်းခဏခဏဆက် ရှာတယ်။ ပြီးတော့ ပျင်းသေးသလားလို့လည်း မေးရှာတယ်။ သို့သော် ဘဘဆိုတဲ့ သူကောင့်သားအဖို့က ပျင်းတယ်ဆိုတဲ့ ဝေါဟာရဟာ အရက် သောက်ချင်တယ်၊ စာဖတ်ချင်တယ်၊ မိန်းမလိုချင်တယ်ဆိုတဲ့ ဝေါဟာရ တွေနဲ့ ထပ်တူထပ်မျှဖြစ်နေတော့ ပျင်းတယ် အေးရေ့ဆိုရင် မင်းကို ငါကြိုက်တယ်လို့ ဝိတ္ထာရပြုသလို ဖြစ်နေမှာစိုးတော့ တုဏှိဘာဝေ ဆိတ်ဆိတ်နေလိုက်ရတယ်။ အဲဒီအခါ အေးက ဒီအပတ် ဘယ်ရုပ်ရှင် ကောင်းလေရဲ့။ ဘယ်လောက်ရှည်လေရဲ့၊ ဇာတ်လမ်းက ရယ်စရာပဲ၊ ဆွေးစရာပဲ စသည် ဝေဝေဆာဆာ နတ်လမ်းညွှန်ရှာပါတယ်။ ဘဘ ပျင်းသေးလား၊ မပျင်းသေးလား သူမသိရှာဘူး။ ဒါ့အပြင် သူမသိရှာတာ က သူပြောသမျှ ရုပ်ရှင်တွေကို သူ့အဆုံးအမအတိုင်း အစောကြီးကတည်း က ဘဘ ကုန်စင်အောင် ကြည့်ပြီးပြီဆိုတဲ့ အချက်ပေပဲ။

ခုတော့ အေးလည်း မရှိရှာတော့ပါဘူး။ (သေတာမဟုတ်ပါဘူး ဟ။ ဒီကောင်နာမလေးက ဘာဖြစ်လို့ နောက်လှည့်ကြည့်ရတာလဲ၊ ငါ့မြေး ဆိုပြီး အေးက သရဲခြောက်မှာမို့လား...) အေးမရှိရှာတာက ဘဘရဲ့ လောကနဲ့ ဟော်လန်မှာပါ။ လွန်ခဲ့တဲ့ လများ မကြာမီက သူနဲ့စေ့စပ်ထား သူ အင်ဒိုနီးရှားက ရောက်လာတယ်။ အေးက မိတ်ဆက်ပေးလို့ သိရ တယ်။ အလွန်ကောင်းသူပေပဲ။ ဘဘအပေါ်လည်း ကောင်းရှာပါတယ်။ "ခင်ဗျားနေရတာ အမ်စတာဒမ်မှာ တစ်ယောက်တည်းဆိုတော့ ပျင်းမှာ ပေါ့။ အေးကပြောတယ်။ ဟိုတုန်းကတော့ ခင်ဗျားက ပျင်းတယ် ပျင်း တယ်နဲ့ ညည်းသတဲ့။ ခုကော ပျင်းသေးသလား" တဲ့။ ဘဘက စာပေ

ဗိမာန်က လာသူပီပီ သုခမိန်လေသံ၊ သုခမိန်အသုံးအနှုန်းနဲ့ မရှင်းမလင်း ပြန်ပြောလိုက်ရတယ်။ "ဟုတ်ကဲ့ဗျာ၊ ဟိုတုန်းကတော့ ပျင်းတာနဲ့ ပျင်းတာပါ၊ ခုတော့ ရုပ်ရှင်များများကြည့်တတ်လာလို့ သိပ်မပျင်းတော့ပါဘူး" လို့။ ကိုယ်တို့သုံးယောက်စလုံး ရယ်ကြတယ်။ အတွေးညီကြ မညီကြတော့ မသိဘူးလေ။ သူတို့ ဒီနှစ်ထဲ ပြန်ကြမယ်။ ပြန်ကြပလားတောင် မသိ၊ အင်ဒိုနီးရှားရောက်ရင် လက်ထပ်တော့မယ်။ ဒါကြောင့် ဘဘ ဗမာပြည် အပြန်မှာ အင်ဒိုနီးရှား လှည့်ဝင်ပြီး အခိုက်သင့်ရင် သူတို့မင်္ဂလာပွဲတက်မလား စိတ်ကူးနေတယ်။

ကဲ... သူဇာ... ဤတွင်ရွေ့ ပြီးလေသတည်းပဲ။ ဒီမှာ တစ်ခန်းရပ် တစ်ဇာတ်သိမ်းမို့ နောက်ထပ် ဇာတ်မဟာကြီး မျှော်ပါပေ့။ နောက်ဇာတ်ကျရင်တော့ ခုလိုကောင်းသတင်းမလွှင့်ခင်ကတည်းက ငါ့မြေးကို စာရေးလိုက်မယ်။ ပေါသမျှ လောကက သိနေတဲ့နောက် ကိုယ်ကဦးအောင် ပြည်ရွာမှာ ကြေညာတော့မယ်ဟေ့...။

ခုလည်း ရုပ်ရှင်ကြည့်ဖက် ဒတ်ချ် မရွှေချောတွေ ရှိပါရဲ့။ ရုပ်ရှင်ကလည်း ကောင်းလည်းကောင်း၊ စောစောလည်းကြည့်ရလို့ မပျင်းသလောက် ဖြစ်နေပါပြီ။

ပျင်းရင်လည်း သေကြည့်စရာပဲ ရှိတော့တယ် ထင်တယ် သူဇာ။ သို့သော် ဘဘမှာ ခုဖြစ်နေပုံက ယောင်ခြောက်ဆယ်ပဲ။ ဘာလုပ်လို့ လုပ်ရမှန်းလဲ မသိဘူး။ ဘာလုပ်ရမှန်းမသိတာထက် လက်ရှိလုပ်နေတာကို မလုပ်ချင်တာ ခက်နေတယ်။ အူကြောင်ကြောင်ပဲ၊ ဒါကြောင့် ဗမာပြည် အမြန်ဆုံး ပြန်လာပြီး လွတ်နေရတာ ကောင်းမလိုလို သဘောရတယ်။ ဟော်လန်မှ လုံးဝနေချင်စိတ် မရှိဘူး။ မင်းအဖေပြောသလို ဘဘ ဒီမှာ နောက်ထပ် နှစ်နှစ်ဆက်မနေပါဘူး။ ခုတစ်နှစ်တောင် ဆက်မနေချင်လို့ စာချုပ်မချုပ်ဘူး။ စာပေဗိမာန်ကလည်း တစ်နှစ်နေဖို့ ခွင့်ပေးထားတယ်။ တစ်နှစ်မစေ့ခင် ပြန်လာရင် စကားများရဦးမယ် ထင်တယ်။ တယ်လည်း ဂရုမစိုက်ပါဘူး။ ငါ့မြေးသူဇာတို့ ညီအစ်ကိုမောင်နှမတွေကို ထိန်းကျောင်းပေးရင် မင့်အဖေအမေတွေက ဘဘကို ထမင်းတစ်လုတ်တော့ ကျွေး

ထားကောင်းပါရဲ့။

အခု ဒီမှာ တစ်လကို ပေါင် ၅၀ လောက်ရတယ်။ အမှန်ရရမှာက ၆၁ ပေါင်ပဲ။ အကောက်လွတ်လေ။ ဒါပေမဲ့ ကံဆိုးချင်တော့ ဒီဇင်ဘာတုန်းက တစ်လ ၆၁ ပေါင်နဲ့ အကောက်လွတ် ပြောဆိုပြီးမှ ခုနှစ်ဆန်းမှာ premium ဆိုပြီး သက်ကြီးခွန်ကောက်ဖို့ ပါလီမန်က ဆုံးဖြတ်လိုက်တော့ တစ်လ ၁၁ ပေါင်လောက် လျှော့သွားပြန်တယ်။ ဒီအကောက်ကိုလွတ်အောင်တော့ ကုမ္ပဏီက မပေးနိုင်တော့ဘူး။ သဘောက ဒီလို... ဥပမာ လူတစ်ယောက် တစ်လ ၁၀၀ ရရင် အကောက်က ၅၀ ကောက်တယ် ဆိုပါတော့။ ဒီတော့ လက်ထဲမှာ အသားတင် ၅၀ ပဲကျန်မယ်။ အဲ... အသားတင် ၁၀၀ ရအောင်ဆိုရင် (ဆိုပါတော့) သူ့ဝင်ငွေမှာ ၂၅၀ ဖြစ်မယ်။ တစ်ခါ အကောက်အပြင် သက်ကြီးခွန်က ၂၅ ကျပ်ဆိုပါတော့ သူ့ဝင်ငွေဟာ အသားတင် ၁၀၀ မရှိပြန်ဘူး။ ၇၅ ပဲ ရှိတော့မယ်။ ဒါကို အသားတင် ၁၀၀ ရအောင်ဆိုရင် မူရင်း ဝင်ငွေဟာ ၃၅၀ လောက်ဖြစ်သွားမယ်။ လခများလေ အကောက်နှုန်းတိုးလေကိုး။

ဒီလိုပဲ ဘဘအသားတင် ၆၁ ပေါင်ရအောင် ကုမ္ပဏီက ဘဘကို အခြေခံလခ ပေါင် ၉၀ ကျော်ပေးရတယ်။ ခု သက်ကြီးခွန်ကာမိအောင် ဆိုရင် ပေါင် ၁၀၀ ကျော်ပေးရမယ်။ ဗမာပြည်မှာ ၁၃ ပေါင်နဲ့ဆို ပေါင် ၁၂၀ လောက်ဖြစ်သွားမယ်။ ခုတောင်မှ ပေါင် ၁၀၀ ကျော် ပေးထားရတာဆိုတော့ မတတ်နိုင်တော့ဘူးတဲ့။

လခအနေနဲ့တော့ ကျေနပ်စရာရှိပါတယ်။ ဒါ့ပြင် တစ်နှစ်မှာ bonus နဲ့ လက်ဆောင်နှစ်ခါရတယ်။ စုစုပေါင်း ပေါင် ၆၀ လောက်ရှိတယ်။ ဘဘ ဒီမှာဆက်နေချင်ရင် နှစ်နှစ်အနည်းဆုံး နေလို့ရသေးတယ်။ ဒါပေမဲ့ ဘဘ ဟော်လန်မှာ မနေချင်တော့ဘူး။

ဒါကြောင့် ဒီနှစ်ထဲမှာ ဗမာပြည်ပြန်ရင် ပြန်၊ မပြန်ရင် ဥရောပ တခြားနိုင်ငံတစ်ခုခုကို ပြောင်းသွားမယ် စိတ်ကူးတာပဲ။ ခက်တာတစ်ခုက ပြန်စရိတ်ပဲ။ ငွေက နည်းတဲ့ငွေမဟုတ်တော့ စားသွားဖို့ မခက်ပေမဲ့ ပြန်စရိတ်တော့ စုမိနိုင်ဖို့ ခဲယဉ်းတယ်။ ဥပမာ ဂျာမနီဖြစ်ဖြစ်၊ ဆွီဒင်

ဒိန်းမတ်တို့ဖြစ်ဖြစ် သွားပြီး ပန်းကန်ဆေးရင် သို့မဟုတ် လူသေရုံမှာ လူသေဆေးရင် စားနိုင်သောက်နိုင်တော့ ရနိုင်တယ်။ လည်ရပတ်ရတာ အမြတ်ပေါ့။ ခုနေတော့ မသိသေးပါဘူးကွာ။ နွေလောက်မှပဲ ဆုံးဖြတ်ရမှာပဲ။ ပြန်ရမလား၊ လည်ရမလားလို့။ ဘာပဲဖြစ်ဖြစ် ခုနေတော့ ဟော်လန်က ခွာလို့ရအောင်ပဲ ကြိုးစားနေရတယ်။ ကုမ္ပဏီကိုလည်း ဒီလဆန်းက ပြောလိုက်ပြီ၊ တစ်နှစ်မနေနိုင်တော့ဘူးလို့၊ ကုမ္ပဏီကလည်း လူသစ်ခေါ်ရမလား။ လူသစ်ခေါ်ရင် ငွေသိပ်ကုန်မယ်။ အလုပ်ကလည်း လက်စမသတ်သေးဘူး။ ဒီတော့ စာပေဗိမာန်ကို ဘာဘ ဒီမှာဆက်နေအောင် တိုက်တွန်းပေးဖို့ ပြောလိမ့်မယ် ထင်တယ်။

ဒါထက် ဘာဘ အိမ်ခန်းပြောင်းပြန်ပြီ သူဇာရေ့။ မကောင်းဘူး... မကောင်းဘူး။ သူများပြောစရာ ဖြစ်နေပြီ။ ဘုန်းကြီးတောင် သုံးကျောင်းပြောင်းရင် သားပုပ်လေလွင့် ပြောသေးတာ၊ ဘုန်းကြီးလောက် အကျင့်သိက္ခာရှိတာဆိုရင် ဘိုင်ကျလို့၊ အရက်ဖိုး၊ ရုပ်ရှင်ဖိုး၊ စာအုပ်ဖိုးများသွားလို့ ငွေပြတ်တဲ့လကုန်ပိုင်း ညစာမစားဘဲ နေတာမှတစ်ပါး အခြားအကျင့်မကောင်းတဲ့ ဘာဘအဖို့ အခန်းလေးခန်း ပြောင်းပြီးပြီဆိုတော့ ဘယ်ပြောကောင်းတော့မလဲ။ နောက်ဆုံးနေခဲ့တဲ့အခန်းက အလွန်ကောင်းပါတယ်။ တစ်လ ၂၀၀ ကျော်ပေးရတယ်။ ရေချိုးခန်းတောင် ပါတယ်။ ဟော်လန်လိုနေရာမျိုးမှာ ရေချိုးခန်းတောင် ပါတယ်ဆိုတာ အတော်ဟုတ်တာပဲ။ သို့သော် တစ်လတစ်ခါ ရေချိုးတဲ့ ဘာဘအဖို့တော့ အပိုမို့ တစ်ခါချိုးတစ်မတ်နဲ့ ရေလာချိုးမလားဆိုပြီးတောင် ဒတ်ချ်အမျိုးသမီးတချို့ကို ဈေးခေါ်သေးတယ်။ outside money ပေါ့လေ။ ဒါပေမဲ့ အဲဒီအခန်းက အလုပ်နဲ့ ဝေးသကွယ်။ ဓာတ်ရထားစီးရင် မြန်ရင် ၁၅ မိနစ်၊ နှေးရင် တစ်နာရီခွဲလောက် စီးရတယ်။ စိတ်ညစ်စရာပဲ၊ အထူးသဖြင့် ဆောင်းတွင်းဆိုရင် ဒုက္ခပဲ။

အခုအခန်းကတော့ ရုံးနဲ့ လေးမိနစ်လောက် လမ်းလျှောက်ရင် ရောက်တယ်။ ဟိုတယ်အစုတ်ကလေးဆိုတော့ လွတ်လွတ်လပ်လပ်တော့ ရှိတယ်။ အသိမိတ်ဆွေလည်း လာအိပ်နိုင်တယ်။ (ကျောင်းသားတို့၊

အလုပ်လုပ်ဖက် ကိုအောင်စိန်တို့ပေါ့လေ) ပြီးတော့ တစ်ခါတစ်ခါလည်း ချက်ပြုတ်စားနိုင်တယ်။ (မနံရင်) ဒီတော့ လဆန်းကတည်းက ထမင်းကြော်ဘူး၊ ခေါက်ဆွဲကြော်ဘူး၊ ငရုတ်ဆီ၊ မန်ကျည်းသီးကြော်ဘူးတို့ တစ်ပတ်စာလောက်ဝယ်ပြီး သိမ်းထားလိုက်တယ်။ လကုန်ခါနီး တစ်ပတ်မှာ ငွေပြတ်တာနဲ့ တစ်ပြိုင်နက် အိမ်ပြင်မထွက်တော့ဘဲ မဖတ်ရသေးတဲ့ စာအုပ်ရှိရင် ဖတ်၊ မရှိရင် British Council Library က ငှားပြီး အိမ်ခန်းအောင်းရတာပဲ။

အဲ... ဒီအိမ်မှာတစ်ခုဆိုးတာက မီးလင်းဖိုမရှိဘူး။ ရေနံဆီမီးဖိုကလေးပဲ ရှိတယ်။ ဒီတော့ အေးရင် ဒါနဲ့ပဲ မီးလှုံရတယ်။ ခက်တာကအနံ့က တယ်ဆိုးတာကို၊ ကံကောင်းချင်တော့ ခုအချိန်အထိ ရေလုံးဝမခဲသေးဘူး။ ရေခဲရင်လည်း ဒုက္ခပဲ။ ဘဘ အိမ်ရှေ့မှာက တူးမြောင်းကြီးရှိနေတာ၊ နှင်းလည်း တစ်နေ့ကမှ စကျတယ်။ ဒါပေမဲ့ လေးငါးနာရီလောက်ပါပဲ။ လမ်းပေါ် တစ်မိုက်လောက်ပဲ ဖုံးတယ်။

ဒီနှစ် သိပ်အံ့ဩစရာကောင်းနေတယ် သူဇာ။ ဒီတစ်ဆောင်းလုံးအဖို့ ခရစ္စမတ်တုန်းက ဘဘ တောင်ပိုင်း ကျွန်းကလေးတစ်ခုပေါ်သွားပြီး စာဖတ်နေတယ်။ အဲဒီတုန်းက နှင်းတစ်ခါကျတာ တွေ့လိုက်တယ်။ ဒါတောင်ပိုင်းမှာတင်ပဲ။ အမ်စတာဒမ်မှာဆိုရင် မနေ့ကအကြိမ်ဟာ ပထမအကြိမ်ပဲ။ မနှစ်ကလိုသာဆိုရင် ဒုက္ခပဲ။ မနှစ်က ဒီအချိန်ဆို မခံနိုင်အောင်အေးလှပြီ။ သုညဒီဂရီအောက် ၂၄–၂၅ အထိ ကျတယ်။ ခု သုညဒီဂရီပတ်လည်မှာပဲ ရှိသေးတယ်။

မနေ့တုန်းက ညနေနှင်းတဖွေးဖွေးကို ကြည့်ပြီး မင်းတို့ကိုသတိရမိတယ်။ နှင်းဖတ်ကလေးတွေ တူးမြောင်းရေပေါ်ကျတော့ ရေဂယက်ပိုင်းကလေးတွေ ထတာကြည့်ပြီး ကြို့ပင်ကောက် ပြည်လမ်း အိမ်ပေါ်ထပ်ကနေ မိုးရွာချိန် ကန်ညီနောင်ကို ကြည့်ရတာ သွားသတိရတယ်။ ကန်ညီနောင်ကနေ တစ်ခါ ကန်စောင်းနေရီရီမှာ ခမောက်တွေပိုက်သွားတဲ့ ရှမ်းမလေး သွားသတိရတယ်။

မကြာပါဘူး။ ဒါတွေ ပျောက်ကုန်တာပဲ။ လူတွေ လမ်းခွဲကြရ

တော့တယ်။ ဘဝလမ်းပေါ်ရောက်ကုန်ပြီ။ ဟိုတုန်းက ခင်တာ အငွေ့ အသက်ကျန်ချင်ကျန်မယ်၊ အစိုင်အခဲလိုက် ကျန်ချင်ကျန်မယ်၊ စိတ်ကူးယဉ်တာတော့ မရှိဘူး။

အချိန်... အချိန်... အချိန်တွေ သူဇာ၊ အချိန်တွေ။ ကုန်လွန်ခဲ့တဲ့အချိန်၊ ပြောင်းလဲခဲ့တဲ့အချိန်၊ မမှတ်မိတော့တဲ့အချိန်တွေ၊ အကုန်ရီဝေနေပြီ။

အဲ... သပိတ်လှန်တော့ ကျောင်းပြန်၊ သမဂ္ဂလုပ်၊ စာမေးပွဲဖြေ။ သာယာဝတီမှာ စာမေးပွဲဖြေတော့ မော်တော်ဆိုင်ကယ်မှောက်တာ မှတ်မိသေးလား။ အိမ်အောက်မှာ မော်တော်ဆိုင်ကယ်အဟောင်းကြီး ရှိတယ်။ ဒါကြီးကို ဟိုစမ်းဒီစမ်းနဲ့ နိုးရော၊ ဒါနဲ့ ဘဘက လျှောက်စီးမလို့ ဆွဲထုတ်တယ်။ အဲဒီတုန်းက တစ်အိမ်တည်း တည်းတဲ့ အောင်ကျော်စိန်က နောက်ကအတင်းလိုက်ပြီး နောက်ဘက်ကလမ်းကို အတင်းမောင်းခိုင်းတယ်။ ကောင်မလေးတွေရှိလို့ဆို ထင်ပါရဲ့။ အပြန်ကျ ရေစိုနေတဲ့လမ်းမှာ ကွေ့တာ ရွံ့နဲ့လျှောပြီး လဲပါလေရော။ ညနေရေချိုးသွားတော့ အောင်ကျော်စိန်က ရေပုံးကို လက်တစ်ဖက်တည်းနဲ့ မ,ပြီး လောင်းတာ မနိုင်တာနဲ့ လက်ဆစ်လွဲသွားတယ်။ ဒါကို မော်တော်ဆိုင်ကယ်မှောက်လို့ လက်ကျိုးတယ်ဆိုပြီး ကောလာဟလဖြစ်ပါလေရော။

စာမေးပွဲကံကောင်းတော့ အောင်ပြီး ကျောင်းရောက်၊ အလုပ်လုပ်၊ အရက်သောက်တတ်၊ လွတ်တတ်၊ နောက် ဟော်လန်ရောက်၊ နှင်းတောထဲလျှောက်၊ နေပူစာလှုံ... အေး... အေး... အေး... အောင်မာ အေးလှချည်းမှတ်တယ်၊ တွေးကောင်းကောင်းနဲ့ တွေးနေလိုက်တာ အခန်းထဲ မီးမှမဖိုမိဘဲကိုး။

ကဲ... ငါ့မြေးသူဇာရေ၊ အဲဒီလို ဘဘ စိတ်ကူးနဲ့လွမ်းနေတုန်းမင်းတို့ဆီက ဒီနေ့စာရတာပဲ။ ဒါကြောင့် ဘဘပြောတာ၊ စိတ်ရဲ့အလျင် (အယဉ်) ဟာ ထင်ဟပ်တတ်တယ်လို့။

စာလည်း အတော်ရှည်သွားပြီ၊ ရောက်တတ်ရာရာပဲ၊ လက်ရေးက ဖတ်လို့ရပါ့မလား မသိ။ ငါ့မြေး ကကြီး ခခွေးတော့ ဖတ်တတ်ပြီ

မဟုတ်လား။ ဘဘလည်း ညောင်းပြီ၊ ရှုံးကပြန်ကတည်းက ထိုင်စာရေး တာ၊ ဆာလည်း ဆာလာပြီ၊ ရပ်ရှင်လည်း သွားရဦးမယ်။ ဘဘသူငယ် ချင်းတွေ အိမ်လာရင် သတိရကြောင်း ပြောလိုက်ပါ။

ဘဘ

## ပေးစာအမှတ်(၂)

၂၀-၇-၇၀

**မိသူ မိဆွေ**

မကျူရှင်ကလေးတို့ အလုပ်သိပ်များနေသလား။ သမီးတို့ကို ကြည့်ပြီး ဘဘ စိတ်မောတယ်။ သမီးတို့ပင်ပန်းလွန်းလှတယ်။ စာပိလှတယ်။ ဒါပေမဲ့ ဘဘ ကျေနပ်တယ်။ သမီးတွေ စာကျက်ချင်စိတ်လည်း မရှိ၊ စာတတ်ချင်စိတ်လည်း မရှိ၊ စာသင်ချင်စိတ်လည်း မရှိဖြစ်နေတာထက် အဆကုဋေကုဋာကောင်းတယ်။ ဘဘသမီးတွေ နလပိန်းတုံး အချောအလှကလေးတွေ သက်သက်ဖြစ်နေမှာကို ဘဘ အစိုးရိမ်ဆုံးပဲ။ ခုတော့ သမီးတို့က အားကြိုးမာန်တက် စာသင်စာကျက် စာဖတ်တာဖြစ်တော့ သိပ်ဝမ်းသာရတယ်။

ကျူရှင်ကိစ္စ ဘဘပြောနေတာက ကျူရှင်ယူသင့် မယူသင့်လည်း မဟုတ်ဘူး၊ ကျူရှင်ကောင်းကောင်းလည်း မဟုတ်ဘူး၊ ဘဘ ပြောနေတာက သမီးတွေ ပင်ပန်းလွန်းတာကြည့်ပြီး ကရုဏာဒေါသောနဲ့ ပြောနေရတာပါ။ ဘဘသဘောကတော့ သမီးတို့စာတတ်ပေတတ်ပညာတတ်တွေ ဖြစ်လာစေချင်တာ၊ အဲဒီလိုဖြစ်လာအောင် စာသင်လို့များတော့ သင်ချင်သလိုသင်၊ ဘဘက ထောက်ခံမှာချည်းပဲ။

သမီးတို့သိမလား မသိဘူး။ အင်္ဂလိပ်စကားရှိတယ်။ dumb &

blonde ဆိုတဲ့စကားပဲ။ အဓိပ္ပာယ်ကတော့ ပလက်တီနမ် ဆံပင်ဖြူဖြူ ဖွေးဖွေးနဲ့ ကြွေရုပ်ကလေးလို့တော့ လှပါရဲ့။ ဦးနှောက်မရှိလို့ ခွေးအ, လှည်းနင်းသလို အဖျင်းတကာ့ထိပ်သီးမကလေးလို့ ဆိုလိုတာပဲ။ နလပိန်းတုံးမိန်းမချောကလေးဆိုပါတော့။ ဘဘသမီးတွေကို အဲဒီလို DB ကလေးတွေ မဖြစ်စေချင်ဘူး။ ဒါကြောင့် ကြိုးစားကြ၊ ကျူရှင်တက်ကြ၊ နေထိုင်မကောင်းသာ မဖြစ်ကြစေနဲ့။ စာတော်အောင် စာတတ်အောင်လုပ်ကြလို့ ဘဘ တပ်လှန့်လိုက်ပါရစေ။

တစ်ခုထပ်ပြောချင်တယ်။ သမီးတွေ စာတော့တတ်ပါရဲ့၊ တော်ပါရဲ့၊ ပညာမာနကလေးနဲ့ ကြွပ်ဆတ်ဆတ် မောက်မာမာကလေးတွေလည်း မဖြစ်စေချင်ဘူး။ အင်္ဂလိပ်လို brainy and sweet ဆိုတဲ့စကားအတိုင်း ဉာဏ်လည်းရှိ ချိုသာလည်း ချိုသာစေချင်တယ်။ မိသူကြီးကတော့ သင်စရာလိုမယ်မထင်ဘူး။ ဒီကောင်ကြီးက သဘောကောင်း မနော ကောင်း အချိုအပြုံးသမား၊ သမီးလေးကတော့ ခေါင်းမာတဲ့လူ၊ မာနကြီးတဲ့လူဆိုတော့ သတိပေးရရင်ကောင်းမလားလို့ ဘဘ စဉ်းစားမိတယ်။

ဘဘ သမီးလေးက ဘဘလိုပဲ ဘာသိဘာသာနဲ့ မှန်တာလုပ်ချင်တတ်မှန်း သိပါတယ်။ အဲဒီစိတ်ကို တန်ဖိုးလည်း ထားပါတယ်။ ချီးလည်းချီးကျူးပါတယ်။ သဘောလည်း ကျပါတယ်။ ဒါပေမဲ့ ချိုပြုံးတာ၊ ယဉ်ကျေးတာ၊ သိမ်မွေ့တာ၊ နူးညံ့တာ၊ ပျော့ပြောင်းတာ၊ ကြည်သာတာ၊ ရွှင်ပျတာ၊ ပြုံးမြတာကလည်း လူ့ဂုဏ်သိက္ခာ၊ လူ့ဝတ္တရား၊ လူ့တန်ဖိုးတစ်ရပ်ဆိုတာ မမေ့သင့်ဘူးလို့ ဘဘ ထင်တယ်။ ဒါကို သမီးလေးလည်း သိပါတယ်။ ဒါပေမဲ့ တစ်ခါတစ်ခါတော့ မေ့နေတတ်တယ်လို့ ဘဘ ထင်လို့ သတိပေးတာပါ။ သမီးလေးအမြဲသတိရနေသားပဲ၊ မလုပ်ချင်လို့ မလုပ်တာဆိုရင်လည်း ဘဘကို ခွင့်လွှတ်ပါ။

သမီးလေး မေ့တာလည်း ဖြစ်နိုင်တယ်။ တမင်မေ့ထားတာလည်း ဖြစ်နိုင်တယ်။ ဘဘ သတိထားမိတာကို ပြောမယ်။ ဒီတစ်ခေါက် ဘဘ ရန်ကုန်ရောက်တုန်းက သမီးတို့မနက်တိုင်းကျောင်းသွားချိန်မှာ တစ်ရက် ဘဘကို နှုတ်ဆက်တယ်။ 'ဘဘသွားမယ်' လို့။ ဟော နောက်တစ်ရက်

ကျတော့ ဘာမှမပြောပြန်ဘူး။

ဘာဘတို့ငယ်ငယ်တုန်းကဆိုရင် ဘယ်သွားသွား၊ လုပ်ရိုးလုပ်စဉ် ကျောင်းသွားတာပဲဖြစ်ဖြစ်၊ 'ကျွန်တော်သွားတော့မယ်' လို့ ပြောရတယ်။ အဲဒီအလေ့အကျင့်ကကောင်းတယ်လို့ ထင်တယ်။ တစ်မျိုးစဉ်းစားရင်တော့ သွားနေမှပဲသွားတော့မယ်ပြောနေရင် ပိုနေတာပေါ့။ ဒါပေမဲ့ လူကြီးတွေကို လေးစားရာ ချစ်ခင်ရာရောက်တယ်လို့ ဘာဘ ထင်တယ်။ ဒီတော့ ကျောင်းတက်ချိန်မှာ မေမေ့ကို သွားတော့မယ်နော်လို့ ပြောသင့်တယ်။ ကျောင်းရောက်လို့ ကားပေါ်ကဆင်းရင် ဖေဖေ့ကို သွားတော့မယ်နော်လို့ ပြောသင့်တယ် ထင်တယ်။ ဒီလိုလုပ်ရတာဟာ သမီးတို့အဖို့ အပိုအလုပ်လို ဖြစ်နေချင်ဖြစ်မယ်။ ဘာမှဝန်မလေးတဲ့ကိစ္စကလေးဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ လူကြီးတွေရင်ထဲမှာ အေးသွားတယ်။ ငါ့သမီးတွေဘာလုပ်လုပ် ငါတို့ကို အသိပေးလုပ်တတ်ပါလားဆိုတဲ့ ယုံကြည် စိတ်ချတဲ့စိတ်ဟာ လူကြီးမိဘတွေရဲ့စိတ်ကို ငြိမ်းချမ်းစေတယ်။ ဘာဘပြောတာ သမီးတို့နားလည်လိမ့်မယ်လို့ ထင်ပါတယ်။ သိပ်ပြီး ဝန်မလေးရင် အဲဒီအကျင့်ကလေးကို လုပ်ပါ။ ဖေဖေတို့ မေမေတို့ (တစ်ခါတလေ ရန်ကုန်ရောက်တဲ့) ဘာဘတို့အတွက် ဆုလာဘ်ကြီးလို ဖြစ်ပါလိမ့်မယ်။ သမီးလေးလိမ္မာတယ်၊ လိမ္မာချင်တဲ့စိတ်ရှိတယ်လို့ ဘာဘ ယုံပါတယ်။

ဘာဘ စာရေးတိုင်း 'ပညာပေး' နေတယ်ဆိုပြီး မဖတ်ဘဲတော့ မနေပါနဲ့။ သမီးတို့ကို ဆရာလုပ်ရတာလည်း ဘာဘ အားနာပါတယ်။ သမီးတို့လိမ္မာသည်ထက် လိမ္မာ၊ စဉ်းစားဉာဏ်ကြီးသည်ထက်ကြီး၊ လူမှုရေးကျေပွန်သည်ထက်ကျေပွန်စေချင်လို့ အပိုထည့်ရေးရေးနေရတာပါ။ အထူးသဖြင့် သမီးလေးသူများ အိမ်မှာ လိမ်လိမ်မာမာကလေးနေတတ်အောင် ရေးနေရတာပါ။ ဘာဘအယူအဆတွေ ခေတ်မမီရင်ခွင့်လွှတ်ပါ။

သမီးတို့နှစ်ယောက်ကို ဒီလိုရေးမိအောင် ဖန်တီးလာတဲ့အကြောင်းကလည်း ရထားပေါ်မှာ ကလေးမကလေး နှစ်ယောက်ကို တွေ့ခဲ့လို့ပဲ။ အဲဒီကလေးမကလေး နှစ်ယောက်ဟာ ရန်ကုန်က မန္တလေးကို လိုက်လာကြတာ "သူတို့ နှစ်ယောက်တည်းရယ်။ လမ်းရောက်လို့ မှောင်လည်း

လာရော၊ သူတို့ပြတင်းပေါက်ကပိတ်လို့မရဘူး။ ဘဘက တစ်ဖက်ခန်းက ဆရာကြီးရွှေဥဒေါင်းကတော်[၁] တို့ လူသိုက်နဲ့စကြိမှာ မတ်တတ်ရပ် စကားပြောနေတယ်။ အဲဒီတုန်းကလေးမကလေးတွေက ဘဘကို အကူ အညီတောင်းတယ်။ "အန်ကယ်ကြီး၊ ကျွန်တော်တို့အခန်းက ပြတင်း ပေါက်ပိတ်လို့ မရလို့၊ ပိတ်ပေးစမ်းပါ" တဲ့။ ဘဘကလည်း ကူညီပိတ်ပေး ပါတယ်။ ဒါပေမဲ့ ပြတင်းပေါက်က လုံးဝပိတ်လို့ မရဘူး။ ဘယ်လိုမှ ပိတ်မရတော့ "မရဘူး သမီးတို့ရေ၊ အလင်းရောင်ဝင်ရင်လည်း အဝတ် ကာအိပ်ပေတော့" လို့ ပြောလိုက်တယ်။ သူတို့က ကျေးဇူးတင်ပါတယ်လို့ ပြောတယ်။

ဘဘကလည်း သမီးတို့နဲ့ ခွဲလာခါစမို့ နှုတ်ကျိုးနေပြီး သူတို့ကို သမီးတို့ရေလို့ ပြောမိတယ်။ သူတို့က တမင်ပြောတယ်လည်း မထင်ဘူး၊ အံ့လည်း မအံ့ဩဘူး။ ချိုချိုပြုံးပြုံး ရွှင်ရွှင်ကြည်ကြည် ယဉ်ယဉ်ကျေးကျေး ရဲရဲရင့်ရင့် ဖျတ်ဖျတ်လတ်လတ် ပွင့်ပွင့်လင်းလင်းပဲ။ ဘဘ သိပ်ချီးမွမ်း လိုက်မိတယ်။

ဘဘသမီးတွေလည်း အဲဒီလိုပဲ ရဲရဲရင့်ရင့်ဖျတ်ဖျတ် လတ်လတ် ချိုချိုပြုံးပြုံးအမြဲနေတတ်စေချင်တဲ့ စိတ်ဆန္ဒပေါ်လာတယ်။ ဒါနဲ့ စောစော တုန်းကရေးခဲ့သလို 'ပညာပေး' မိတာပါ။

ရထားပေါ်မှာ ကြုံခဲ့တဲ့အဖြစ်ကလေးတွေ ပြောပါရစေဦး။

ဆရာကြီးကတော်နဲ့ မိန်းမ နှစ်ယောက်ပါလာတယ်။ ပဲခူးဘူတာ ရောက်တော့ သူတို့စားဖို့ တစ်ခုခုဝယ်မလို့ ဘဘ ကြည့်တယ်။ ကြက်ဥ ပြုတ်ပဲတွေ့တယ်။ ဒါနဲ့တစ်ကျပ်ဖိုးသုံးလုံးနဲ့ လေးကျပ်ဖိုးဝယ်လိုက်တယ်။ ခါတိုင်းတော့ ပဲခူးဘူတာမှာ ကြက်သားကြော်တို့၊ ချိုးကြော်တို့ ဝယ်လို့ ရတယ်။ ဒီတစ်ခါတော့ မတွေ့ဘူး။ ဒါနဲ့ရှေ့ ဘူတာကျရင်ရမှာပဲ။ ရတော့ မှ ဝယ်မယ်။ အသားကြော်ရော ကြက်ဥပြုတ်ရော အားလုံးဝယ်ပြီးရမှ သူတို့စားဖို့ပေးမယ်လို့ စိတ်ကူးထားတယ်။ ဒါပေမဲ့ ရှေ့တစ်ဘူတာမှာ

---

၁။ ဆရာကြီးရွှေဥဒေါင်းကတော် = ဒေါ်ကြီးစိုး

လည်း အသားကြော်ဝယ်လို့မရဘူး၊ နောက်တစ်ဘူတာမှာလည်း ဝယ်လို့ မရဘူး။ ဒါပေမဲ့ ထမင်းစားချိန်စောသေးလို့ ရှေ့ဘူတာကျရင်တော့ ရကောင်းရဲ့ဆိုပြီး မှန်းနေမိတယ်။

အဲဒီလိုနေတုန်း ဗြုန်းဆို သူတို့က ထမင်းစားလာခေါ်တယ်။ ရော... ခက်ကပြီ။ သူတို့ကျွေးတာလည်း မစားချင်ဘူး။ တကယ်တော့ ဘဘကလည်း ညစာမစားသလောက်မို့ မစားချင်ဘူး။ ဒါနဲ့ နေပါစေ၊ ကျွန်တော် ညစာမစားတတ်ပါဘူးလို့ ငြင်းလိုက်ရတယ်။ ဒီတော့ သူတို့က ဟင် ဘာပြုလို့ ညစာမစားတာလဲ ဗိုက်နာလို့လား၊ ဘာလားပေါ့လေ စပ်စုတာပေါ့။ ဘဘက မဟုတ်ပါဘူး။ ကျွန်တော် တစ်နေ့ ထမင်း တစ်ထပ်စားနေတာ လေးငါးခုနစ်နှစ်ရှိနေပြီ။ တစ်ခါတလေမှ တစ်နေ့ နှစ်ထပ်စားပါတယ်လို့ ဖြေရတာပေါ့။ သူတို့ကတော့ ကြက်ဥပြုတ် ပုံကြီး ကြည့်လိုက် ဘဘကြည့်လိုက်နဲ့။ မယုံသလို ယုံသလို ခေါင်းတညိတ်ညိတ် ဖြစ်နေတာပေါ့။

သမီးလေးစဉ်းစားကြည့်စမ်း၊ ဘဘ ဘယ်လောက် အနေကြပ် လိုက်သလဲ၊ "ဒီမယ် အဒေါ်လေး၊ ခင်ဗျားဒီကြက်ဥတွေကို မျက်စောင်းထိုး မနေနဲ့။ ကျုပ်ဒါတွေ စားဖို့ဝယ်ထားတာ မဟုတ်ဘူး။ ခင်ဗျားတို့စားဖို့ ဝယ်ထားတာ၊ ကြက်ဥတွင် မဟုတ်ဘူး။ ကြက်သားကြော်ထပ်ဝယ်ဖို့ စောင့် နေတုန်း ခင်ဗျားတို့ရောက်လာတာ" လို့ ပြောချင်လိုက်တာ ပါးစပ်ယားနေ တာပဲ။ ဒါပေမဲ့ ဘဘ ဘာမှမပြောလိုက်ဘူး။

သမီးလေး ဒီလိုအဖြစ်မျိုးကြုံရင် ဟောဟောဒိုင်းဒိုင်းပြောပစ် လိုက်မှာပဲ ထင်တယ်။ ဒါပေမဲ့ လူ့ဘဝမှာ ဒါမျိုးတွေ သိပ်ကြုံတတ်ဆုံ တတ်တယ်။ စေတနာဟာ ဝေဒနာဖြစ်ရတာမျိုးတွေ၊ အကောင်းဟာ အဆိုးဖြစ်ရတာမျိုးတွေ၊ အမှန်ဟာ အမှားဖြစ်ရတာမျိုးတွေ၊ ဖွင့်ပြောလို့ မကောင်းတာတွေ ခဏခဏကြုံရတတ်ဆုံရတတ်တယ်။

အဲဒီလိုအခါမျိုးမှာ ဟောဟောဒိုင်းဒိုင်း ဖွင့်ပြောရင် ပိုဆိုးတတ် တယ်။ ပိုကြောင်တတ်တယ်၊ ဒီတော့ "ဟုတ်ကဲ့ခင်ဗျာ။ ခင်ဗျားတို့ ထင်ချင်သလို ထင်ပေတော့၊ ဒါတွေ ခင်ဗျားတို့ဖို့ပါ" ဆိုရင်လည်း လော

ကွတ်လုပ်ရာ၊ ကိုယ့်ကိုယ်ကိုယ် ဖုံးရာဖိရာရောက်မှာမို့ ငြိမ်နေလိုက်ရတယ်။

သမီးလေး မှတ်ထား။ လောကမှာ အဲဒါမျိုးကြုံလာရင် အတည်ငြိမ်ဆုံး၊ သိက္ခာအရှိဆုံးနဲ့ ပြုမူတတ်ရတယ်။ အင်္ဂလိပ်လူမျိုးကတော့ ဒါမျိုးဆို တယ်တတ်ကြတယ်။ သူတို့စကားနဲ့ဆိုရင် decorum လို့ခေါ်တယ်။ ဗမာလိုဆိုရင် ကာယိန္ဒြေ (ကာယ+အိန္ဒြေ) လို့ခေါ်ရမယ်ထင်တယ်။ ကိုယ်၏စောင့်စည်းခြင်း၊ နှုတ်၏စောင့်စည်းခြင်း စိတ်၏စောင့်စည်းခြင်း ပေါ့လေ။ ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့လို့ ခေါ်ရမလား မသိဘူး။ ပြောစမှတ်ကလေးတစ်ခုရှိတယ်။ အင်္ဂလိပ်လူမျိုးတစ်ယောက် ဘူတာရုံရထားအဆင်းမှာ လှေကားပေါ်က ချော်ကျပြီး ဖင်ထိုင်တရွတ်တိုက်လျှောကျသွားတယ်။ ဒါပေမဲ့ ဟန်မပျက်ဘူး။ နေ့တိုင်းဖင်တရွတ်တိုက် ဆင်းနေသလိုပဲ ခပ်မဆိတ် ဣန္ဒြေမပျက်ဘူးတဲ့။ ဘဘလည်း ဒီအတိုင်းပဲ၊ ညစာမစားဘူး ပြောပြီး နေ့တိုင်းကြက်ဥတွေ တပုံကြီးရှေ့မှာ ထားတတ်သလို၊ ကြက်ဥဆိုတာ မကုန်နိုင်မခန်းနိုင်ဝယ်ပြီး ရှေ့မှာပုံထားစရာလို ခပ်တည်တည်ပဲ ခပ်မဆိတ်နေလိုက်ရတယ်။ မတတ်နိုင်ဘူးပေါ့ သမီးလေးရယ်။ လောကမှာ ဒီလိုပဲ ဘာမှမပြောဘဲ ကြိတ်မှိတ်မြိုင့်ခံနေလိုက်ရတာမျိုးတွေ အများကြီးရှိတာကလား။

နောက်ဖြစ်ပုံကလေးတစ်ခု ပြောရဦးမယ်။ ဘဘက အဘွားကြီးတွေ အဘွားကလေးတွေကို စောင့်ထိန်းခေါ်သွားရတာဆိုတော့ ညရေးညတာ သတိထားရတာပေါ့။ ဘူတာဆိုက်တိုင်း လန့်နိုးတယ်။ မန္တလေးနားနီးလာတော့ ဘဘက နိုးနေပြီ။ ဘဘ အခန်းပြတင်းပေါက်က သူတို့ပြတင်းပေါက်အလင်းရောင်ကို လှမ်းကြည့်လိုက်တော့ လင်းနေတာတွေ့ရတယ်။ သြော်နိုးနေကြပြီလို့ ဘဘစိတ်မှာ ထင်နေတာပေါ့။ လားလား... မန္တလေးဘူတာကြီးရောက်မှ သူတို့က သိုးနေအောင် အိပ်နေတုန်းဆိုတာ သိရတော့တယ်။ နှိုးလိုက်ရတဲ့ဖြစ်ချင်း...

ရထားပေါ် အတွေ့အကြုံကတော့ ဒါပါပဲ၊ သမီးတို့ ကျောင်းပိတ်ရက် ဘာလုပ်ကြသလဲ စာကျက်သလား၊ ဆွေမျိုးတွေလာလို့ ဝက်သား

ဟင်းချက်စားသလား၊ ရုပ်ရှင်ကြည့်သလား၊ ဥပုသ်စောင့်သလား (မေးသာ မေးရတယ် သိပ်တော့မထင်ပါဘူး) ဘုရားဖူးသွားသလား၊ ဝါဆိုပန်းခူး သလား၊ ဒါမှမဟုတ် ဘမျိုးဘိုးတူ အိပ်ကြသလား။

ဘဘတော့ ပြန်လာလာချင်း ပုံနေတဲ့ အလုပ်ကိစ္စတွေ မနက် ၈ နာရီကတည်းက ည ၂ နာရီအထိ ထိုင်ရှင်းလိုက်တယ်။ ခေါင်းကိုနောက် သွားတာပဲ။ နောက်တစ်နေ့တော့ ခရီးထွက်ပစ်လိုက်တယ်၊ မရောက် ဘူးတဲ့နေရာတွေ ရောက်သွားလို့ ပျော်သွားတယ်။ အရက်သောက်လို့ ပျော်တာ မဟုတ်ဘူးနော်၊ ဘဘအရက်လည်း သိပ်မသောက်တော့ပါဘူး။

အဲ… ရန်ကုန်ရောက်တုန်းပဲ မိတ်ဆွေတွေက ခေါ်လွန်းလို့ တိုက် တွန်းလို့ သောက်မိတယ်။ အရက်တော့ သောက်ချင်တယ်။ ဒါပေမဲ့ ငယ်ငယ်တုန်းကလို အလွန်အကျွံမကြိုက်တော့ဘူး၊ အမြဲမသောက်ချင် တော့ဘူး၊ အမူးအလဲ မသောက်ချင်တော့ဘူး၊ နည်းနည်းမှန်မှန်ပဲ သောက် ချင်တော့တယ်။ မှန်မှန်ဆိုတာလည်း နေ့တိုင်းမဟုတ်တော့ပါဘူး။

ရန်ကုန်ရောက်တုန်း အရက်သောက်ပြီး မူးမိတော့ သမီးတို့ကို အားနာတယ်။ ဘဘ သမီးတွေကလည်း ကလေးမဟုတ်တော့ဘူး၊ အရက် မူးသမားကိုမြင်ရင် ရွံရမှန်း၊ မုန်းရမှန်း၊ အော့နလုံးနာရမှန်း သိချင်သိတတ် နေရော့မယ်။ ဒါမှမဟုတ် အရက်သမားနဲ့ ဘဘတော်ရတာ ရှက်တတ် ကောင်း ရှက်တတ်နေရော့မယ်။ ဘဘကလည်း သမီးတွေရှေ့မှာ အရက် သောက်တောင် မမူးမိစေချင်ပါဘူး၊ အာလေးလျှာလေးစကား မပြောမိ ချင်ပါဘူး၊ အာလေးလျှာလေးစကားမပြောမိချင်ပါဘူး၊ အားနာတယ်။ ဒါပေမဲ့ မတတ်နိုင်ဘူး။ အပေါင်းအသင်းဖျက်တော့လည်း တစ်ခါတလေ ပျက်မိတာပဲ။ ဘဘကတော့ လိမ္မာချင်ပါတယ်။ သမီးတို့ ခွင့်လွှတ်ပါ။

ဘဘခရီးအကြောင်း ဆက်ပြောရဦးမယ်။ မူလက ပုဂံကို တစ်ည အိပ်သွားမလို့ စိတ်ကူးထားတာ။ သုတေသနဂျာနယ်ထဲမှာ ကွယ်လွန်သူ ဗိုလ်မှူးဘရှင်ရေးတဲ့ ဆောင်းပါးဖတ်ရတော့ ပုဂံနဲ့ပတ်သက်ပြီး အချက် အလက်သစ်တွေ ထပ်ပြီး ဖတ်ရတယ်။ ဒါနဲ့ ၁၀ နှစ်ကျော်ကရောက်ဖူးခဲ့ တဲ့ ပုဂံကို နောက်ထပ်တစ်ခါသွားချင်စိတ်ပေါက်မိတယ်။ ဒါပေမဲ့ အဆင်

မသင့်တာနဲ့ မသွားဖြစ်ခဲ့ဘူး။

ဒါနဲ့ ဝါဆိုလပြည့်နေ့မှာ မုံရွာကို သွားတယ်။ စိတ်ကူးကတော့ မုံရွာ ပထမသွား၊ မုံရွာကနေ ရေဦးသွား၊ ရေဦးကနေ ရွှေဘိုသွား၊ ရွှေဘိုကနေ မန္တလေးပြန်၊ မိုင် ၃၀၀ ကျော်တစ်ပတ် ခရီးပေါ့။ ဒါပေမဲ့ ရေဦး၊ ရွှေဘိုလမ်းက မကောင်းဘူး။ မူးမြစ်ကို လှေနဲ့ ကူးရမယ်။ မော်တော်ကားကိုလည်း လှေ နှစ်စင်းနဲ့ တင်သွားရမယ်ဆိုတာနဲ့ မသွားဖြစ်တော့ဘူး။

မုံရွာက သူငယ်ချင်းဆရာတစ်ယောက်က ချင်းတွင်းမြစ်တစ်ဖက်ကမ်းကူးပြီး ဖိုးဝင်းတောင်သွားဖို့ ပြောတယ်။ ဒါနဲ့ မော်တော်ကားကို ချင်းတွင်းမြစ်ဖြတ်ကျော်ပြီး တစ်ဖက်ကမ်းကူးတယ်။ ချင်းတွင်းမြစ်က ရန်ကုန်မြစ်ထက် ကျယ်တယ်။ သမ္ဗန်ကြီး နှစ်စင်းပေါ်မှာ ဖွဲ့ထားတဲ့ ဖောင်ပေါ်မှာ မော်တော်ကားတင်ပြီး မော်တော်နဲ့ဆွဲတယ်။ နာရီဝက်လောက်ကြာတယ်။ မနေ့တစ်နေ့ကပဲ ဖောင်ကြီးနစ်သွားလို့ ကားတစ်စင်းဆုံးရပြီ။ ဒီတော့ ဘဘလည်း ရင်ထဲမှာ တထိတ်ထိတ်ပေါ့။ ဒါပေမဲ့ ဘုရားသိကြားမလို့ တစ်ဖက်ကမ်းကို ချောချောမောမောပဲ ရောက်သွားတယ်။

တစ်ဖက်ကမ်းရောက်တော့ လမ်းသိပ်ကောင်းတာပဲ။ ဖိုးဝင်းတောင်ကို ၁၄ မိုင်ဝေးတယ်။ တောင်တက်လမ်းကတော့ ကြမ်းတာပေါ့။ ဖိုးဝင်းတောင်က ကျိုက်ထီးရိုးလိုပဲ။ ဒါပေမဲ့ မော်တော်ကားနဲ့ တောင်ပေါ်အရောက်သွားလို့ရတယ်။ ကျောက်တောင်တွေမှာ ဂူတွေထွင်း၊ ဘုရားတွေထုထားတာပါပဲ။ ရွှေဘတောင်ဆိုတာလည်း အနီးကလေးမှာပဲ ရှိတယ်။ အဲဒီတောင်ကတော့ ချိုင့်ထဲမှာ ကျောက်တွေကို ထွင်းထုထားတာ၊ တချို့နေရာဆိုရင် ပေ ငါးဆယ်လောက်နက်တယ်။ မျောက်တွေလည်း ပေါတယ်။ မိတူးကို သတိရတယ်။ သမီးကြီး သမီးလေးတို့ကိုလည်း သတိရတယ်။

သမီးတို့ကို သတိရတာ မျောက်ကလေးတွေလို ဆော့တတ်သူတွေမို့ သတိရတာ မဟုတ်ပါဘူး။ ဒီလောက်သာယာ၊ ဒီလောက်ပျော်စရာကောင်းတဲ့ ရှုခင်းကို သမီးတွေလည်း မြင်စေချင်တယ်။ သမီးတွေလည်း

ပျော်စေချင်တယ်။ ကြည်နူးစေချင်တယ်။

ဆော့တယ်ဆိုလို့ စကားစပ်မိစပ်ရာပြောပါရစေဦး။ တစ်ခါတစ်ခါ ဘာဘာ စဉ်းစားမိတယ်။ သမီးတို့တစ်ကောင်လောက် သားတစ်ကောင်ဖြစ်နေရင် ဘယ်လောက်ကောင်းမလဲလို့၊ ယောကျ်ားလေးဆိုရင် လမ်းသရဲဖြစ်ကာမှဖြစ်ရော၊ သိပ်ကောင်းမှာပဲ၊ အဖော်ရမှာပဲ၊ တိုင်ပင်ဖော်တိုင်ပင်ဖက်ရမှာပဲလို့။

သမီးတို့ မမွေးခင်က ဘာဘာမှာ ချစ်တဲ့သားတွေရှိတယ်။ ဆရာကိုသိန်းမောင်[၁] သားတွေလေ။ ခုဒီကောင်တွေ ကြီးကုန်ပြီ။ သုံးကောင်စလုံး မိန်းမရကုန်ကြပြီ။ အကြီးဆုံးကောင်ဆိုရင် ဘာဘာလိုပဲ အယ်ဒီတာတောင်ဖြစ်နေပြီ။ အရက်လည်း အတူသောက်နေပြီ။ ဒီကောင်တွေ မိန်းမခိုး လာတော့လည်း ဘာဘာဆီရောက်လာတာပဲ။ သူ့အဖေထက် ဘာဘာကို ပိုခင်တယ်၊ ပိုယုံတယ်။

သမီးမိန်းကလေးက လိမ္မာရေးခြားရှိတတ်ပါရဲ့၊ ကြင်နာထောက်ထားမှုရှိပါရဲ့။ ဒါပေမဲ့ ကိုသိန်းမောင် သမီးမိစန်းဆိုရင် အခုဆရာဝန်တောင်ဖြစ်နေပြီ။ ဘာဘာကို ခင်ပါရဲ့၊ ဒါပေမဲ့ အဖော်မရဘူး။ တစ်ခုပဲရှိတယ်၊ ဘာဘာသမီးကြီးကတော့ အရက်သောက်ဖို့ အဖော်စပ်လို့ ရမယ့်ကောင်ကြီးထင်ရဲ့။

ဆက်ရေးရဦးမယ်၊ ဖိုးဝင်းတောင်ကနေပြီး ရွာသာယာဆိုတဲ့ ရွာကလေးကို ဘာဘာတို့ဆက်သွားကြတယ်။ သမီးတို့လည်း ကြားဖူးမှာပေါ့။ အဲဒီရွာမှာ ၁၉၆၄ ခုနှစ်တုန်းက အဝီစိတွင်းတူးတယ်။ အရင်က အလွန်ရေရှားတဲ့ရွာ၊ ခြောက်ခန်းတဲ့ရွာ၊ ရေလည်း တူးလိုက်ရော၊ ရေထွက်ရုံမဟုတ်ဘူး၊ ရေပန်းထွက်တယ်။ တကယ့်အံ့စရာပဲ၊ ဗမာပြည်မှာ အဲဒီတစ်နေရာပဲ ရေပန်းထွက်တဲ့နေရာရှိတယ်။ ရွာပတ်ဝန်းကျင် သုံးလေးမိုင်ပတ်လည်မှာ အဝီစိတွင်းတွေ တူးတယ်။ တွင်းတိုင်းပန်းထွက်တာပဲ။ ဘယ်လောက်များ ရေပန်းသလဲဆိုရင် တချို့ရေတိုင်တွေဟာ ၁၀ ပေလောက်

---

၁။ ဆရာကိုသိန်းမောင် = စာရေးဆရာထင်လင်း (ယခုကွယ်လွန်)

အထိ မြင့်တယ်။ ရေပန်းတွေ ပတ်လည်မှာ မြေကြီးတွေဖို့လိုက်တော့ ကန်ကြီးတွေဖြစ်သွားတယ်။ အဲဒီကန်ကြီးတွေကနေပြီး ရေဖြန့်ပေးတယ်။ ရွာထဲမှာလည်း အိမ်ပေါက်စေ့ရေရောက်အောက်မြောင်းတွေ သွယ်ဖောက်လိုက်တယ်။

အဲဒီသတင်းကို သတင်းစာတွေမှာ ၊ ရှေ့သို့ဂျာနယ်မှာ ဖတ်ရတုန်းက ဘဘဖြင့် ဝမ်းသာလွန်းလို့ မျက်ရည်များတောင် လည်ရှာတယ်ဆိုတာလို ရင်ထဲမှာ ဆို့သွားမိတယ်။

ဝမ်းမသာဘဲ နေမလား သမီးရယ်၊ အဲဒီနယ်က ရေအလွန်ရှားတာ၊ ဘာမှစိုက်လို့ပျိုးလို့ မရဘူး၊ တစ်နယ်လုံးခြောက်သယောင်းပြီး ထင်းခုတ်စားနေခဲ့ရတာ၊ ဟောခုတော့ ဘုရားပေးတဲ့ ရေလို့ဆိုရမလား မသိဘူး၊ ရေထွက်ရုံမဟုတ်ဘူး၊ ပန်းကိုထွက်နေပြီ။ အဝီစိတွင်းရေဆိုတာ တူးရုံနဲ့ ရေထွက်ရုံနဲ့ မပြီးဘူး။ ရေကိုစုပ်ရသေးတယ်၊ ဒီတော့ လျှပ်စစ်အား၊ ရေစုပ်စက်အားလို သေးတယ်။ သူတို့ဆီမှာတော့ ရေကပန်းထွက်နေတာဆိုတော့ လျှပ်စစ်အား၊ စက်အားတောင် မလိုတော့ဘူး။ ဘဝတစ်ခုလုံးကို ပြောင်းသွားတော့မှာကိုး၊ ဒီတော့ သူတို့ဘဝအတွက် ဘဘ ဝမ်းသာမိတာပဲ။

ဟော အခုအဲဒီရွာကို ရောက်ပြီ၊ ထူးဆန်းတဲ့ရေပန်းကြီးတွေကို မြင်ရပြီ။ ရေတိုင်သွားပြီးရေကို ကိုင်ကြည့်ပြီ၊ ကြည်လိုက်သန့်လိုက်တဲ့ ရေဆိုတာ မပြောပါနဲ့တော့။

ဘဘတို့ မုံရွာပြန်ရောက်တော့ ညနေ ၆ နာရီထိုးပြီ၊ ချင်းတွင်းမြစ်ကြီးကလည်း သာယာလိုက်တာ၊ တောင်တွေက ဟိုမှာဒီမှာ မြင်နေရတယ်၊ နေကလည်း ဝင်တော့မယ်၊ အချိန်မရှိတာနဲ့ ချက်ချင်းပဲ ပြန်ခဲ့တယ်။ မုံရွာကို အတော်လွန်လာတော့ နေဝင်ပြီ။ တိမ်တွေပဲ တောက်နေတော့တယ်။ ကားခဏရပ်ပြီး ပတ်ဝန်းကျင်ကို ဆင်းကြည့်တယ်။ လှလိုက်တာ သမီးရယ်။ တိမ်တွေက ရောင်စုံဆင်လို့၊ ပတ်ဝန်းကျင်တစ်ခုလုံးကလည်း စိမ်းလန်းစိုပြည်လို့၊ ယာတောတွေကလည်း ကွက်တိကွက်ကြားညို့ညို့မှိုင်း လို့၊ သမီးတို့ကတော့ ရဲစိုးဖတ်တဲ့ လူတွေ၊ ကြူမွှေးဖတ်တဲ့

လူတွေဆိုတော့ ဒီလိုရှုခင်းကို ဖွဲ့နွဲ့တဲ့စာတွေ ဖတ်ဖူးမှာမဟုတ်ဘူး။

ဘဘကလည်း စာရေးဆရာမဟုတ်တော့ ရေးမပြတတ်ဘူး။ ဒါပေမဲ့ သဘာဝရဲ့အလှ၊ ပတ်ဝန်းကျင်ရဲ့အလှ၊ လောကရဲ့အလှကို သမီးတို့အရသာခံတတ်၊ ချစ်တတ်မြတ်နိုးတတ်စေချင်တယ်၊ ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ ပန်းပင်တွေ၊ သစ်ပင်တွေ၊ ရှုခင်းတွေကို ချစ်မြတ်နိုးတတ်တာ လူ့ဘဝကိုပိုပြီး နားလည်စေနိုင်တယ်။

ဘဘတို့ မန္တလေးပြန်ရောက်တော့ ည ၁၀ နာရီထိုးပြီ။

နောက်တစ်နေ့ကျတော့ မန္တလေးက မိုင် ၂၀ ကျော်ဝေးတဲ့ မတ္တရာမြို့ကို သွားကြတယ်။ အိမ်ကနေပြီး ထမင်းအိုး ဟင်းအိုးမီးဖိုပါယူသွားကြတယ်။ မတ္တရာရောက်တော့ ကွမ်းသီးခြံထဲမှာ ထမင်းချက်စားကြတယ်။ သိပ်အေးချမ်းတာပဲ။ ဘေးမှာလည်း စမ်းချောင်းကလေးရှိတယ်။ ရေဆင်းချိုးကြ၊ အိပ်ကြ၊ ထမင်းစားကြပေါ့လေ။ သိပ်ပျော်စရာကောင်းတယ်။

ဒါပဲသမီးတို့ရေ၊ စာလည်းရှည်လှပြီ။ သမီးတို့လည်း ပျင်းတာနဲ့ ဖတ်ပါ့မလား မသိ။ ဘဘတော့ စာရေးရတာ အပျင်းပြေသွားပြီ။ သမီးတို့ ပျင်းရင်လည်း ဘဘဆီအပျင်းပြေစာရေးပါဦး။

သမီးတို့ကို သတိရတယ်၊ မတူးကိုလည်း သတိရကြောင်းပြောပြပါ။

*ဝင်းတင်*

*၂၀/၇*

## ပေးစာအမှတ်(၃)

၂-၁၀-၇၀

**သမီးကြီးနဲ့သမီးလေး**

သမီးတို့ပေးလိုက်ငဲ့စာရတယ်။ ဖတ်လို့ကောင်းလိုက်တာ။ စာရေးတာ အဲဒီလိုရေးမှပေါ့။ ဘဘမျက်စိထဲမှာ လျှောင်လှုပ်တာ မြင်လာတယ်။ ဆရာကြီးမျက်နှာမဲ့နေတာမြင်လာတယ်။ သမီးတွေ ကြောက်နေတာမြင်လာတယ်။ မိဆွေတောင် ကြောက်တယ်ဆိုတော့ မိသူကြီး ဘယ်လောက်ကြောက်ရှာမလဲလို့ ဘဘ တွေးမိတယ်။

လျှောင်တွေ လှုပ်နေတဲ့ကြားက မိဆွေက အိပ်ပျော်သွားတယ်၊ မိသူက ဆန္ဒင်းမကင်းဖုတ်စားတယ်ဆိုတာတွေ ကြားရတော့ ရယ်မိသေးတယ်။ မိဆွေကလည်း အုန်းထွန်း သမီးတစ်ပိုင်းဖြစ်နေပြီ။ အအိပ်တော့ အားကိုးနေရပြီ။ မိသူကြီးကတော့ အစားမပျက်တာ မအံ့သြပါဘူး။ ဖျားနေတာတောင် အစားမပျက်တာ လျှောင်လှုပ်တာလောက်တော့ ဗိုက်တောင် ချောင်သေးတယ်လို့ ပြောမှာပေါ့။

သမီးတို့ရေးထားတဲ့ စာတွေက ကြာပါကော။ ဒီနေ့မှ ရတယ်။ ဘဘ ဖုန်းဆက်တိုင်း စာရေးပြီးပြီ။ မထည့်ရသေးဘူးဆိုတာချည်း ကြားရတာပဲ။ ဒါနဲ့ ဖုန်းခဏခဏဆက်နေတာ။ ဟိုခွေးကောင် ပျောင်းကို စာထည့်ခိုင်းလို့ ဘယ်ရမလဲ သမီးတို့ရဲ့။ ရေးပြီးရင် တစ်ယောက်ယောက်ထည့်

ခိုင်း။ ဒါမှ မြန်မြန်ရောက်မယ်။ အဲဒီခွေးကောင်က အိပ်နေရရင် ပြီးတဲ့ကောင်။ အင်းစိန်ရောက်နေတုန်းကလည်း ငါ့သမီးခင်သူဇာဆီက စာကလေးဖတ်ရရင်ကောင်းမှာပဲလို့ တွေးမိပုံမပေါ်ဘူး။ အိပ်နေရရင် ကျေနပ်နေမယ့်ကောင်စားမျိုး။ သူ့သမီးဆွေဆွေဆီက စာသူဖတ်ချင်မှာပေါ့လို့ ဘဘကို ကိုယ်ချင်းစာတတ်မယ့်ကောင်မျိုးလည်း ဟုတ်မထင်ပါဘူး။

ဒါပေမဲ့ သူပျင်းတာပဲ ကျေးဇူးတင်ရဦးမလိုပဲ။ ဘာပြုလို့လည်းဆိုတော့ သမီးတို့စာတွေက ဘဘတို့ သတင်းစာနှစ်ပတ်လည်တဲ့နေ့မှာ ထည့်လိုက်ပြီး နောက်တစ်နေ့ရောက်လာလို့၊ ဘဘ ခေါင်းရှုပ်ပြီး စိတ်ပန်းလူပန်းဖြစ်နေတုန်းရောက်လာလို့ပါပဲ။ ဒါနဲ့ သူ့ကို ခွင့်လွှတ်လိုက်ရပြန်တယ်။

စိတ်ပန်းလူပန်းဖြစ်ဆို သတင်းစာ နှစ်ပတ်လည်တဲ့နေ့ဆိုတော့ ထုံးစံအတိုင်း အလုပ်ရှုပ်တာပေါ့။ ရေးရသားရ၊ လူတွေတွေ့ရ၊ ပြီးတော့ တယ်လီပရင်တာဆိုတဲ့ အလိုအလျောက် သတင်းပို့စက်စတပ်တဲ့နေ့ဆိုတော့ အလုပ်ရှုပ်တာပေါ့။ ဒါတောင်နှစ်ပတ်လည်နေ့ အခမ်းအနားကို သီတင်းကျွတ်လပြည့်နေ့ကျမှ လုပ်ဖို့ စီစဉ်ထားလို့သက်သာတာ။

တယ်လီပရင်တာဆိုတာက ကြေးနန်းလိုပဲ။ သမီးတို့ကြေးနန်းစာရွက်မြင်ဖူးရဲ့လား။ ဘဘတို့ဆီကို ရန်ကုန်က သတင်းတွေ နေ့တိုင်းပို့ရတယ်။ တစ်နေ့ကို စာလုံးတစ်သောင်းသတင်းအပုဒ် ၅၀ လောက်ရှိတယ်။

အဲဒါတွေကို အရင်တုန်းက တယ်လီဖုန်းနဲ့ ပို့ရတယ်။ အခုတော့ သတင်းတွေကို စက္ကူဖောက်စက်မှာ အပေါက်ကလေးတွေ ဖောက်၊ အဲဒီအပေါက်ဖောက်ထားတဲ့ စာရွက်လိပ်ကို စက်ထဲမှာ ထည့်လိုက်ရင် လက်နှိပ်စက်က အလိုလိုစာလုံးတွေ ရိုက်ပို့တယ်။ သိပ်လည်း မြန်တာပဲ။ အဲဒီလို တဂျိုင်းဂျိုင်းရိုက်ပို့တဲ့ စာလုံးတွေက ဘဘတို့ မန္တလေးတိုက်မှာရှိတဲ့ တယ်လီပရင်တာ စက်မှာလာထင်တယ်။ ထင်ပုံက ဒီမှာရှိတဲ့ လက်နှိပ်စက်ကလည်း အကုန်ကိုရိုက်နေလို့ပဲ။

အဲဒီလို ဟိုနဲ့ဒီ တစ်ပြိုင်တည်း အပြိုင်ရိုက်နေတော့ သတင်းတွေ

ချက်ချင်းရတာပေါ့။ သမီးတို့ မြင်ဖူးချင်ရင် တိုက်ခွဲကိုသွားကြည့်ကြပါလား။ ည ၆ နာရီနဲ့ ၉ နာရီကြားဆိုရင် သတင်းတွေ ပို့နေတာပဲ။

သမီးတို့ သိပ်အရေးကြီးတဲ့ကိစ္စရှိလို့ ဘဘဆီကို ချက်ချင်းပြောချင်ရင် အဲဒီအချိန်အတွင်းမှာ ကိုသိန်းတန်ကို ဖုန်းဆက်လိုက်၊ သူက ချက်ချင်းရိုက်ပို့လိုက်လိမ့်မယ်။ သမီးတို့ သချာတို့ မြန်မာစာတို့မှာ D ရတဲ့သတင်းမျိုးပေါ့ သမီးရယ်။

သမီးကြီး မျက်မှန်ကွဲသွားတာ ကြေးမုံက ကိုသာဘန်း[၁]ဆီ ဖုန်းဆက်ပြီး လုပ်ခိုင်း၊ ဖေဖေ သိတယ်။ မျက်မှန်က ဘာပြုလို့ကွဲရတာလဲ။ ကြောက်ပြီးလက်တွေ တုန်နေလို့လား။ အဲဒါကတော့ မတတ်နိုင်ဘူးပေါ့။ ဒါပေမဲ့ ဘာလုပ်လုပ်ထိတတ်ခိုက်တတ်၊ ကွဲတတ်ရှတတ်ဆိုရင် မကောင်းဘူး။

ပစ္စည်းနှမြောလို့ မဟုတ်ဘူး။ အဲဒီလိုဖြစ်တာကိုက မကောင်းတာ။ သတိထားရမယ် မဟုတ်လား။ အဲဒီအလေ့မျိုးက သူများအိမ် ဧည့်သည် လုပ်ပြီး သွားလည်တုန်း ပန်းကန်ချခွဲတာတို့၊ လူပုံလယ်ခလုတ်တိုက်တာတို့၊ စာမေးပွဲဖြေနေတုန်း ဖောင်တိန်လွတ်ကျတာတို့ ဖြစ်တတ်တယ်။ ဘာလုပ်လုပ် ပိုင်ပိုင်နိုင်နိုင်၊ သပ်သပ်ရပ်ရပ်၊ စေ့စေ့စပ်စပ်၊ ပိပိရိရိ လုပ်ပါ။ မိဆွေလုပ်ပုံတွေကို အတုခိုးပါ။

လက်နဲ့ကိုင်တာတွယ်တာသာ မဟုတ်ဘူး သမီးရဲ့။ ပြောတာဆိုတာ၊ သွားတာလာတာလည်း ဒီအတိုင်းပဲ။ တည်ငြိမ်ရမယ်၊ ညင်သာရမယ်။ ရှင်းလင်းပြတ်သားရမယ်။ အေးဆေးရမယ်။

သွားတာလာတာ ရန်းရန်းရန်းရန်းဆိုရင် ခလုတ်တိုက်လိုက်၊ ချော်လဲလိုက်၊ ရှုံးတိုးရှန့်တန့်ဖြစ်လိုက်၊ ပြေးလိုက်ခုန်လိုက် (ဝင်းဦးလမ်းလျှောက်သလို) ဖြစ်နေမှာပေါ့။ စကားပြောရာမှာလည်း ဒီအတိုင်းပဲ။ ဝရုံးဝရုံးနဲ့ မပြောတာကောင်းတယ်။ စကားလုံးပီသအောင် ပြောရမယ်။ အသံကို သဲသဲကွဲကွဲ ညင်ညင်သာသာ ပြောရမယ်။ ဟစ်ပြီးမရဲယ်ရဘူး၊

---

၁။ ကိုသာဘန်း = ကြေးမုံအယ်ဒီတာနှင့် နောင်ဝါရင့် နိုင်ငံရေးသမား (ကွယ်လွန်)

စကားလု မပြောရဘူး။ သူများမေးတာကို စဉ်းစဉ်းစားစား ပြောရမယ်။ ပြောချင်တော့ ဘိုးသူတော်လို၊ မပြောချင်တော့ ဆြာကြီးလို မလုပ်ရဘူး။

အေးလေ ဒါတွေ ထားပါတော့။ ဘဘက ကိုယ့်သမီးကိုယ် ချီးမွမ်းနေတာ မဟုတ်ပါဘူး။ မိဆွေကို သမီးကြီး အတုခိုးသင့်တယ် ထင်တယ်။

တစ်ဖက်သတ်မကျအောင် သမီးကြီးဆီကလည်း မိဆွေ အတုခိုးဖို့ ကောင်းတာပြောရဦးမယ်။

သမီးလေးက ဘဘ သမီးရယ် မပြောရဘူး၊ ခေါင်းမာတယ်၊ မာနကြီးတယ်၊ စိတ်ဆတ်တယ်၊ ခွင့်မလွှတ်ချင်ဘူး။

တကယ်တော့ ဒါတွေက ကောင်းပါတယ်။ မဆိုးပါဘူး။ ဒါပေမဲ့ သမီးရယ် စိတ်ဆိုတာ နည်းနည်းတော့ လျှော့ရတာပဲ။ ခင်နှင်းယုဝတ္ထုထဲကလို (ဘဘတော့ အသေအချာ မမှတ်မိတော့ပါဘူး) 'လျှော့လိုက်မသိတာ စိတ်ကို နည်းနည်းလျှော့လိုက်" ဆိုတာလိုပေါ့။ အများနဲ့ ပေါင်းသင်းဆက်ဆံရတဲ့အခါ ကိုယ့်စိတ်ကို နည်းနည်းတော့လျှော့ပေးရတာပဲ။ ဒါမှ သူတစ်ပါးလည်း စိတ်ချမ်းသာ၊ ကိုယ်လည်း စိတ်မဆင်းရဲ နှစ်ဦးနှစ်ဖက်ပြေလည်တယ်။

လောကမှာ ဒီလိုပဲ ဒေါသဖြစ်စရာတွေ၊ ငါတကောကောချင်စရာတွေ၊ ခွင့်မလွှတ်ချင်စရာကောင်းတာတွေ အများကြီးပေါ့။ သမီးတို့အသက်ကြီးလာပြီး ပေါင်းရသင်းရ၊ တွေ့ရကြုံရ၊ ဆက်ဆံရတဲ့ လူတွေပိုများလာလေ အဲဒီလို မကျေနပ်စရာတွေ ပိုတွေ့လာရမှာပဲ။

အဲဒီအခါမှာ လူတွေမကောင်းတာ၊ ညစ်ပတ်တာ၊ မရိုးသားတာ၊ မညာတာ တာ၊ မကူညီတာ၊ မစောင့်ရှောက်တာ၊ ကိုယ်ကျိုးကြည့်တာ၊ ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုးလုပ်တာ၊ အမနာပအတင်းပြောတာ၊ ကျေးဇူးမသိတာ၊ မထောက်ထားမစာနာတာ... အိုစုံလို့ပါပဲ။ ဒါတွေ တွေ့လာရမှာပဲ။ အဲဒီအခါမျိုးမှာ ကိုယ်က ခွင့်လွှတ်တတ်တဲ့ စိတ်မွေးနိုင်ရတယ်။ လျစ်လျူရှုနိုင်ရတယ်။ ဥပေက္ခာပြုနိုင်ရတယ်။ လိုက်လျောနိုင်ရတယ်။

ကိုယ်ကကောင်းပေမဲ့ သူက ပြန်မကောင်းတာတွေ ရှိတတ်တယ်။ အဲဒီအခါမှာ မုန်းပစ်လိုက်တယ်၊ အမြင်ကတ်ပစ်လိုက်တယ်။ ဒေါသဖြစ်

ပစ်လိုက်တယ်ဆိုရင် ကိုယ်သာ စိတ်ဆင်းရဲရတာပဲ။

အဲဒါမျိုးတွေကို ခွင့်လွှတ်နိုင်သမျှ လွှတ်လိုက်ရင်၊ ကိုယ်က စိတ်ကောင်းထားနိုင်သမျှ ထားလိုက်ရင် ပြီးသွားတာပဲ။ မေ့မေ့ပျောက်ပျောက်နေလိုက်လို့ ၁၀ နှစ် ၁၅ နှစ်ကြာတဲ့အခါကျတော့ အဲဒီတုန်းက ကြုံခဲ့ရတွေ့ခဲ့ရ၊ ဖြစ်ခဲ့ရ ပျက်ခဲ့ရတာတွေဟာ အလကားပဲ။ ရယ်စရာတောင်ကောင်းသေးတယ်။

အဲဒီကိုယ့်အပေါ် မကောင်းဘူးဆိုတဲ့ လူဟာလည်း တကယ်မကောင်းတဲ့ လူဖြစ်ချင်မှဖြစ်မှာ။ မကောင်းတာလုပ်တယ်ဆိုလည်း သူ့ခများသူ့အကြောင်းနဲ့ သူမကောင်းရတာ ဖြစ်ချင်ဖြစ်နေမှာ။ အဲဒီလိုဟာတွေ သိလာရတော့ ဘာမှစိတ်ဆိုးစရာမရှိတော့ဘူး၊ ဘာမှဒေါသဖြစ်စရာမရှိတော့ဘူး၊ ဖြစ်ဖြစ်ချင်း ဒေါသဖြစ်ရ၊ စိတ်ဆိုးရတဲ့ ကိုယ်ကသာ လွန်တာ၊ မှားတာ၊ ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲတာလို့ မြင်လာတယ်။

အဲဒီတော့ ဘာသိလာသလဲဆိုရင် လူလောကမှာ လူတွေမကောင်းတာလုပ်တတ်တယ်။ ဒါပေမဲ့ သူလည်း လောကီသားပဲ၊ သူလည်း မှားတာပဲ၊ အဲဒီသူ့အမှားကို ကိုယ်ကနောက်ထပ်လိုက်ပြီး မမှားရဘူး၊ ခွင့်လွှတ်စိတ်မွေးရမယ်။ နောင်အချိန်ကြာသွားတော့ အဲဒီအချိန်မှာ အဲဒီလူဟာလူကောင်းဖြစ်နေချင် ဖြစ်နေမယ်။ ဒါမှ မဟုတ် အဲဒီအချိန်မှာ ကိုယ်ကခွင့်လွှတ်ချင်ခွင့်လွှတ်နိုင်နေမယ်။ ဒီတော့ အကောင်းဆုံးက စောစောကတည်းက ကိုယ်က ခွင့်လွှတ်စိတ်မွေးနိုင်ရမယ်။

ဒါဟာ ပထမအချက်၊ သမီးလေး သေသေချာချာ ဖတ်ရဲ့လား။

ဒုတိယအချက်က လူချင်းဆက်ဆံတဲ့နေရာမှာသာ မာန်လျှော့၊ ခွင့်လွှတ်ရပေမဲ့ အလုပ်လုပ်တဲ့နေရာ၊ စာကြိုးစားတဲ့နေရာမှာ မာန်တင်းရမယ်၊ အလျှော့မပေးရဘူး။ အလုပ်တစ်ခုမလုပ်ရသေးဘူး၊ အားလျှော့တာအရင်၊ ဖြစ်မှာမဟုတ်ပါဘူးဆိုတာအရင်၊ အရေးမကြီးပါဘူးဆိုတာအရင်ဆိုရင် ဟန်မကျဘူး။ ဖြစ်အောင်လုပ်ရမယ်၊ ကြိုးစားရမယ်၊ ခွဲမလျှော့ရဘူး။

သမီးအင်္ဂလိပ်စကားတစ်ခုကြားဖူးသလား မသိဘူး၊ Sweet

Smell of Success ဆိုတာလေ။ ချိုမွှေးသော အောင်မြင်ခြင်းလို့ ဗမာလို လွယ်လွယ်ဘာသာပြန်လိုက်ပေါ့။ အောင်မြင်တာ အရသာရှိတယ်။ ကောင်းတယ်၊ ပျော်တယ်၊ ကျေနပ်တယ်။

တစ်ခုပဲရှိတယ်၊ အောင်မြင်မှုရအောင် မတရားနည်းကို အခြေမခံရဘူး၊ ဖြတ်လမ်းနည်းကို မလိုက်ရဘူး၊ ကြိုးစားပြီးအားထုတ်ပြီးရတဲ့ အောင်မြင်မှုဖြစ်ရမယ်။

ဘာဖြစ်လို့လဲဆိုတော့ အောင်မြင်မှုဆိုတာ အထွတ်အထိပ်မဟုတ်လို့၊ အဆုံးစွန်မဟုတ်လို့ပဲ။

သမီးလေး နားလည်အောင် ရှင်းပြရရင် ဥပမာ ငါးတန်းစာမေးပွဲ ဆိုပါတော့။ စာမေးပွဲအောင်တာဟာ အောင်မြင်မှုပဲ။ ဒါပေမဲ့ ငါးတန်းနဲ့ မဆုံးသေးဘူး၊ ရှစ်တန်းရှိသေးတယ်။ ၁၀ တန်းရှိသေးတယ်။ နောက်ထပ် အတန်းတွေလည်း ရှိသေးတယ်။ ဒီတော့ အောင်မြင်မှုဆိုတာ တစ်ခုတည်းနဲ့ ပြီးဆုံးတာ မဟုတ်ဘူး။ အောင်မြင်မှုတစ်ခုဟာ နောက်ထပ်အောင်မြင်မှုအတွက် အခြေခံပဲ။

ဒီတော့ အောင်မြင်မှုတစ်ခုကို ဆေးမြီးတိုနဲ့၊ ဘုရားကူနဲ့၊ ဖြတ်လမ်းနဲ့ မရှာရဘူး၊ ခိုင်မာတဲ့ အောင်မြင်မှုဖြစ်အောင် လုပ်ရမယ်။ ကြိုးစားအားထုတ်ပြီး ရအောင်လုပ်တဲ့ အောင်မြင်မှုဖြစ်ရမယ်။ ဒါမှ နောက်ထပ်ရမယ့် အောင်မြင်မှုတွေအတွက် အခြေခိုင်မယ်။

ပြီးတော့ အောင်မြင်မှုတစ်စုံတစ်ခုဟာ အထွတ်အထိပ် မဟုတ်ဘူး၊ အဆုံးစွန် မဟုတ်ဘူးဆိုတာ သိထားတော့ အဲဒီအောင်မြင်မှုအတွက် မာနမတက်ဘူး၊ အဲဒီအောင်မြင်မှုမရလို့လည်း စိတ်အားမငယ်ဘူး။ ကိုယ့်အဓိကတာဝန်ဟာ ကြိုးစားအားထုတ်ဖို့ တစ်ခုတည်းပဲ ဖြစ်တယ်ဆိုတာ သဘောပေါက်လာမယ်။

ဒီအပတ် တရားဟောတာ ချုပ်လိုက်ရင်

မိသူက မိဆွေကို အတုခိုးရမယ်။ ကိုယ်နှုတ်အမူအရာ သိမ်မွေ့နူးညံ့ရမယ်။

မိဆွေက မိသူကို အတုခိုးရမယ်။ သူတစ်ပါးကို ခွင့်လွှတ်တတ်

ရမယ်။ ကြိုးစားရမယ်။

တခြားအကြောင်း ဆက်ပြောကြရအောင်။

ငလျင်တွေလှုပ်တုန်းက သမီးတို့ကြောက်မယ်ဆိုတာ ဘဘ သိတယ်။ ကိုသိန်းတန်[၁] ကိုတောင် အိမ်လှမ်းပြီး ဖုန်းဆက်ခိုင်းလိုက်သေးတယ်။ မတူးကော သိပ်ကြောက်တာပဲလား။ လူလူတို့ကော လာသေးလား။

လူလူဆိုလို့ တစ်လောတုန်းက တင်ဝင်းဇော်ဆီက စာရတယ်။ သူ ၄ တန်းရောက်နေတဲ့အကြောင်း၊ စာကြိုးစားတဲ့အကြောင်းပေါ့လေ။

ဒီကောင်က လူလူလိုပဲ သိပ်ချစ်စရာကောင်းတယ်၊ သိပ်တည်ငြိမ်ခန့်ညားတယ်။ သူ့အဖေနဲ့တော့ တခြားစီပဲ။ သူအဖေကတော့ သူ့အဖေလို့ ပြောရင်ယုံမှာ မဟုတ်ဘူး၊ အလတ်ကောင်ရဲ့ အဖေဆိုမှ ယုံမယ့်ကောင်စားမျိုး။

ဘဘလည်း မအားတာနဲ့ တင်ဝင်းဇော်ဆီကို စာပြန်မရေးနိုင်ဘူး။ ပို့စကတ်လေးတစ်ခုပဲ ပို့လိုက်နိုင်တယ်။

မအားတာလည်း သမီးရယ်။ လုပ်သားကောင်စီတို့၊ ပြက္ခဒိန်တို့၊ နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးတို့၊ ဘာတို့ညာတို့ပေါ့။ လက်ျာမောင်းလေ့ကျင့်ရေးကလည်း ပါသေးတယ်။

ဘဘတို့ ဟံသာဝတီက ပြက္ခဒိန်တစ်ခု ထုတ်မယ်။ ရတနာပုံဆိုတဲ့ နာမည်နဲ့လေ။ ပုံကတော့ ဝါဝါဝင်းရွှေပုံ။ သမီးတို့အကြိုက် မင်းသမီး မဟုတ်လား။

ပြက္ခဒိန်က မန္တလေးမှာ တင်ရှိတဲ့ ပစ္စည်းနဲ့လုပ်၊ ရှိတဲ့ စက်နဲ့ရိုက်ဆိုတော့ သိပ်မကောင်းဘူး။ အဖြစ်လောက်ပဲ။ မင်းသမီးက လှပေသေးလို့တော်သေးရဲ့။

ဒီမှာတော့ ရာသီဥတုက နည်းနည်းအေးချင်လာပြီ။ မိုးလည်း နည်းနည်းရွာတယ်။ နေလို့ထိုင်လို့ကောင်းရုံပေါ့လေ။

---

၁။ ကိုသိန်းတန် = မအူပင်လွင်ဦး၊ ရန်ကုန်ဟံသာဝတီတိုက်ခွဲ တာဝန်ခံအယ်ဒီတာ၊ (ယခုကွယ်လွန်)

ရှေ့လလောက်ဆိုရင် ချမ်းတော့မယ်။ ဘဘတော့ အင်္ကျီတို့ စောင်တို့ ခြေအိတ်တို့ ပြင်နေရပြီ။

ဆောင်းဝင်လာရင် ဒီမှာ ဟင်းသီးဟင်းရွက်ပေါတယ်၊ လတ်ဆတ်တယ်။ ချမ်းတာနဲ့ ထမင်းမချက်ဖြစ်လို့ မစားရတာတစ်ခုပဲ။

အဲဒီအချိန်မှာ ပုရစ်ကြော်တို့၊ စာကလေးကြော်တို့၊ တမာ ချဥ်တို့ ပေါတယ်။ သမီးတို့ ဘာကြိုက်သလဲ။ ကြိုက်တာကို စာရေးရင် ထည့်ရေးလိုက်၊ ဘဘလူကြုံနဲ့ထည့်ပေးလိုက်ချင်တယ်။

ဘဘတော့ တော်တော်နဲ့ လာဖြစ်ဦးပါ့မလား မသိဘူး။ ရန်ကုန်လည်း သိပ်မလာချင်လှပါဘူး။ သမီးတွေ တွေ့ချင်တာ တစ်ခုပဲ ရှိတယ်။ သိပ်မထူးဘူး၊ အချိန်ကုန် လူပန်းငွေကုန်ရတာပဲ ရှိတယ်။ အရက်သောက်ရတာနဲ့ မောတောင်မောတယ်။

ရီရီဝင်း[၁]တို့ ဆီရော ဖုန်းဆက်ရဲ့လား။ ရီရီဝင်းက သမီးတို့ကို သိပ်ခင်တယ်။ သမီးတို့ကရော ပြန်ခင်ရဲ့လား။ ကိုယ့်ကိုခင်တဲ့သူကို ဘာသိဘာသာ မလုပ်ပါနဲ့။ ကိုယ့်ညီမလိုချစ်ရမှာပေါ့။ ကိုယ့်ဆွေမျိုးဆိုမှ ချစ်တတ်တာ မကောင်းဘူး။

သမီးတို့ စာမေးပွဲ နီးတာတော့ ဟုတ်ပါရဲ့။ အလုပ်ကလည်း များလှချည်လား။ ကျူရှင်ရယ်၊ ကျောင်းရယ်၊ အိမ်ရယ်၊ စာကျက်စားပွဲရယ်နဲ့ ပြီးနေတာပဲ။ လှုပ်လှုပ်ရှားရှား ဆော့တာ ကစားတာရော လုပ်ကြသေးရဲ့လား။ ရုပ်ရှင်ကြည့်ဖြစ်ကြသေးရဲ့လား။

အပျင်းပြေတိရစ္ဆာန်ရုံတို့ ဘာတို့သွားပါလား။ အားတဲ့အခါ အိပ်အိပ်နေရင် ဟိုကောင့်အကျင့်မျိုးပါသွားလိမ့်မယ်။

အပြင်စာလည်း ဖတ်ကြဦး၊ စာရေးလည်း ကျင့်ကြဦး၊ သမီးတို့ လက်ရေးတွေလှတယ်။ ဘဘဖြင့် လက်ရေးတွေ တူလွန်းလို့ ခွဲခြားတောင် မသိဘူး။ စကားပြောသလို စာရေးတဲ့အခါ– 'လည်း' မရေးနဲ့ 'လဲ' ရေး၊ စာရေးတဲ့ပုံစံနဲ့ ရေးတဲ့အခါ 'လဲ' မရေးနဲ့ 'လည်း' ရေးလို့ ပြောထားတာ

---

၁။ **ရီရီဝင်း = စာရေးဆရာ မောင်နေဝင်း၏သမီး**

လည်း မမှတ်မိကြဘူးလား။ ပြင်ကြပါဦး။

သမီးလေးက မမနဲ့ အရပ်ရှည်ပြိုင်စရာ မလိုတော့ဘူးဆိုတော့ ဘဘထက်များ အရပ်မြင့်နေဦးမှာလား။ မိသူနဲ့ ညီအစ်မမို့လို့ အရပ်ရှည်တာ ဟုတ်မယ် မထင်ပါဘူး။ ကွမ်းသီးပင်တွေကြားက ငှက်ပျောပင် ထိုးထိုးထောင်ထောင်နဲ့ မြင့်တက်သလို သမီးလေးလည်း ရောယောင် အရပ်ရှည်တာနဲ့ တူပါတယ်။ အရပ်ရှည်ရုံနဲ့တော့ ဘဘ သမီးမဟုတ်ဘူး လို့ ဘယ်သူကမှပြောမယ် မထင်ပါဘူး။ ဒီတော့ အရပ်ရှည်ပြိုင်မနေနဲ့၊ စာရှည်ရှည်ရေးတာသာ ပြိုင်ပါလေ သမီးရေ

မိတူးလည်း စာရေးခိုင်းပါ။

*ဘဘ*
*ဝင်းတင်*

## ပေးစာအမှတ်(၄)

၁၅-၂-၇၁
မန္တလေး

**သမီး**

ဒီနေ့ ပြန်ရောက်တယ်။

ရန်ကုန်က ပြန်ရတိုင်း သိပ်သိပ်ပျင်းသွားတာပဲ။ သမီးတွေနဲ့ တွေ့ပြီး မန္တလေးပြန်ရတိုင်း ပျင်းရတာပဲ။

ဒီတစ်ပတ် ပျင်းရတာထက် ချမ်းရတာက ပိုတယ်။ အလာတုန်းက ဘူတာအထိ ကုတ်အင်္ကျီဝတ်လာခဲ့တယ်။ ရထားတွဲပေါ်တက်တော့ ကုတ်အင်္ကျီကလေးတာနဲ့ ထားခဲ့တယ်။ မန္တလေး ပြန်ရောက်ချိန်ကျရင် ဒီလောက်အေးတော့မှာ မဟုတ်တော့ပါဘူးလေလို့ထင်ထားတာကိုး။

အထင်နဲ့ အမြင်ကတော့ တခြားစီပဲ။ ည ၁၀ နာရီလောက်လည်း ရောက်ရော အေးတော့တာပါပဲ။ အင်္ကျီထူထူကလည်း မပါ။ စောင်ကလည်း မရှိဆိုတော့ ဒုက္ခပေါ့။ မန္တလေးကို အရှေ့တက်ရထားဆိုက်တော့ လူ့ကို ခိုက်ခိုက်တုန်နေတာပဲ။

မှတ်ထား။ ခရီးသွားရင် ကြိုတင်ပြင်ဆင်မှု ဘယ်လောက်လိုတယ်ဆိုတာ။

တိုက်ပြန်ရောက်တော့လည်း အလုပ်က ပုံနေတာပေါ့ သမီးရယ်။ ခေါင်းကိုနောက်နေတာပဲ။ ဒါပေမဲ့ သမီးတွေ သတိရလို့ စာရှည်ရှည်

တစ်စောင်တော့ ရေးဦးမှပဲဆိုပြီး ဒီစာရေးတာပဲ။ (စာတိုတိုရေးပြန်ရင်လည်း သမီးတွေ အတတ်သင်ပြီး ဘဘဆီ စာ နှစ်ကြောင်းလောက်ပဲ ရေးနေမှာ စိုးလို့ စာရှည်ရှည်ရေးရတာ။)

စာရှည်ရှည်ရေးမယ်သာ ပြောရတယ်။ ဘာရေးရမှန်းတောင် မသိပါဘူး။

သမီးတို့ စာမေးပွဲနီးပြီ။ စာဖတ်ကြ၊ စာကျက်ကြ၊ ဂဏန်းတွက်ကြ၊ ကြိုးစားကြလို့ ရေးချင်တယ်။ အချိန် သိပ်မရှိတော့ဘူး။ ဂီတပဒေသာ သွားဖို့ ကြံမနေကြနဲ့။ ဒီလိုရေးရမလား။

ဒီလိုရေးပြန်ရင် ဘဘက ဒါချည်းပြောနေတာပဲလို့ မိဆွေက ကျွဲမြီးတိုဦးမှာ စိုးရသေးတယ်။

သမီးတို့ ရွှေမောင်ကြီး[၁] သားသမီးတွေ၊ ကို........ သားသမီးတွေ ထက် ကံကောင်းတယ်။ (ကိုဟန်တင်ကြီး ဆုံးမသလို ဆုံးမရရင် ဆင်းရဲတဲ့ လူတွေရဲ့ သားသမီးထက် ကံကောင်းတယ်) အဲဒီတော့ လိမ္မာရမယ်။ မိဘစကားနားထောင်ရမယ်။ မိဘကို ချစ်ရမယ်။ ဘာလုပ်လုပ် မိဘ မသိဘဲ မလုပ်ရဘူး၊ မိဘကို ကူညီရမယ်။ ပေါ်ကြော့မနေရဘူး။ ဒီလို ရေးရမလားလို့ ဘဘ စဉ်းစားမိတယ်။

ဒါလည်း ဘဘပြောတာ ထပ်နေပြီလို့ မိဆွေကပဲ ရန်ထောင်ဦးမှာ စိုးမိတယ်။

သမီးလေးက တစ်ရာတန် လုံချည်ကြီးများတောင် ဝယ်တော့။ အလို လေးလေးလေး။ ငါ့သမီး အပိုလိုကို ပေးထားမိပေလို့။ ငါသာဆို ဒုက္ခလို့ အုန်းထွန်း နဖူးပြောင်ပြောင်ကို မြင်ယောင်မိတယ်။

ဘဘကတော့ ဘိုင်ကျလိုက်တာမှ မပြောနဲ့တော့။ သမီးတွေကို ဆီးသီးဝယ်ကျွေးရတာတောင် အနိုင်နိုင် မဟုတ်လား။ ဒါပေမဲ့ သမီးရယ် ဟိုကောင့်နဖူးပြောင်ကြီးလည်း ကရစ်နိုင်လွန်လို လှိုင်းတွန့်တွေထကုန်ပါဦးမယ်။ ကြည့်လည်း ဝယ်ပေါ့။ ၁၀ တန်းအောင်တော့ တက္ကသိုလ်သွားဖို့

---

၁။ ရွှေမောင်ကြီး = ကြေးမုံ၏နာမည်ကျော် ဓာတ်ပုံသတင်းထောက်၊ အရက်ကြောင့် ငယ်ရွယ်စဉ်မှာပင် ကွယ်လွန်ရှာသည်။

သေတ္တာတစ်ဒါဇင်အပြည့်စာလောက် ဝယ်ပေးရဦးမှာ မဟုတ်လား။

ဒီလိုရေးပြန်ရင်လည်း သမီးကြီးက ဘာဘတို့ အညာသားတွေသာ ပင်နီကြမ်းဝတ်၊ သမီးတို့က နိုင်လွန်ဝတ်မှ နေတတ်တယ်လို့ ရန်တွေ့မှာ စိုးမိပြန်တယ်။

ကဲဒီတော့ ဘာရေးရမလဲ။

နွေကျောင်းပိတ်တော့မယ်။ 'ဒီ' ပဒေသာပင်သီးမယ့် အောင်စာရင်းကိုစောင့်ရတော့မယ်။ စောင့်ရင်း ဘာလုပ်မလဲ။ ကျူမွေးဖတ်မလား။ အိမ်လည်အတင်းပြောမလား။ အိမ်ထဲမှာပဲ ညီအစ်မတစ်တွေ နောင်ဂျိန်ချကြမလား။ ၁၀ ရပ်ကွက်သွားပြီး တစ်ရာတန်ကြီးတွေ ဝယ်ဦးမလား။

ဘာဘသဘောတော့ သမီးတွေ အတတ်ပညာတစ်ခုခု သင်စေချင်တယ်။ တကယ်ဆိုရင် သမီးတွေကလည်း ခပ်ကြောက်ကြောက်။ အိမ်ကလည်း မခွဲတတ်မို့လို့သာ။ နွေရာသီ လုပ်အားပေးတာတို့၊ ရေကြောင်းလှူငယ်တို့၊ သိုင်းသင်တန်းတို့ ဘာတို့ ညာတို့ လုပ်ကြဖို့ ကောင်းတယ်။ အတွေ့အကြုံတွေရစေချင်တယ်။ အသိအမြင်တွေ တိုးစေချင်တယ်။

သမီးတို့က စာရေးကဗျာရေးဝါသနာ မပါတာလည်း ဘာဘအားမရဘူး။ ဘာဘတို့ သမီးအရွယ်တုန်းကဆို ကဗျာတွေ ပလူပျံအောင်ရေးတာပဲ။ စာတွေ ဝတ္ထုတွေလည်း ရေးတာပဲ။ ဒါမှ မဟုတ်လည်း အားကစားပေါ့။

အကောင်းဆုံးက လက်မှုပညာဖြစ်ဖြစ် တစ်ခုခုတော့ တတ်အောင် သင်ပါသမီးရယ်။ ကိုယ့်မှာ အစွမ်းအစတစ်ခု တိုးတာဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအားကောင်းစေတယ်။ စိတ်တည်ငြိမ်တယ်။

ဒါလည်း သမီးနဲ့ ပြောပြီးသားဆိုတော့ ထပ်ရေးနေရင် အပိုသက်သက်လိုဖြစ်နေမှာပါပဲ။

အဲဒီတော့ ဒီအပတ်တော့ ဘာမှမရေးတော့ပါဘူး။ သမီးတို့လည်း စာရှည်ရှည် ဖတ်အားကြမှာ မဟုတ်ဘူး။ စာမေးပွဲက သိပ်နီးနေပြီ မဟုတ်လား။

နောက်အခါမှပဲ ဩဝါဒခြွေတော့မယ်။ ဟုတ်လား။

ရတနာပြပွဲက စာအုပ်ကလေး နှစ်အုပ်ထည့်ပေးလိုက်တယ်။ သိပ်လှတာပဲ။ သမီးတွေနဲ့ဆိုရင် သိပ်လိုက်မှာပဲ။

ခက်တာက အဲဒါတွေကို ၁၀ ရပ်ကွက်[၁] မှာ ဝယ်လို့မရဘူး။

သမီးတွေ လိမ္မာပါတယ်။ အပိုလိုလို သွားပြီး ပူဆာမနေပါနဲ့ ကွယ်။

မိတူးကိုလည်း သတိရတယ်။

*ဝင်းတင်*

---

၁။ ၁၀ ရပ်ကွက် = လမ်းစဉ်ပါတီခေတ်၌ မှောင်ခိုအဝတ်အထည်မျိုးစုံ လက်လီလက်ကားရောင်းချသည့် တောင်ဥက္ကလာပ ၁၀ ရပ်ကွက်ဈေး။

## ပေးစာအမှတ်(၅)

၁၂-၄-၇၁

သမီးတို့

ဒီနေ့ည ဘဘ ခရီးထွက်ရတော့မယ်။ လေယာဉ်ပျံထွက်ချိန်က သန်းခေါင်ကျော်တောင် မကဘူး၊ လင်းအားကြီး ၃ နာရီဆိုတော့ အတော် ကတ်သီးကတ်သတ်ပဲ။

ဘဘလုပ်ရမှန်း မသိတာနဲ့ သမီးတို့ဖတ်ဖို့ စာရေးတာပဲ။

ဘဘလည်း အနားကပ်ပြီးမှ အလုပ်အရမ်းရှုပ်တာပဲ။ ငွေလဲရ၊ ခါးပတ်ရှာရ၊ လမ်းသရဲဘောင်းဘီကို ပြန်ပြင်ရ၊ မှတ်ဆိတ်ရိတ်ဓား မရှိလို့ ဟိုပြေးဒီပြေးရ၊ ပစ္စည်းလက်ဆောင်တွေ ထုပ်ရပိုးရနဲ့ ဂျင်ဂျင်လည်နေ တာပဲ။

သမီးတို့မရှိတော့ သိပ်ပျင်းစရာကောင်းတာပဲ။ မနေ့က ဦးကြာညွန့် လာအိပ်တယ်။ ဒါပေမဲ့ မိတူးလို စံပယ်ပန်းဖူးဖို့ ဘဘကို နှိုးဖော်မရတဲ့ပြင် တစ်မနက်လုံး လေကန်နေလို့ ပိုပျင်းရတာပေါ့။

သမီးတို့သွားတဲ့နေ့က ဘဘ အဘွားအိမ်သွားပြီး ထမင်းစား တယ်။ ပြန်လာတော့ မောင်သန်းထွန်းက ရောက်နေပြီ။ ဒါနဲ့ နောက် တစ်နေ့ကျတော့ သူ့ကို ထမင်းချက်ခိုင်းတာပေါ့။ ဆွေမျိုးတွေ မရှိပေမဲ့ ဝက်သားပဲချက်ကွာဆိုပြီး ဝက်သားဟင်း၊ ကင်းပွန်းချဉ်ဟင်း၊ ပဲပင်

ပေါက်ကြော်နဲ့ စားတယ်။

ဝက်သားချက်လို့လားတော့ မသိဘူး။ ဆွေမျိုးကတော့ လာသေးတယ်။ ဗတ်လတ်ဆန်းခင်ညွန့်လေ။ ထားထားမင်္ဂလာဆောင်သွားမှာမို့ ရုံးကားမှာထားတာတဲ့။ ကားကမပေါ်လာတော့ ထားထားက သူ့ကို ဖိုကြိမ်းတာပေါ့။ ဒါနဲ့ စိတ်ပျက်လက်ပျက်နဲ့ အိမ်ကိုလာပြီး ဖုန်းဆက်တာတဲ့။

ဘဘကလည်း သွားစရာတွေရှိနေတော့ ကားမငှားလိုက်နိုင်ဘူး။ သူလည်း တဖျစ်တောက်တောက်နဲ့ အိမ်ပြန်သွားတာပဲ။ ဘယ်လိုကံကြမ္မာတွေ့ရှာမလဲတော့ မသိဘူး။

တနင်္ဂနွေနေ့တစ်နေ့လုံး ဘဘအသိတွေ အိမ်လိုက်ပြီး နှုတ်ဆက်တယ်။ စုံရောပဲ။ မြင့်မြင့်အိမ်ကိုပဲ မရောက်ဘူး။ အားတော့နာစရာပဲ၊ ဒါပေမဲ့ သွားချင်စိတ်လည်း သိပ်မရှိ။ ညီမဆိုတော့ ထွေထွေထူးထူးလည်း ပြောစရာ မလိုပါဘူးလေဆိုပြီး မသွားတော့ဘူး။ ဘဘပုံပန်းချီကားသွားပို့ခိုင်းတဲ့အချိန်ကျရင် ဘဘ နှုတ်ဆက်သွားတယ်လို့သာ စကားလက်ဆောင်ပါးလိုက်ပါတော့။

တနင်္ဂနွေနေ့ ညပိုင်းမှာ ဆရာဦးသိန်းမောင် အိမ်မှာ အရက်သောက်ကြတယ်။ စကားဝိုင်းကောင်းနေလို့ ညသန်းခေါင်ကျော်မှ ပြန်ရောက်တယ်။ ဦးကြာညွန့်ရောက်နေပြီ။ သူနဲ့ဆက်ပြီး စကားလက်ဆုံကျသေးတယ်။ ဒါပေမဲ့ ခဏကြာတော့ ဘဘက အိပ်တော့မယ်နော်ဆိုပြီး အိပ်ရာထဲဝင် ချက်ချင်းအိပ်ပျော်သွားလိုက်တာ သူလည်း ဘယ်လိုနေရှာတယ် မသိတော့ပါဘူး။

ဒီနေ့ မနက်တော့ ဘဘတို့ ထမင်းချက်မစားတော့ဘူး။ တစ်နေ့လုံး နိုင်ငံခြားသုံးငွေလဲ၊ ပစ္စည်းလိုက်ငှား၊ စာတိုက်အလုပ်တွေလုပ်နဲ့ အတော်ဖားသွားတယ်။ ညနေပိုင်းမှာတော့ ညွန့်မောင်ကို အမဲလျှာချက်ခိုင်းပြီး ညစာစားတယ်။ သိပ်ကောင်းတာပဲ။ သမီးတို့သာရှိရင် လျှာလယ်သွားမှာပဲ။ ဟင်းကောင်းတော့ သမီးတို့ကို သတိရတယ်။

ဒီစာရေးပြီး သန်းခေါင်ကျော်ရင် ဘဘလေဆိပ်ဆင်းမယ်။ သမီးတို့ကို နှုတ်ဆက်ခဲ့ပါတယ်။ စာမေးပွဲအောင်ကြပါစေ။ "D" တွေပါပါစေလို့

လည်း ဆုတောင်းခဲ့ပါတယ်။

သမီးတို့ရော ပေလီမှာ ပျော်ခဲ့ကြရဲ့လား။ လမ်းသရဲတွေ ခြေရှုပ်နေကြသေးသလား။ ဖေဖေကော အိပ်ပျော်ရဲ့လား၊ ဇင်မောင်ရော တော်တော်အူမြူးရဲ့လား။ ညီအစ်မတွေရော ပျော်ကြရဲ့လား။ နောင်ဂျိန် ဘယ်နချိန်ခွဲခဲ့ကြသလဲ။ မိသူ ဘယ်နခါအန်သလဲ။

ဘဘဆီ စာရေးပါဦး၊ လန်ဒန်တစ်စောင် အီတလီတစ်စောင်တော့ ရေးကြပါ။ ဟုတ်လား။

ဒါပဲ သမီးရေ

P.S

သမီးလေး သူများအိမ်မှာ လိမ်လိမ်မာမာနေပါ။

$2^{nd}$ P.S

အချိန်ကလည်း ကုန်ခဲလွန်းလို့ စာဆက်ရေးရဦးမယ်။

ဒီနေ့ညပိုင်း ကိုသိန်းမောင်ရယ်၊ သူ့သားဖိုးကျော်ရယ်၊ သူ့မိန်းမရယ် ကလေးရယ် လာကြတယ်။ ဘဘပစ္စည်းတွေကို လာပြီး ထုပ်ပိုးပေးကြတယ်။

ဖိုးကျော်ဆိုတာ ဘဘကျောင်းသားဘဝတုန်းက ဘဘရဲ့ အချစ်တော်ပေါ့။ သိပ်ထူးခြားတဲ့ကောင်။ သမီးလေးလိုပဲ။ မှန်တေတေ၊ ဘာသိဘာသာကောင်။ စာလည်း တော်တယ်။ ဒီကောင်ငယ်ငယ်ကတည်းက ဘဘ ထိန်းလာတာ။

ခုသူက အင်ဂျင်နီယာဖြစ်၊ မိန်းမရ၊ သမီးမွေးနဲ့ဆိုတော့ သူ့အဖေခမျာလည်း အဘိုးကြီးကိုဖြစ်လို့။ ဘဘမှာလည်း နေရင်း ထိုင်ရင်း အဘိုးကြီးလုံးလုံးဖြစ်လာတော့တာပေါ့။ အချိန်တွေများ ကုန်လွယ်လိုက်တာလို့ တွေးမိတယ်။

ခုလည်း သမီးတွေကကြီးလာပြန်ပြီ။ ဘဘစိတ်ထဲမှာ မိတူးလိုပဲ ကလေးတွေလို့ ထင်နေပေမဲ့ တကယ်တော့ သမီးတွေက ကိုးတန်းဆယ်

တန်းသမားတွေဖြစ်လာနေကြပြီ။

ဘဘ စိတ်ထဲက ကလေးတွေလိုပဲ ထင်ပြီး ကလေးတွေလိုပဲ ဆက်ဆံတဲ့အခါ သမီးတွေက သူတို့ကို ကလေးလို သဘောထားတာ သဘောကျရဲ့လား။ ကျွဲမြီးများတိုကြလေမလားလို့ တစ်ခါတစ်ခါတော့ သတိရမိပါရဲ့။

ဟုတ်တယ်။ ဘဘတို့ ငယ်ငယ်ကလည်း အမေက ကိုယ့်ကို ကလေးကလေးလို သွန်သင်ပြောဆိုတဲ့အခါ စိတ်ထဲက မကြိုက်ချင်ဘူး။ ကလေးလို မဆက်ဆံပါနဲ့ အမေရဲ့လို့ ပြန်တောင်ပြောမိတယ်။

ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဘဘတို့ ဒီအသက်အရွယ်ရောက်လို့ ပြန်စဉ်းစားတော့ သမီးတို့အရွယ်ဟာ ကလေးပဲ။ သမီးတို့ကြီးလာရင် ပြန်စဉ်းစားမိလိမ့်မယ်။ စောင့်ကြည့်။

ထားပါလေ။ ကလေးဖြစ်ဖြစ် ဘာဖြစ်ဖြစ်၊ ဘဘ စိတ်ထဲမှာ သမီးတွေကိုဖြစ်စေချင်တာက အမြဲပျော်ပျော်ရွှင်ရွှင်နဲ့ ဆင်ခြင်တုံတရားလည်းရှိ၊ ယဉ်ကျေးလည်း ယဉ်ကျေး၊ ကိုယ့်အသိုင်းအဝိုင်းတစ်ခုလုံးကိုလည်း ထောက်ထားညှာတာ၊ သဘောထားလည်း ပြည့်ပြည့်ဝဝ ကြီးကြီးမားမားရှိတဲ့ မိန်းကလေးတွေဖြစ်လာစေချင်တယ်။

တစ်လောတုန်းက သမီးလေး ပြောတဲ့စကားကို ဘဘ မှတ်မိနေတယ်။ သမီးလေးက ပြောတယ် မဟုတ်လား။ သမီးက အပြင်မှာ လူတိုင်းနဲ့ တည့်တယ်။ အိမ်မှာမတည့်တာက သမီးကို နားမလည်ကြလို့ဆိုတာ။

မှန်ပါလိမ့်မယ်။ မှန်တယ်လို့လည်း ဘဘ ထင်တယ်။ ဘဘလည်း ငယ်ငယ်တုန်းက ဒီလိုပဲ ထင်ခဲ့တာပဲ။

ဘဘငယ်ငယ်တုန်းက စာတော်တယ်။ မိဘကရော ဆွေမျိုးတွေကရော ဝိုင်းချစ်ကြတယ်။ ဒါပေမဲ့ ဘဘက သူတို့နဲ့ အမြင်မတူဘူး။

သူတို့က သွန်သင်ကြ၊ ဆုံးမကြ၊ ထင်မြင်ချက်ပေးကြတာတွေကို ဘဘ မယုံဘူး။ သူတို့ ဘဘကို နားမလည်ဘူးလို့ တစ်ထစ်ချတွက်ခဲ့တယ်။ ဒါနဲ့ဘဘက အိမ်မှာ သိပ်မတည့်ချင်ဘူး။ ကင်းကွာချင်တယ်။ အပြင်က သူငယ်ချင်းတွေ အားလုံးကို သိပ်ခင်ချင်တယ်၊ သိပ်တည့်ချင်

တယ်။

ခုပြန်စဉ်းစားကြည့်တော့ အမှန်က ဘဘ အဖေကိုရော အမေကိုရော ညီမကိုရော သိပ်ချစ်တာပဲ။ ဆွေမျိုးတွေကိုလည်း ချစ်တာပါပဲ။ ဒါပေမဲ့ ဒီနေ့အထိ သူတို့က ဘဘကို နားမလည်ဘူးဆိုတာ... အားလုံးတော့ မဟုတ်ဘူး။ နည်းနည်းတော့ ဟုတ်ချင်ဟုတ်မှာပေါ့လေ။

ဘာဖြစ်လို့ နားမလည်သလဲ၊ သူတို့ကလည်း နားလည်အောင်မလုပ်ဘူး၊ ဘဘကလည်း နားလည်အောင်ရှင်းမပြတတ်ဘူး။

ခေတ်တွေကလည်း မတူ၊ တွေးတောကြံဆရှုမြင်ပုံတွေကလည်း မတူဘူး။

ခုနှစ်ပေါင်း ၂၀ ကျော် ၃၀ ကြာလာတဲ့အခါ ဘဘမှာ အသိတစ်ခုရလာတယ်။ ဘာလဲဆိုရင် ကလေးတစ်ယောက်ကို အစွမ်းကုန် ဖွံ့ဖြိုးအောင် လုပ်ပေးရမယ်၊ အစွမ်းကုန်ရင့်ကျက်အောင် လုပ်ပေးရမယ်။ တစ်ချိန်တည်းမှာပဲ ကလေးကို အစွမ်းကုန် နားလည်အောင် ကြိုးစားရမယ်။ ဒါက မိသားစုရဲ့တာဝန်၊

တစ်ဖက်မှာလည်း ကလေး (လူကြီးလောင်း) က မိသားစုကို ကိုယ်အကြောင်း နားလည်အောင် လုပ်ရမယ်၊ ပြောရမယ်၊ ညှိနှိုင်းရမယ်။ ရှင်းပြရမယ်၊ ကူညီရမယ်။

အဲဒီလို နှစ်ဦးနှစ်ဖက် အပြန်အလှန် ပွင့်ပွင့်လင်းလင်း၊ ချစ်ချစ်ခင်ခင် နားလည်မှုတည်ဆောက်မှ မိဘကလည်း မိဘတာဝန် အစွမ်းကုန်ကျေနိုင်မယ်၊ သားသမီးကလည်း သားသမီးတာဝန် အစွမ်းကုန်ကျေနိုင်မယ်။

အဲဒီလို နားလည်မှုတည်ဆောက်တဲ့နေရာမှာ လူကြီးကလည်း လူကြီးတို့ခေတ်ဟောင်းက ခုနှစ်ဆွေး ရှစ်ဆွေးအတွေးတွေကို လျှော့ရပြင်ရမယ်။ ကလေးကလည်း ကလေးတို့ခေတ်သစ်ကအကြမ်း အရမ်းအဆန်းအမြင်တွေကို လျှော့ရပြင်ရမယ်ပေါ့။

ဘဘတော့ ဒီလိုပဲ သဘောရတယ်။ သမီးဖို့တော့ ဘယ်လိုသဘောရမလဲ မသိဘူး။

အဲဒီလို နှစ်ဖက်အလျှော့အတင်းနဲ့ ညှိနှိုင်းဖို့က အချင်းချင်း ပွင့်

ပွင့်လင်းလင်း အသိပေးနေမှုရှိရမယ်။

ဒါကြောင့် သမီးတို့ကို ဘဘပြောတာပေါ့။ ကျောင်းသွားမယ်၊ အိပ်ရာဝင်မယ်ဆိုရင်တောင် လူကြီးတွေကို ပြောတဲ့အကျင့်၊ ညီအစ်မချင်းပြောတဲ့ အကျင့်မွေးရမယ်လို့။

ခုလည်း သမီးတို့ ဒီအကျင့်ကောင်း ရနေပါပြီ။ ဒါသမီးတွေ ဒီအယူအဆကို သဘောတူလို့ပေါ့။ ဘဘ ကျေးဇူးတင်မိပါတယ်။

အဲဒီကတစ်ဆင့် ကျောင်းမှာ စာမရလို့ ဆရာအဆူခံရရင် အဆူခံရတယ်။ ကျောင်းမှာ သူငယ်ချင်းနဲ့ ရန်ဖြစ်ရင် ရန်ဖြစ်တယ်။ ဘယ်သူငယ်ချင်းကို ငွေချေးလိုက်ရင် ချေးလိုက်တယ်ဆိုတာ အိမ်မှာ ပြန်ပြောပြတတ်၊ ပြဝံ့၊ ပြလေ့ရှိတဲ့ အလေ့အကျင့်ကို မွေးရမယ်။

ဒါဟာ ကိုယ့်ရဲ့ privacy ပဲလို့သဘောမထားသင့်ဘူးထင်တယ်။ လူမှာ privacy တွေ သိပ်များရင်၊ အဲဒီ privacy တွေကို ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးပြောရမယ့် လူမရှိရင်၊ privacy သိပ်မထားဘဲ ပွင့်ပွင့်လင်းလင်း ပြောမယ်ဆိုရင် ကိုယ့်မိသားစုထက် ရင်းနှီးတဲ့လူ ဘယ်သူရှိဦးမလဲ။ မဟုတ်ဘူးလား။

ဒါဘဘရဲ့ နှစ်ပေါင်း ၄၀ ကျော် အတွေ့အကြုံက ပြောတာပါ။ သမီးတို့ စဉ်းစားကြည့်ပေါ့။

သမီးတို့ကို ဘဘက အလွန်စိတ်နေသဘောထား အထက်တန်းကျတဲ့သူတွေ ဖြစ်လာစေချင်တယ်။

Intellectual honesty ဆိုတဲ့ ပညာတတ်တို့ရဲ့ ရိုးသားမှု၊ အမှားနဲ့ အမှန်ကို အကြည်လင်ဆုံး အပြတ်သားဆုံး ခွဲခြားစိတ်ဖြာ သိမြင်မှု၊ အပေါ်ယံကြော အပေါစားအထက်တန်းလွှာ ယဉ်ကျေးမှုဆိုတာတွေကို ရှောင်ခွာနိုင်မှုစတဲ့ ရင့်ကျက်ခိုင်မာတဲ့ စိတ်ဓာတ်တွေ ပြည့်ပြည့်ဝဝရှိစေချင်တယ်။

သမီးတို့ နားငြီးပြီလား။ ဘဘလည်း ပျင်းပျင်းရှိရင် သမီးတွေကို တရားဟောရတာနဲ့ ခေတ်ပြားဟောင်းကြီးလို စကားတွေ ထပ်ကုန်ပြီလားတော့ မသိဘူး။

ဘဘကို ခွင့်လွှတ်ပါ။ သမီးတို့သဘောတူချင်မှ တူမှာပေါ့။ ဘဘ နားလည်ပါတယ်။ ဘဘတို့ လူကြီးတွေကလည်း သမီးတို့ကို နားလည်ချင်ပါတယ်။ နားလည်အောင်လည်း ကြိုးစားပါတယ်။ နားလည်ဖို့လည်း အသင့်ရှိပါတယ်။ ဒါကိုတော့ သမီးတို့နားလည်ထားရလိမ့်မယ်။

ခုပြောတာတွေကို သမီးတို့သဘောမတူတောင် စဉ်းစားစရာပဲ လို့ထင်ပြီး စဉ်းစားကြည့်ရင်ကို ကျေနပ်လှပါပြီ။

ဒါပဲ သမီးတို့ရေ။ အချိန်ကုန်ခဲလို့ ပျင်းရင်လည်း 3rd P.S ထပ်ရေးဖြစ်ဦးမလား မသိဘူး။ လေဆိပ်ဆင်းဖို့ကတော့ အချိန်အကြာကြီး လိုသေးတယ်။

ဘဘဆီ စာရေးရင် လန်ဒန်မြန်မာသံရုံးနဲ့ အီတလီသံရုံးမှတစ်ဆင့် ရေးပါ။ ဘဘ လန်ဒန်မှာ ဒီလကုန်ထိရှိမယ်။ အီတလီမှာ မေ ၁၀ ရက် ထိရှိမယ်။ သမီးတို့ စာရေးမပျင်းရင် စာထည့်ရမှာ မပျင်းရင်၊ ဒါမှမဟုတ် သမီးတို့စာပုံးဖွင့်တဲ့ လူက မပျင်းရင် ငါးရက်နဲ့ စာရောက်နိုင်ပါတယ်။

လိပ်စာက

U WIN TIN
JOURNALIST
BURMESE CULTURAL TROOP
c/o EMBASSY OF BURMA
19 A CHARLES st.
LONDON W.1
UNITED KINGDOM

U WIN TIN
JOURNALIST
BURMESE CULTURAL TROOP
c/o EMBASSY OF BURMA
109 A/1
Viale Bruno Buozzi
ROME, ITALY

$3^{rd}$ P.S

မတူးကို နှုတ်ဆက်ကြောင်းလည်း ပြောပါ။

$4^{th}$ P.S

ရီရီဝင်းကိုလည်း ဘဘက နှုတ်ဆက်သွားကြောင်း ဖုန်းဆက်ပါ။

## ပေးစာအမှတ်(၆)

၃-၆-၇၁

**မိသူ၊ မိဆွေ**

သမီးတို့လည်း ဘာဘလိုပဲ အလုပ်သိပ်များနေသလား။ ဘာဘဏာ တော့ ဒီမှာ အလုပ်များလွန်းလို့ ဘယ်လိုလုပ်ရမှန်းတောင် မသိဘူး။ ဒါကြောင့် သမီးတို့ဆီကို စာမရေးဖြစ်နိုင်ဘူး။

သမီးလေး ကျောင်းတက်ပြီလား။ စာတွေကော ကြိုကြိုတင် တင်ကျက်ပြီလား။ မိသူကို အတူခိုးသမီးရယ်။ အိပ်ချည်းပဲလည်း မနေနဲ့။ တယ်လီဖုန်းချည်းပဲလည်း ပြောမနေနဲ့။ ရယ်ချည်းပဲလည်း မနေနဲ့၊ ရန်ဖြစ်ချည်းပဲလည်း မနေနဲ့။ အမလေး မောလိုက်တာ၊ ဒီခွေးကောင် ကလည်း သတိပေးစရာတွေ မနည်းပါလား။

ဘာပဲပြောပြောလေ။ သမီးလေးက ဉာဏ်ကောင်းလို့ ဘာဘက စိတ်ချတယ်။ သမီးကတော့ အောင်မှာပဲ။ သမီးစာမေးပွဲတစ်ခါတည်း အောင် သိပ္ပံလည်း ရတော့ ဘာဘသိပ်ဝမ်းသာတာပဲ။ စာမေးပွဲအောင်လို့ ဝမ်းသာတာထက် သမီးလေး စိတ်ညစ်စရာ မတွေ့ရတာ ဘာဘပိုဝမ်းသာ တယ်။ မအောင်ရင်လည်း ကိစ္စမရှိဘူး။ စိတ်မညစ်ရဘူးလို့ ဘာဘ ခဏ ခဏပြောပေမဲ့ တကယ်သာကျနေရင် သမီး စိတ်ညစ်မှာပဲ။ သမီး စိတ်ညစ်မှာ ဘာဘ စိုးရိမ်တယ်။

ဟုတ်တယ် သမီးရယ်။ ဒီအချိန်မှာ ဘာစိတ်ညစ်စရာမှ မရှိစေချင်ဘူး။ လူ့ဘဝမှာ စိတ်ညစ်စရာက အများသားကလား။ ဘဘက သမီးတွေကို ပျော်နေစေချင်တယ်။

လူဆိုတာ မှားရင် စိတ်ညစ်ရတာပဲ။ စိတ်ညစ်ရရင် မကောင်းဘူး။ (တစ်ခါတလေ ကိုယ်ကမမှားဘဲနဲ့တောင် စိတ်ညစ်ရတဲ့ အခါရှိသေးတယ်) စာမေးပွဲကျရင် စိတ်ညစ်ရတယ်။ ဘာကြောင့်လဲ။ ကိုယ်စာမကျက်တဲ့ အမှားကြောင့်။ သူငယ်ချင်းနဲ့ မတည့်ရင် စိတ်ညစ်ရတယ်။ ဘာကြောင့်လဲ ကိုယ်အပေါင်းအသင်း မကောင်းလို့။

ဒီတော့ လူပဲမှားမှာပေါ့လို့ ပေါ့ပေါ့တန်တန် မတွေးစေချင်ဘူး။ ဘာလုပ်လုပ် အသိဉာဏ်၊ စဉ်းစားဉာဏ်၊ လူကြီးသူမဆုံးမစကားနဲ့ ချိန်ထိုးပြီး မမှားတန်တာ မမှားအောင် ကြိုတင်ချိန်ဆရမယ်။ စဉ်းစဉ်းစားစားလုပ်ရမယ်။

ဘဘပြောတာ နားလည်တယ် မဟုတ်လား။

သမီးတွေကလည်း ကြီးလာကြပြီ။ ၉ တန်း ၁၀ တန်းတွေရောက်နေပြီ။ သမီးတွေ လိမ္မာတယ်ဆိုတာလည်း ဘဘ သိပါတယ်။ ဒါပေမဲ့ ဘဘ စိတ်မှာ သမီးတွေက ငယ်ငယ်လေးတွေပဲ ရှိသေးတယ်။ ဒီတော့ ဆုံးမချင်တယ်။ သွန်သင်ချင်တယ်။

ဘဘ အခု အိမ်သစ်ပြောင်းပြန်ပြီ။ ဟိုပြောင်းဒီပြောင်းနဲ့ အိမ်လည်း သက်စေ့နေဖူးနေပြီ။ အိမ်နားမှာ ကလေးသူငယ်ချင်းသစ်တွေ တွေ့နေပြန်တယ်။ ကောင်လေး တစ်ယောက်၊ ကောင်မလေး နှစ်ယောက်၊ လေးနှစ် ငါးနှစ်လောက်ရှိကြပြီ။ စကားလည်းတတ်တယ်။ လိမ်လည်းလိမ္မာတယ်။ ဘဘက သူတို့အတွက် အမြဲတမ်း မုန့်အဆင်သင့်ဝယ်ထားလို့ သူတို့ကလည်း ဘဘကို မုန့်တွေ ဘာတွေလာပေးဖော်ရနေတယ်။

ဘဘစိတ်ထဲမှာ သမီးတို့ကို အဲဒီအရွယ်ပဲ ထင်နေသေးတာ။

သမီးလေး စာမေးပွဲအောင်တဲ့နေ့က ဘလောက်စ်ခရမ်းရောင်နဲ့ ထဘီအပြာဝတ်ထားတယ်လို့ တယ်လီဖုန်းထဲက ကြားရတော့ လွန်ခဲ့တဲ့ ခုနစ်နှစ် ရှစ်နှစ် သမီးငယ်ငယ်တုန်းက ခရမ်းရောင်ဘလောက်စ်နဲ့ ထဘီ

အပြာဝတ်ထားတယ်လို့ တယ်လီဖုန်းထဲက ပြောနေသလိုပဲ ဘဘ စိတ်ထဲမှာ ထင်နေတယ်။

ဘာပဲဖြစ်ဖြစ် သမီးတွေက အသက်ပိုကြီးလာလို့ ပိုတော်လာတာ၊ ပိုလိမ္မာလာတာ တွေ့နေရတော့ ဘဘ ဝမ်းသာတယ်။ တကယ်ပြောတာပါ။

လူတွေဟာ အသက်ကြီးလာတော့ တွေ့ခဲ့တာ ကြုံခဲ့တာတွေ များလာတယ်။ အဲဒီတွေ့ခဲ့တာ ကြုံခဲ့တာတွေကို ပိုပြီး စားမြုံ့ပြန်လို့လည်း ကောင်းလာတယ်။

ဘဘ လန်ဒန်က ပြန်လာတော့ တစ်လမ်းလုံး သမီးတွေကို တွေ့ချင်နေတယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်တုန်းက ဘဘရန်ကုန်ကို နိုင်ငံခြားက ပြန်လာတုန်းကလည်း သမီးတွေကို တစ်လမ်းလုံး တွေ့ချင်နေခဲ့တာပဲ။ သမီးတွေကို တွေ့ရပုံချင်းက မတူဘူး။

လွန်ခဲ့တဲ့ ၁၅ နှစ်လောက်တုန်းက မိသူက သုံးနှစ် သမီးလောက်၊ မိဆွေက တစ်နှစ် သမီးလောက်။ ဟောဟိုတစ်နေ့က သမီးတွေကို တွေ့တော့ သမီးတွေက ကိုယ်ရင့်တတူကြီးတွေဖြစ်နေပြီ။ ဟိုတုန်းက ဘဘ သမီးတွေဖို့ ဝယ်လာရတာက ဂါဝန်၊ အခု သမီးတွေဖို့ဝယ်လာရတာက လက်သည်းဆိုးဆေး။

အချိန်တွေများ ကုန်လာလိုက်တာ တယ်မြန်တာပဲနော်။

ဒါပေမဲ့ သမီးတွေက ဒီလိုပြောင်းလာတဲ့ အချိန်တွေအတွင်းမှာ ဘဘတို့မှန်းထားသလို၊ မျှော်လင့်ထားသလို လိမ်လည်း လိမ္မာ၊ စာလည်း တော်တဲ့ သမီးတွေ ဖြစ်လာလို့ ဒီလို အချိန်တွေ မြန်မြန်ကုန်လာတာကိုပဲ ကျေးဇူးတင်ရမလိုဖြစ်နေသေးတယ်။ သမီးတွေကလည်း ခပ်မိုက်မိုက်၊ လမ်းသရဲဂိုက်နဲ့ စာမေးပွဲ တဖုတ်ဖုတ်ကျနေရင် ဒီလောက်အချိန် မြန်မြန်နဲ့ သမီးဆိုးတွေ လာတွေ့နေရလေချင်းလို့ စိတ်မသက်မသာဖြစ်ရမှာပဲ။ ခုတော့ ဘဘတို့ ကံကောင်းတာပေါ့။

ဒါပေမဲ့ သမီးတို့ကို ဒါထက်ပိုပြီး စာတတ်စေချင်သေးတယ်။ ဒါထက်ပိုပြီး တော်စေချင်သေးတယ်။ ဒါကြောင့် ဆက်ကြိုးစားကြပါ

ဦးလို့ ဘဘ တောင်းပန်ချင်တယ်။

သမီးတို့လည်း စဉ်းစားမိမှာပဲ။ စာသင်ရတဲ့ အလုပ်ကလည်း လွယ်တာ မဟုတ်ဘူး။ တချို့စာသင်ချင်တယ်။ ကျောင်းမနေနိုင်ဘူး။ တချို့ကျောင်းနေချင်တယ်။ ဉာဏ်မရှိဘူး။ တချို့ကျောင်း နေချင်တယ် မအားဘူး။ သမီးတို့ သိပ်ကံကောင်းတယ်။ ကျောင်းလည်း နေနိုင်တယ်၊ ဉာဏ်လည်းကောင်းတယ်။ စာသင်ဖို့လည်း အချိန်အားရှိတယ်။

(သမီးလေးသာ ဘဘနဲ့နေရင် ဒီလောက် စာသင်ချင်မှ သင်နိုင် မယ်။ ဘဘကလည်း ဒီလောက် ဂရုစိုက်နိုင်မှာ မဟုတ်ဘူး။ ကိုယ့်သမီး စာတတ်စေချင်တဲ့ စိတ်သာ ရှိမှာ။ မနက်တိုင်း ဘဘက အိပ်ပျော်နေ၊ သမီးလေးကလည်း အအိပ်ကြီးကြီးနဲ့ဆိုရင် ကျောင်းချိန်မရှိတာနဲ့ စာတတ် တော့မှာ မဟုတ်ဘူး။ သူများပေးထားမိတာ ကောင်းကောင်းပဲ)

အခုကို စာသင်ချင်လျက်နဲ့ စာမသင်နိုင်တဲ့ ကြို့ပင်ကောက်က ကလေးတွေ ဘဘကို ကျောင်းထားပေးဖို့ စာရေးတာမနည်းဘူး။ ဘဘက လည်း တတ်နိုင်သမျှတော့ ကူညီရမှာပဲ။ ဒါပေမဲ့ သူတို့ထင်သလို ဘဘ မှာ ပိုက်ဆံမရှိဘူးဆိုတာ သူတို့ မသိရှာဘူး။ ဘဘကလည်း ဟင့်အင်းလို့ ပြောရမှာ ဝန်လေးနေတယ်။ ကိုယ့်မှာက အကြွေးဆပ်လို့တောင် မလောက်နိုင်ဘူး။ ခုတောင် နိုင်ငံခြားသွားတုန်းက ချေးသွားတဲ့ငွေ ၉၀၀၀/- ဆပ်လို့ မကျေသေးဘူး။ ဒါကို သူတို့ သိကြမှာမဟုတ်ဘူး။ ကိုယ့်သမီး တွေလို သူငယ်ချင်းသဘောနဲ့ အကုန်ကိုပြောပြရင်လည်း သူတို့ ယုံကြပါ့ မလား။ တကယ့်ဒုက္ခပဲ။

သူငယ်ချင်းဆိုလို့ အဲဒီကိစ္စ ဘဘ ထင်တာပြောရဦးမယ်။

သူငယ်ချင်းဆိုတာ သိပ်အဖိုးတန်တယ်။ ကြာလေရှားလာလေ ပဲ။ အသက်ကြီးလာတော့ ကိုယ့်အသက်တစ်လျှောက်၊ အလုပ်အကိုင် တစ်လျှောက် လူကြီးလို ဆက်ဆံတဲ့ သူတွေပဲ တွေ့လာရတော့တယ်။ မင်းငါပြောနိုင်တဲ့လူ၊ နှစ်ပေါင်းများစွာ ပျော်ခဲ့ပါးခဲ့တာတွေကို အတူ စားမြုံ့ပြန်နိုင်မယ့်လူက ကြီးလေရှားလာလေပဲ။

ပြီးတော့ စိတ်တူသဘောတူ သူငယ်ချင်းက ပိုရှားသေးတယ်။

မင်းငါပြောနိုင်တာပဲ ရှိတယ်။ စိတ်သဘောချင်းက မတိုက်ဆိုင်၊ တွေးပုံမြင်ပုံချင်းက မတူဆိုရင်လည်း ၅၀ ရာခိုင်နှုန်း သူငယ်ချင်းပဲဖြစ်မှာပဲ။

တစ်မတ်သူငယ်ချင်းပဲဖြစ်ဖြစ်၊ ငါးမူး သူငယ်ချင်းပဲဖြစ်ဖြစ်၊ တစ်ကျပ်သူငယ်ချင်းပဲဖြစ်ဖြစ် သူငယ်ချင်းကတော့ သူငယ်ချင်းပါပဲလေ။

ဒါကြောင့် ဘဘက သမီးတွေကို သူငယ်ချင်းလိုဖြစ်အောင်လုပ်နေတာ။

ဆိုလိုတာက သူငယ်ချင်းလို ဆက်ဆံရတဲ့ဆက်ဆံပုံမျိုးဟာ ပျော်စရာကောင်းတယ်။ သမီးတွေက ဘဘကို သူငယ်ချင်းလို သဘောမထားဘဲ အဘိုးကြီးလို သဘောထားရင် ဘဘ အဘိုးကြီးဖြစ်လာလေ၊ သမီးတို့ ပတ်ဝန်းကျင်နဲ့ ကွာလေ၊ သမီးတို့ကလည်း ဘဘကို အဘိုးကြီးလို ထင်လေနဲ့ ရယ်စရာတောင် ပြောလို့ရတော့မှာ မဟုတ်တော့ဘူးပေါ့။

သူငယ်ချင်းလိုနေတတ်ဖို့က သူငယ်ချင်းချင်းမှ နေရတာ မဟုတ်ဘူး။ ညီအစ်မချင်းလည်း သူငယ်ချင်းလို၊ အဖေနဲ့လည်း သူငယ်ချင်းလို နေတတ်ရမယ်လို့ ဘဘ ထင်တယ်။

ညီအစ်မ၊ မောင်နှမချင်း ညီအစ်မလို၊ မောင်နှမလိုသာ သဘောထားနေရင်တော့ ညီအစ်မ မောင်နှမပဲ ဖြစ်မှာပဲ၊ သူငယ်ချင်းလိုခင်မှာ မဟုတ်ဘူး။ ညီမက အစ်မကို စိတ်တိုလို့ပြန်ပြောရင်တောင် ငါ့ကို ပြန်ပြောတယ်ဆိုပြီး အစ်မက စိတ်ဆိုးမိမှာပဲ။ အစ်မက ညီမကို စိတ်တိုလို့ ပြောမိရင် ညီမက အမေလုပ်တယ်လို့ ဒေါသဖြစ်မိမှာပဲ။

သူငယ်ချင်းလို ညီအစ်မဆိုရင် တစ်ယောက်က စိတ်တိုလို့ဆူရင်တောင် တစ်ယောက်က "ဟော့ကောင် ဒေါသကုမ္ပာရ ဘာဖြစ်နေတာလဲ" လို့ ရယ်စရာပြောနိုင်မှာပဲ။ တစ်ယောက်ကလည်း ခဏနဲ့စိတ်ပြေသွားမှာပဲ။

မောင်နှမသားအဖပေမဲ့ သူငယ်ချင်းလို ဆက်ဆံရေးမရှိရင် ချစ်တာပဲ ရှိမယ်။ ခင်တာ မရှိနိုင်ဘူး။ ချစ်တာက ချစ်တာပဲ ရှိတယ်။ မပျော်နိုင်ဘူး။ မြင့်မြင့်ကို ဘဘ ချစ်သားပဲ။ သူ့ကို ချစ်တော့ ဘဘက ကိုယ့်နှမလေးကောင်းစားစေချင်တယ်။ စိတ်ချမ်းသာစေချင်တယ်။ ဒါပေမဲ့

သိပ်ခင်လှတယ်မရှိတော့ မပျော်ဘူး။ မြင့်မြင့်တွေ့ရင်လည်း ဘာဘာက ဘာမှပြောစရာ သိပ်မရှိဘူး။ သူကလည်း ဘာဘာကို ချစ်တာပဲ။ အစ်ကိုမို့ ရိုသေတာပဲ။ ချစ်တာတို့ ရိုသေတာတို့ရှိရုံနဲ့တော့ ပျော်စရာမကောင်း လှဘူးလို့ ဘာဘာ ထင်တယ်။

မြင့်မြင့်နဲ့ တွေ့ရတာထက် ဘာဘာ အဘွားအိမ်မှာ ညီဝမ်းကွဲ ညီမဝမ်းကွဲတွေ တွေ့ရတာက ပိုပျော်သေးတယ်။ သူတို့နဲ့က သူငယ်ချင်း လိုနေတာကိုး။

ဘာဘာက အဘွားနဲ့လည်း သူငယ်ချင်းလိုနေတယ်။ ပြောချင်တာ ပြောတာပဲ။ ပြောင်ချင်နောက်ချင်လည်း ပြောင်လိုက်နောက်လိုက်တာ ပဲ။ "အဘွားကြီး သိပ်ကြာကြာနေရတော့မှာ မဟုတ်ဘူး၊ သောက်ဖူးတယ် ရှိအောင် အရက်ကလေးသောက်လိုက်ဦး" ဆိုပြီး အရက်တိုက်ချင် တိုက် လိုက်တာပဲ။

ညီတွေ ညီမတွေနဲ့လည်း ရယ်စရာ မောစရာ ပြောလို့ရတယ်။ သူငယ်ချင်းလိုနေတာဆိုတော့ သူတို့ကလည်း ဘာဘာ ရယ်စရာပြောရင် သူတို့လည်း ဝိုင်းရယ်ဝံ့တယ်။ သူတို့ကလည်း ရယ်စရာပြောဝံ့တယ်။ လွတ်လပ်တဲ့၊ ပျော်စရာကောင်းတဲ့ ဆက်ဆံရေးရှိတယ်။

ဒါကြောင့် သမီးတို့ ညီအစ်မတွေလည်း သူငယ်ချင်းလိုနေစေချင် တယ်။ ဟိုကောင်ကိုလည်း အဖေလိုထက် သူငယ်ချင်းလိုနေစေချင်တယ်။ တစ်ခါတလေ သူ့နဖူးပြောင်ကြီးကိုပွတ်ပြီး "ဆရာကြီး အိုပြီနော်၊ အိုပြီ၊ အိပ်ချည်း မနေနဲ့၊ တရားလေးဘာလေး ထိုင်ဦး" လို့ ရယ်စရာပြော၊ သင့် ပြောစေချင်တယ်။

ဒီလိုနေမှပဲ။ ဒါမှမဟုတ်ရင် ဒီကောင် သမီးတွေကြားထဲမှာ အဖေကြီးဟန်လုပ်ရတာနဲ့ ကြောင်သွားမှာပဲ။ သမီးတွေကလည်း အဖေ လာရင် ဘာပြောရမှန်းမသိဘဲ ငုတ်တုတ်ထိုင်ကြည့်နေရလိမ့်မယ်။

ဦးသာခင်က လာရင် အုန်းထွန်းရှေ့မှာ ပုညက်ညက်နဲ့ ငုတ်တုတ် ကလေးထိုင်ပြီး ဘာပြောရမှန်းမသိ၊ ဘာဆိုရမှန်း မသိဖြစ်နေတာမျိုး၊ အပိုလိုကလည်း ဘာပြောရမှန်းမသိ၊ ဘာဆိုရမှန်းမသိဖြစ်နေတာမျိုး သမီး

တို့တွေ့ဖူးမှာပဲ။

ဦးနွယ်လာရင်လည်း ဒီအတိုင်းပဲ မဟုတ်လား။

ဘဘကတော့ ဘဘသမီးတွေနဲ့ လာတွေ့တဲ့အခါ ဦးသာခင်ဂိုက်လည်း မဖမ်းချင်ဘူး။ ဦးနွယ်စတိုင်လည်း မလုပ်ချင်ဘူး။ သူတို့လို အဘိုးကြီး မဖြစ်ချင်ဘူး။

ဒါကြောင့် ဘဘက ကိုယ့်သမီးတွေကို (သူငယ်ချင်းက သူငယ်ချင်းကို သိသလို) ကြောင်တာတွေရော ၊ ပေါတာတွေရော၊ ညံ့တာတွေရော၊ ခံစားရတာတွေရော၊ စိတ်ထဲရှိတာတွေရော အကုန်ပြောထားချင်တာ။ သမီးတွေက ဘဘကို ကိုယ့် သူငယ်ချင်းလို သဘောထားအောင် လုပ်ထားချင်တာ။

အဘိုးကြီးဖြစ်လာလို့ ကိုယ့်သမီးအိမ်ရောက်လို့မှ "ဆွေလိုမျိုးလို သဘောထားပြီး ဝက်သားကလေးချက်မကျွေးတော့ဘူးလား သမီးရယ်" လို့ ရယ်စရာမပြောရရင် ဘဘတော့ သမီးတို့ဆီ မလာချင်ပေါင်လို့ ထင်တာပဲ။

အဲဒီလို ပြောရမှလည်း မတော်တဆ အဘိုးကြီးဖြစ်ရကျိုးကလေး နပ်မှာပဲလို့ ထင်ပါတယ်။

ဟုတ်တယ်လေ။ သမီးတို့ စဉ်းစားကြည့်ပါလား။ ဦးသာခင်အိမ်ရောက်လာလို့ အုန်းထွန်းနဲ့ စကားပြောတဲ့အခါ "ဟော့ကောင် မင်းကလည်း နဖူးကြီး တပြောင်ပြောင်နဲ့ ငါနဲ့ အပြိုင်ဖြစ်နေပြီ" လို့ ပြောနိုင်တဲ့ သူငယ်ချင်းလို ဆက်ဆံမှုမျိုးရှိရင် သူ့ခမျာ ဘယ်လောက်ပျော်စရာကောင်းမလဲ။

တကယ်ပဲ သမီးရယ် ဘဘ စိတ်မှာလေ ပျော်စရာမကောင်းတဲ့ အဘိုးကြီးဖြစ်ရမှာ သိပ်ပျင်းတာပဲ။

မပြောနိုင်ဘူး။ ဖြစ်ရချင်ဖြစ်ရနေမှာ။

ဘဘက ခုတောင် တစ်ခါတလေ ပျင်းနေရတယ်။ လူကလည်း အဘိုးကြီးဖြစ်လာနေပြီကိုး။ မတတ်နိုင်ဘူး။ အသက်ကလည်း ကြီးလာနေမှပဲ။

ဘာဘ နောင်တရတာ မဟုတ်ဘူး။ ဒါပေမဲ့ တစ်သက်လုံး ကိုယ့်ဖို့ နဲ့သူများဖို့ မျှတဝေခြမ်းပြီးနေခဲ့တာဆိုတော့ ကိုယ့်မှာလည်း ဘာမှမရှိ။ ကျန်းမာရေးကလည်း သိပ်မကောင်းချင်ဘူး။ တစ်သက်လုံး မအိပ်မနေ ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲသလို စာဖတ်စာရေးနေခဲ့တာ အသက်ကြီးလာတော့ ကျန်းမာရေးက စကားပြောချင်လာတယ်။

နောက်ထပ် ၁၅ နှစ်– နှစ် ၂၀ လောက် အလုပ်လုပ်နိုင်ဦးမယ် ဆိုပေမဲ့ ဒီလိုနေသွားရင် အသက်က ရှည်ချင်မှ ရှည်မှာ။ အသက်ရှည်ရင် လည်း (စားရမဲ့ သောက်ရမဲ့ မဟုတ်တောင်) ချောင်ချောင်လည်လည်တော့ ဖြစ်မှာ မဟုတ်ဘူး။ အဲဒီလို အခါမှာ ပျင်းစရာကောင်းတဲ့ အဘိုးကြီးလည်း ဖြစ်နေရဦးမယ်ဆိုရင် ဘယ်နိုပ်ပါ့မလဲ။ မဟုတ်ဘူးလား။

ဒါကြောင့် ဘာဘက မသေလို့ အဘိုးကြီးဖြစ်ရရင်လည်း ပျော် စရာကောင်းတဲ့ အဘိုးကြီး၊ ပျော်စရာကောင်းတဲ့ နောက်ကြောင်းတွေ စားမြုံ့ပြန်စရာအများကြီးရှိတဲ့ အဘိုးကြီးဖြစ်ချင်တယ်။

ပျော်စရာကောင်းတဲ့နောက်ကြောင်းတွေဆိုတာက ကိုယ့်ကခင်တဲ့ သူငယ်ချင်းတွေအကြောင်း၊ ကိုယ်ပျော်ပျော်ရွှင်ရွှင်နေခဲ့ရတဲ့ နေရာဒေသ တွေအကြောင်း၊ သူတစ်ပါးအပေါ် ကိုယ်ကကောင်းခဲ့ရတဲ့အကြောင်းတွေ ပေါ့သမီးရယ်။

ကိုယ့်ကိုခင်တဲ့သူငယ်ချင်းတွေဆိုတာ ပြန်တွေးကြည့်တော့ အတော်ရှားသား။ အသက်ကြီးကာမှ သိရတဲ့ အသိတွေကတော့ တစ်ပုံကြီး ပေါ့။ ဒါပေမဲ့ သူငယ်ချင်းကတော့ ရှားလှတယ်။ အဲဒီသူငယ်ချင်းက စာ တတ်ချင်မှ တတ်မယ်။ ပိုက်ဆံရှိချင်မှ ရှိမယ်ပေါ့။ ဒါပေမဲ့ သူငယ်ချင်းပဲ။ သူတို့အကြောင်း ပြန်စဉ်းစားရတာက ပျော်စရာကောင်းတဲ့နောက်ကြောင်း တွေကို အများကြီးပြန်ပေါ်လာစေတယ်။

ဒါကြောင့် သမီးလေးကို ဘာဘ ခဏခဏပြောတာပေါ့။ သူငယ်ချင်းတွေနဲ့ ရန်မဖြစ်နဲ့။ ချစ်ပြီးသား သူငယ်ချင်းနဲ့ မမုန်းရစေနဲ့၊ သူငယ်ချင်းအပေါ် ကိုယ်က ကောင်းရမယ်လို့ ဆိုတာပေါ့။

သူငယ်ချင်းနဲ့ အသိဘယ်လောက်ကွာသလဲဆိုတာ ဘာဘ

ဘယ်လိုပြောပြရမယ်တောင် မသိဘူး။ သူငယ်ချင်းဆိုတာ တွေ့လိုက်ရရင် ပျော်တယ်။ ပြောစရာစကားတွေ အများကြီးပဲ။ ပွင့်လင်းတယ်။ လွတ်လပ်တယ်။

အသိကျတော့ ဒီလိုမဟုတ်ဘူး။ တွေ့လိုက်ရင် ပျော်ကောင်း ပျော်ရပေမဲ့ ပြောစရာစကားကတော့ အကန့်အသတ်နဲ့ ဖြစ်နေပြီ။ အကြောင်းအရာရွေးနေပြီ။

တခြားမကြည့်နဲ့၊ ဘဘ ကိုသိန်းမောင်နဲ့ သိပ်ခင်တယ်။ သူကလည်း ဘဘအပေါ် သိပ်ကောင်းတယ်။ ဒါပေမဲ့ သူနဲ့ဘဘက သူငယ်ချင်းမဟုတ်ဘူး။ သိပ်ခင်တဲ့ အသိပဲ။ ဒါပဲ။ ဒီလောက်ပဲ။

ဒီတော့ သူနဲ့တွေ့ရင် ဘဘ ပျော်တယ်။ သူကလည်း ပျော်တယ်။ ဒါပေမဲ့ စာပေအကြောင်း၊ နိုင်ငံရေးအကြောင်းပဲ ပြောစရာရှိတယ်။ အရက်သောက်ရင်အတူ သောက်ရုံပဲရှိတယ်။ ဒါပဲ။ ဒီလောက်ပဲ။

တကယ်တမ်းဆိုရင် ဘိုးသူတော်နဲ့ တွေ့ရတာလောက် ပျော်ရတယ်ထားဦး။ ဘိုးသူတော်နဲ့လို ပြောစရာစကားက သိပ်မများလှဘူး။ နောက်ကြောင်းစားမြုံ့ပြန်စရာက သိပ်မများလှဘူး။

သူ့သားတွေနဲ့ကျတော့ ဘဘက သူငယ်ချင်းလိုဖြစ်နေတော့ ခင်လည်းခင်တယ်။ ပြောစရာစကားတွေလည်း အများကြီးပဲ။ ပြီးတော့ သူ့သားတွေကလည်း ဘဘကို အကုန်ပြောဝံ့တယ်။ မိန်းမခိုးလာတာတောင် သူ့အဖေကို မပြောဘဲ ဘဘဆီလာတယ်။ ဘဘကလည်း မပြောဘူး။ ကိုသိန်းမောင်ကတော့ စိတ်ပူနေတာပေါ့။ သူသတင်းစာထဲက ကြော်ငြာတယ်။ မပေါ်လာဘူး။ ဘဘကြော်ငြာခေါ် မှလာတယ်။ နောက်ကောင်တွေလည်း ဒီလိုပဲ။

ဒါကြောင့် ကိုသိန်းမောင်က သူ့သားတွေကို ဘဘ မွေးတာပါ။ သူ့သားတွေကလည်း ဘဘကို သူ့ထက်ပိုယုံပါတယ်လို့ ခဏခဏပြောတာ။

ပျော်စရာကောင်းတဲ့နေရာဒေသတွေအကြောင်းကလည်း စားမြုံ့ပြန်လို့ သိပ်ကောင်းတယ်။

ဘာဘ လန်ဒန်တို့ ရောမတို့ ပြန်သွားရတော့ သိပ်ပျော်တာပဲ။ ဒီနေရာတွေမှာ ကိုယ်နေခဲ့ရတယ်။ အဲဒီအချိန်တုန်းက အကြောင်းတွေ ပြန်စဉ်းစားမိတော့ ပျော်တယ်။

၁၉၅၆ ခုနှစ်က မင်းယုဝေတို့ ငွေတာရီတို့နဲ့ ရောမကို ဘာဘ ရောက်ခဲ့တယ်။ အဲဒီအချိန်တုန်းက ခရီးက အရှည်ကြီးပဲ။ လန်ဒန်က နေ အမ်စတာဒမ်၊ အဲဒီကနေ ဘရပ်ဆယ်၊ ပါရစ်၊ ဂျနီဗာစတဲ့နေရာတွေ အများကြီးကို ဖြတ်လာတာ။ ခရီးရှည်တော့ ငွေကုန်တာပေါ့။

ရောမရောက်တော့ ဘာဘတို့မှာ ပိုက်ဆံက သိပ်မရှိတော့ဘူး။ ဒါနဲ့ ဟိုတယ်ကောင်းကောင်းမှာလည်း မနေနိုင်ဘူး။ ကောင်းကောင်းမနေ နိုင်ရုံ မဟုတ်ဘူး။ အခန်းကောင်းကောင်းမှာကို မနေနိုင်ဘူး။ ဒီတော့ ဈေးပေါတဲ့ အခန်းကျယ်ကျယ်တစ်ခန်းငှားပြီး သုံးယောက်အိပ်ရတယ်။ အနေရအထိုင်ရ သိပ်ကျပ်တာပေါ့။

ပြီးတော့ ရောမက ဆွစ်ဇာလန်ကို အသွားလမ်းမှာ ဗီဇာဆိုတဲ့ နိုင်ငံကူးဝင်ခွင့်လက်မှတ် ရက်လွန်နေတာနဲ့ အဖမ်းခံရတယ်။ ပိုက်ဆံက လည်း မရှိတော့ဘူး။ တောင်းပန်ပေမဲ့ မရဘူး။ ဥပဒေအတိုင်း ဘာဘတို့ ကို ဆွစ်ဇာလန်ကနေပြီး အီတလီကို ပြန်ပို့တယ်။ အီတလီမှာ ပိုက်ဆံ မရှိတော့ ဟိုတယ်မတည်းနိုင်ဘူး။ ဘူတာမှာ ညအိပ်ရတယ်။ အရေးထဲ ဘူတာမှာ အိပ်တဲ့လူတွေကို ပုလိပ်က လိုက်ဖမ်းနေလို့ ငုတ်တုတ်ထထိုင် နေရသေးတယ်။

ဒါတွေကို ဘာဘ ပြန်သတိရပြီး ပျော်ရသေးတယ်။

လန်ဒန်ရောက်တော့လည်း ဘာဘနဲ့အတူ လည်ခဲ့တဲ့ ဘာဘရဲ့ အင်ဒိုနီးရှားသူငယ်ချင်းကို သတိရတယ်။

ဘာဘ ဥရောပမှာ နေတုန်းက ပိုက်ဆံရှိရင် လျှောက်လည်တာပဲ။ အပိုလိုက ဘာဘကို ကားဝယ်လာခဲ့ဖို့ ခိုင်းတယ်။ ဘာဘကတော့ ရှိသမျှ ငွေအကုန်သုံးပြီး လျှောက်လည်တာပဲ။ ဒါကြောင့် ဥရောပတစ်ခွင်ပြိုပြိုစင် အောင် ဘာဘ ရောက်ဖူးတာပဲ။ ငွေရှိရင် ဘာလုပ်မလဲ၊ ကားဝယ်ခဲ့ရင် ဘာလုပ်မလဲ။ ဒီလိုလျှောက်လည်ရတော့ အဘိုးကြီးဖြစ်ချိန်မှာ ပြန်စဉ်း

စားရင် ပျော်ရတယ်။ အဲဒါက ပိုက်ဆံထက် မော်တော်ကားထက် အဖိုးတန်တယ်လို့ ဘဘ နားလည်တယ်။

ဒါကြောင့်မို့ သမီးတို့ကို ဘဘက လျှောက်လည်စေချင်တာ၊ နေရာအနှံ့ရောက်စေချင်တာ။ ဖြစ်နိုင်ရင် နေ့ရာသီလုပ်အားပေးရမယ်၊ 'အ' သုံးလုံးလုပ်အားပေးတို့ ဘာတို့ လိုက်ရမယ်။ အတွေ့အကြုံဆိုတာ သိပ်အဖိုးတန်တာ သမီးရဲ့။

အဲဒီလိုနေရာဒေသတွေ အများကြီးရောက်ဖူးတာဟာ အသက်ကြီးလာတော့ ပြန်စဉ်းစားလိုက်ရင် ပျော်ရတယ်။ လွမ်းရတောင်မှ ပျော်ပျော်ကလေး လွမ်းရတယ်။

ပြီးတော့ အဲဒီလိုနေရာဒေသအသစ်တွေ သွား၊ လူသစ်တွေတွေ့တော့ သူငယ်ချင်းလိုခင်တာ မဟုတ်ပေမဲ့ လူတွေရဲ့ ကူညီတတ်ပုံ၊ စောင့်ရှောက်တတ်ပုံ၊ ဖော်ရွေတတ်ပုံတွေကို များများတွေ့ရပြီး "သြော် လူဆိုတာ ကောင်းတတ်တဲ့ သတ္တဝါတွေပါလား။ လူတိုင်းဟာ ညစ်ပတ်ဆိုးယုတ်နေတာ မဟုတ်ပါလား။ လူ့စိတ်ဆိုတာ ဒါပါလား" လို့ တွေးမိတတ်တယ်။

အဲဒီအခါမျိုးမှာ လူတွေအပေါ် ခါးသီးတဲ့စိတ်၊ နာကြည်းတဲ့စိတ်၊ ရွံ့ရှာစက်ဆုပ်တဲ့စိတ်တွေရှိနေတယ်ဆိုရင်တောင် အများကြီးလျော့ပါးသက်သာသွားတယ်။ လူလူချင်းပိုပြီး ထောက်ထားတဲ့စိတ်၊ စာနာတဲ့စိတ်၊ ခင်မင်တွယ်တာတဲ့စိတ်တွေ ပိုမိုတိုးပွားလာတယ်။ သူစိမ်းလူတွေက ကောင်းတာနဲ့ ကိုယ့်မှာ လူစိတ်သူစိတ်ကြီးထွားလာရတယ်။ အဲဒါလည်း အကျိုးတစ်မျိုးပဲပေါ့ သမီးရယ်။

လောကမှာ လူဆိုတာ ကောင်းတတ်ပါတယ်။ သူတစ်ပါးကို ကြင်နာဖို့၊ ကူညီဖို့၊ စောင့်ရှောက်ဖို့ဆိုတဲ့ စိတ်ကောင်းတွေရှိတတ်ပါတယ်။ ဗြဟ္မစိုရ်တရားဆိုတာပေါ့။ မကောင်းတဲ့လူတွေ၊ မကောင်းတဲ့စိတ်ထားတွေ၊ မကောင်းတဲ့အကြံတွေလည်း ရှိသပေါ့။

သူများတွေ ကောင်းကောင်း မကောင်းကောင်း ကိုယ်ကတော့ တတ်နိုင်သမျှ စိတ်ကောင်းမွေးရမယ်၊ စိတ်ကောင်းမွေးရုံ မဟုတ်ဘူး။

လက်တွေ့လည်း ကောင်းအောင် ကျင့်ကြံအားထုတ်ရမယ်။ အဲဒီလို လူတစ်ဖက်သားအပေါ်မှာ ကောင်းခဲ့ရတာကလေးတွေဟာ ပြန်တွေးလိုက်ရင် သိပ်စိတ်ချမ်းသာတယ်။ သိပ်ပျော်တယ်။ မကောင်းတာလုပ်မိ၊ ကြံမိ၊ ပြောမိတာတွေ စဉ်းစားမိရင် ပြစ်မှုကျူးလွန်ထားသလို လိပ်ပြာမသန့်ဖြစ်ရတယ်၊ စိတ်ညစ်ရတယ်။

ဒီတော့ အကောင်းဆုံးနည်းက နေ့တိုင်းညအိပ်ရာဝင်ရင် ဘုရားရှိခိုးသလို (တစ်ခါတည်း ပုဆိန်ပေါက်ပေါက်ပြီး လှဲအိပ်တာပြောတာမဟုတ်ဘူးနော် သမီးလေး) ငါတစ်နေ့လုံး ဘာတွေလုပ်ခဲ့သလဲ။ ဘာတွေကောင်းတာလုပ်ခဲ့သလဲ၊ ဘာတွေ မကောင်းတာလုပ်ခဲ့သလဲလို့ ပြန်ပြီးဆန်းစစ်ရမယ်။ အဲဒီအခါမှာ မကောင်းတာလုပ်မိတာများရင် အိပ်မပျော်တော့ဘူး။ နောင်တရနေရော။ ဒီလိုနေ့တိုင်း ဒဏ်ခတ်ခံနေရရင်ကြာတော့မကောင်းတာ မလုပ်မိတော့ဘူး၊ အကျင့်မပါတော့ဘူး။

ကောင်းတာတွေ များများလုပ်မိရင်တော့ ပျော်တာပေါ့။ စိတ်ချမ်းသာတာပေါ့။ လွယ်လွယ်နဲ့ အိပ်ပျော်တာပေါ့။

အဲဒီလို တစ်နေ့ကိစ္စကလေးကို တစ်ဘဝလုံးနဲ့နှိုင်းယှဉ်ကြည့်ရင် အဘိုးကြီးဘဝဟာ ညနဲ့တူတာပဲ။ မကောင်းတာတွေ လုပ်တာများရင် အိပ်မပျော်သလို အသေဖြောင့်မှာ မဟုတ်ဘူး။ တစ်နေ့တာမှာ ကောင်းတာတွေ လုပ်တာများလို့ အိပ်ပျော်သလို ဘဝမှာလည်း ကောင်းတာတွေလုပ်တာများရင် အသေဖြောင့်မှာပဲ၊ အဲဒီလိုပဲ ဘဘ တွေးမိတယ်။

သူများက မကောင်းတာလုပ်ရင် ဘယ်ခံနိုင်မလဲဆိုတဲ့ မာနတရားကတော့ လူတိုင်းမှာရှိတာပေါ့။ ဘဘလည်း ရှိတာပဲ။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်က သူများကို မကောင်းမလုပ်မိ၊ မကောင်းမကြံမိအောင်တော့ အမြဲတမ်း ချင့်ချိန်နှိုင်းဆဖို့လိုတယ်။ ငွေစုတာထက် အဲဒီလိုအကောင်းလုပ်တာကလေးတွေ စုရတာက အဖိုးတန်လိမ့်မယ်လို့ ဘဘ ထင်တယ်။ အသက်ကြီးလာလို့ ဘိုင်ပြတ်နေကာမှ "အကောင်းစုဦးဟဲ့၊ စုဦးဟဲ့၊ နင့်အကောင်းတွေက ကိုက်စားလို့ရသလား" လို့ ဘဘ ကိုယ်ကိုဘဘ အပြစ်တင်မိမလားတော့ မသိနိုင်ဘူးပေါ့။

ဘဘပြောချင်တာက သူများကို အကောင်းလုပ်ဖို့၊ အကောင်း မြင်ဖို့ဆိုတာ ကိုယ့်စိတ်ဓာတ်ကို မြင့်မားအောင်၊ ခိုင်မာအောင်၊ ပြည့်ဝ အောင် လုပ်တာတစ်မျိုးပဲ။

အဲဒီလိုလုပ်နိုင်အောင် အင်္ဂလိပ်လို sense of humour လို့ ခေါ်တဲ့ စာနာထောက်ထားခွင့်လွှတ်ပျော်ရွှင်တဲ့ စိတ်မွေးရမယ်။ အင်္ဂလိပ်လို fortitude လို့ခေါ်တဲ့ လောကဓံကို ရင်ဆိုင်ဝံ့တဲ့ ကြံ့ခိုင်တဲ့စိတ်မွေးရမယ်။

sense of humour အကြောင်းကိုတော့ သမီးတို့ကို ပြောပြဖူးပြီ ထင်တယ်။ သဘောကတော့ ဘယ်အရာကိုဖြစ်ဖြစ် အကောင်းဘက်က မြင်၊ ခွင့်လွှတ်တဲ့စိတ်မွေး၊ ဉာဏ်ရွှင်တဲ့ သဘောထားတတ်ရင် ဘယ်တော့ ဖြစ်ဖြစ် သူတစ်ပါးအပေါ် ကောင်းတာလုပ်နိုင်မှာပဲ။

ကိုယ်ကကောင်းပြီး ကိုယ့်ကိုမကောင်းတဲ့လူ၊ မညာတဲ့လူ၊ မထောက်ထားတဲ့လူ၊ မကြင်နာတဲ့လူဆိုတာ ဘဝမှာကြုံရမှာပဲ။ ဘယ် တတ်နိုင်မလဲ၊ လူအမျိုးမျိုး စိတ်အထွေထွေဆိုတဲ့ စကားအတိုင်းပဲပေါ့။ ဒါပေမဲ့ ဒီလိုလူမျိုးဆိုတာ လူနည်းစုပဲ။ ဒီလူလုပ်ပုံ မကောင်းပေမဲ့ သူ့ကိစ္စနဲ့ သူအလုပ်မဖြစ်လို့ လုပ်တာဖြစ်မှာပေါ့။ သူလုပ်ပုံ ရယ်စရာတောင် ကောင်း သေးတယ်လို့ တွေးပြီး သက်ညှာနိုင်၊ ခွင့်လွှတ်နိုင်၊ ပျော်စေပြက်စေ သဘောထားနိုင်ရင် သူ့အပေါ်မှာ ကိုယ်က ဘာမှမကောင်းလုပ်စရာ၊ မကောင်းကြံစရာ၊ မကောင်းမြင်စရာ မရှိတော့ဘူး ပေါ့။ ညကျအိပ်မပျော် စရာ ပြစ်မှုမကျူးလွန်မိတော့ဘူးပေါ့။

နောက်တစ်မျိုးဖြစ်တဲ့ fortitude ဆိုတာက လောကဓံကို ရင်ဆိုင် ရဲတဲ့ သတ္တိပဲ။ ဒါလည်း အပြောလွယ်ပေမဲ့ အလုပ်ခက်တာ အမှန်ပဲ။ အဲဒီစိတ်ဓာတ်ကို ရင့်သန်အောင် မွေးဖို့က တကယ်တော့ခက်သား။

ဒီလိုရှိတယ် သမီးရယ်။ လူဆိုတာ ဆူကြုံနိမ့်မြင့်ဖြစ်ရတာမျိုးပဲ။ မှန်ကင်းတစ်လှည့် ထင်းတစ်လှည့် ဖြစ်ရတာမျိုးပဲ။ ရယ်ရတဲ့အခါရှိသလို၊ ငိုရတဲ့အခါလည်း ရှိတယ်။ ချမ်းသာတဲ့အခါ ကြုံရသလို ဆင်းရဲတဲ့အခါ လည်း ကြုံရတတ်တယ်။

ဘယ်လိုအခြေအနေပဲ ရောက်ရောက် ကိုယ်ကလောကဓံကို

ရင်ဆိုင်နိုင်ရင် သူတစ်ပါးအပေါ် မကောင်းမမြင်၊ မကောင်းမလုပ်၊ မကောင်းမကြံမိနိုင်ဘူး။

ဆိုလိုတာက ဒီလို သမီးရယ်။ တစ်ခါတလေ ကိုယ့်မှာ ဒုက္ခကြုံတတ်တယ်။ အဲဒီအခါ မျက်နှာလွှဲနေတဲ့ လူလည်းရှိတယ်။ အဆက်အဆံမလုပ်တဲ့ လူလည်းရှိတယ်။ အဆက်ဖြတ်တဲ့လူလည်း ရှိတယ်။ ရှောင်တဲ့လူလည်း ရှိတယ်။ ဒါတွေကို စိတ်နာတယ်ဆိုတာ လောကဓံကို မရင်ဆိုင်နိုင်တာပဲ။

တစ်ခါ ကိုယ့်မှာ ချမ်းသာစည်းစိမ်ပြည့်ဝတဲ့ အခါလည်း ရှိတတ်တယ်။ အဲဒီအခါမှာ ကိုယ့်ထက် ဆင်းရဲနိမ့်ကျတဲ့လူကို မထီမဲ့မြင်ပြုမိတာ၊ မောက်မာမိတာမျိုး နှိမ်မိတာစတဲ့ မကောင်းတဲ့ အလုပ်၊ မကောင်းတဲ့အကြံ၊ မကောင်းတဲ့အမြင်တွေ ပြုလုပ်မိတတ်တယ်။ ဒါလည်း လောကဓံကို မရင်ဆိုင်နိုင်တာပဲ။ လောကဓံကို ကြံ့ကြံ့ခံနိုင်တဲ့ စိတ်မရှိတာပဲ။

သမီးတို့လည်း ဒုက္ခကြုံဖူးတာပဲ။ သိပြီးသားဖြစ်မှာပေါ့။ ဘဘ သမီးတွေက နှစ်ကောင်စလုံး ဇာတာကောင်း လက္ခဏာကောင်းတွေမို့ ဆင်းရဲမှာလည်း မဟုတ်ဘူး၊ ဒုက္ခကြုံမှာလည်း မဟုတ်ဘူး။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဘယ်ဘဝရောက်ရောက် လောကဓံကို ခေါင်းအေးအေးနဲ့ ရင်ဆိုင်နိုင်ရမယ်၊ ကိုယ်က နိမ့်လို့ဖြစ်ဖြစ်၊ ကိုယ်ကမြင့်မားလို့ဖြစ်ဖြစ်၊ သူတစ်ပါးအပေါ်မကောင်းမလုပ်၊ မကောင်းမကြံ၊ မကောင်းမမြင်မိအောင် သတိထားရမယ်။

အဲဒီတရား နှစ်ပါးကို လက်ကိုင်ထားရင် သူတစ်ပါးအပေါ်မှာ မကောင်းလုပ်မိတာ၊ ကြံမိတာ၊ မြင်မိတာနည်းမှာပဲ။ အကောင်းလုပ်မိတာ၊ ကြံမိတာ၊ မြင်မိတာများမှာပဲ။ အဲဒီလိုအကောင်းလုပ်မိတာတွေများရင် ဘဝဟာ ပျော်စရာကြီးဖြစ်ရတော့မှာ မလွဲတော့ဘူးပေါ့။

ကဲ စာလည်းရှည်သွားပြီ။ သမီး ဖတ်ရတာပျင်းပလား။ ညောင်းပလား၊ လက်ရေးဖတ်တတ်ရဲ့လား။

ဘဘကလည်း သတင်းစာဆရာဉာဉ်ကပါနေပြီ။ လူတတ်လုပ်ချင်တာ၊ ဆရာလုပ်ချင်တာတွေများနေပြီ ထင်ပါရဲ့။

တခြားလူ ပြောစရာမရှိတိုင်း သမီးတွေကိုချည်း တရားဟောချင်၊ ဩဝါဒပေးချင်၊ ပညာပေးချင်၊ ဆုံးမချင်ဖြစ်နေတယ်။ အေးလေ တခြားလူသွားပြီး ဒီလိုလုပ်နေရင်လည်း အဆဲခံရဖို့ပဲရှိတော့မှာပေါ့။

ဒီတော့ စိတ်လည်း မဆိုးပါနဲ့ သမီးတို့ရယ်။ ဘဘ ရန်ကုန်ရောက်တဲ့ ပေါက်တဲ့အခါလည်း ဆွေလိုမျိုးကို သဘောထားပြီး ဝက်သားကလေး ဘာလေးချက်ကျွေးပါဦးလေ။ ဟုတ်လား။

တကယ်ပြောရရင် ဒီလိုစာတွေက သမီးတို့ ငါးတန်းလောက်ရောက်ကတည်းက ဘဘရေးချင်နေတာ။

ခုလို ၉ တန်း ၁၀ တန်းလောက်ဆိုရင် ကဗျာအကြောင်းတွေ၊ ဂီတအကြောင်းတွေ၊ သဘင်အကြောင်းတွေ (အမာစိန်[၁] မပါဘူးနော်) ပန်းချီအကြောင်းတွေ၊ နိုင်ငံရေး၊ စီးပွားရေး၊ သိပ္ပံ၊ အာကာသအကြောင်းတွေ ပြောချင်တာ။

ပြောချင်တာတွေကတော့ စုံနေတာပဲ။ ငှက်ကလေးတွေ မိုင်ထောင်သောင်းပျံပြီး နေရာပြောင်းကြပုံတွေလည်း ပြောချင်တယ်။ သမုဒ္ဒရာထဲက ခရုရောင်စုံကလေးတွေ အကြောင်းလည်း ပြောချင်တယ်။ အင်္ဂါဂြိုဟ်က အရန်ဂြိုဟ် နှစ်လုံးအကြောင်းလည်း ပြောချင်တယ်။ အီဂျစ် ပိရမစ်ဆောက်ပုံတွေကိုလည်း ပြောချင်တယ်။ ဆိုရှယ်လစ်ဝါဒအကြောင်းလည်း ပြောချင်တယ်။ ဒေါ်လာဈေးကျတဲ့အကြောင်းတွေလည်း ပြောချင်တယ်။

ခက်တာက ခွေးကောင်တွေက စာလည်း မဖတ်တတ် (ကြူမွေးကိုပြောတာ မဟုတ်ဘူး) စာလည်း မရေးတတ်၊ ကဗျာလည်း မစပ်တတ်၊ ကျောင်းကောင်စီမှာလည်း မပါတတ်၊ ဒီတော့ ဘဘက ဘာသွားရေးရမှာလဲ။

သမီးတို့ကို ဘဘက အပြစ်တင်တာ မဟုတ်ပါဘူး။ ဟိုကောင်ပျင်းတာကို ဆုံးမချင်တာ၊ သူမိန်းမရခါစကတည်းက "ဟေ့ကောင် စာဖတ်၊ အိမ်မှာ စာအုပ်စင်ကောင်းကောင်းလုပ်။ ဟေ့ကောင် ဂီတနားထောင်။

---

၁။ အမာစိန် = ထင်ရှားသည့် မြန်မာအကပညာရှင်

ဟော့ကောင်ကလေးတွေမှာ ကြင်နာတဲ့ စိတ်၊ ဝေချင်မျှချင်တဲ့ စိတ်ပေါ် အောင်...

(နောက်ဆုံးစာမျက်နှာရှာမရ)

## ပေးစာအမှတ်(၇)

၁၈–၁၀–၇၁

**သမီးတွေ**

ဘဘတော့ ကျပ်ကျပ်တည်းတည်းနဲ့ပဲ မနေ့က ပြန်ရောက်တယ်။ အလုပ်တွေက တစ်ပုံကြီးစောင့်နေလို့ သမီးတွေဆီကို စာမရေးနိုင်ဘူး။ ဒါနဲ့ တစ်ရက်နောက်ကျသွားတယ်။

ဒါပေမဲ့ ဘဘတိုက်ကိုရောက်ရောက်ချင်း သမီးတွေစာကို တွေ့တယ်။ တစ်နေ့က တွေ့ခဲ့တဲ့ သမီးတွေကို ဒီနေ့ပြန်တွေ့လိုက်ရသလိုပဲ။ ဝမ်းသာသွားတယ်။ သမီးတို့ကျောင်းပိတ်ရက်တုန်းက ရေးထားတဲ့ စာနှစ်စောင်လေ။ စားပွဲပေါ် ရောက်နေတယ်။

သမီးလေးလိမ္မာလာလို့ ဝမ်းသာရတယ်။ သမီးလေးဟာ ရန်မဖြစ်တော့ဘူး။ မိသူကြီးကိုလည်း သည်းညည်းခံတယ်ဆိုလို့ သိပ်ချီးကျူးမိပါတယ်။ ဒါမှပေါ့ သမီးရယ်။

သမီးတွေ စာဖတ်ရတာ ဝမ်းသာ၊ သမီးလေး လိမ္မာတာကြားရလို့ ဝမ်းသာရတဲ့ပြင် ဘဘကို စိတ်ထဲက ကန်တော့လိုက်တယ်ဆိုလို့ ပိုဝမ်းသာရပြန်တယ်။

ကန်တော့တာတို့ ဘာတို့တွေကို ဘဘက သိပ်အယုံအကြည်ရှိလို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကန်တော့ဖော်ရတယ်ဆိုလို့ ဝမ်းသာ

တယ်။ ဒါထက် သမီးတွေ ဘဘကို သတိတရရှိတယ်ဆိုတာ သိရလို့ ပိုဝမ်းသာတယ်။ (ဟုတ်ကော ဟုတ်ရဲ့လားဟဲ့)

တကယ်ပါ။ ဘဘသမီးတွေ လိမ္မာရေးခြားရှိတယ်လို့ ဘဘထင်မိတယ်။ အပြုအမူကလေးတွေ ပိုပြီးချောမွေ့အောင် လုပ်လိုက်ရင် ကိုယ်အမူအရာအားဖြင့် သိပ်လိမ္မာပြီလို့ ဆိုနိုင်တော့မယ်။ စိတ်နှလုံးအားဖြင့်လည်း လိမ္မာအောင် စာဖတ်၊ စဉ်းစား၊ ဆင်ခြင်တဲ့အကျင့်ကလေးတွေ ပိုလုပ်ဦးပေါ့။

သမီးတွေ လိမ္မာရုံမဟုတ်သေးဘူး။ ကိုယ်အမူအရာစိတ်အနေအထား ယဉ်ကျေးသိမ်မွေ့တဲ့အထိ ကြိုးစားပျိုးထောင်ရမယ်။

ဘာလုပ်လုပ် စိတ်ထားရော ကိုယ်အမူအရာပါ နူးညံ့ဖွယ်ရာရမယ်၊ ကြင်နာလိုက်လျောရမယ်၊ ချိုသာရွှင်ပြုံးရမယ်၊ ခွင့်လွှတ်သည်းခံရမယ်။

ဒါတွေကို စိတ်ထဲကလည်း ကျင့်သုံးရမယ်။ ကိုယ်အမူအရာ၊ နှုတ်အမူအရာမှာလည်း ပေါ်လွင်စေရမယ်။

(ဟိုတစ်ညက မိဆွေကို ဘဘက မတော်သေးဘူး ကြိုးစားဦးလို့ ပြောတာနဲ့။ ဟုတ်တယ် ဘာမှမတော်ဘူး။ အားလုံးညံ့တယ်လို့ ကြက်ခေါင်းဆိတ်မခံပြောတာမျိုး မလုပ်ရဘူး။ ဘဘကတော့ ကိုယ့်သမီးဆိုတော့ ဘယ်လိုပြောပြော ဘယ်လို ကျွဲမြီးတိုတို ချစ်စရာကောင်းတယ်ထင်တာပဲ။ ဒါပေမဲ့ တခြားသူတွေဆိုရင် ဒီလိုဘယ်ထင်မလဲ။ ဒီတော့ ဒီလိုကိုယ့်စိတ်နဲ့ မတွေ့တဲ့စကားမျိုး ကြားရင်တောင် ဒီအဘိုးကြီးကလည်း ကြောင်ရှာပါကလား။ ဒီခေတ်မှာ ဘယ်လိုစာကြိုးစားရတယ်ဆိုတာ မသိရှာပါကလား။ ဒါကြောင့် ပြောနေတာကိုးလို့ နူးညံ့ဖွယ်ရာတဲ့ ကိုယ်စိတ်၊ ကြင်နာလိုက်လျောတဲ့ ကိုယ်စိတ်၊ ချိုသာရွှင်ပြုံးတဲ့ ကိုယ်စိတ်အပြုအမူမွေးသင့်တာပေါ့။ ဒါသမီးလေးကို အပြစ်တင်နေတာ မဟုတ်ပါဘူးနော်)

ဒါက တစ်ချက်။ နောက်တစ်ချက်က မိသူ ပြောတယ် မဟုတ်လား။ သမီးလေးက လမ်းသရဲခေါင်းဆောင်ဆိုတာလေ။ သူ့စကားကြားတော့ ဘဘ စိတ်ထဲမှာ စိုးလည်း စိုးရိမ်တယ်။ ရယ်လည်း ရယ်ချင်တယ်။

ကျေလည်း ကျေနပ်တယ်။

ဒီလို သမီးရယ်။ ဒီနေ့ လူငယ်တွေ ဘယ်လိုဖြစ်နေတယ်ဆိုတာ သမီးလည်း သိမှာပဲ။ မှားတာ မှန်တာ မပြောချင်ဘူး။ ပြောရင်လည်း သမီးအမြင်နဲ့ ဘဘအမြင်တူမှာ မဟုတ်ဘူး။ ဒီနေ့ကမ္ဘာမှာ လူငယ် ဘယ်နှသန်းရှိတယ်။ ဗမာပြည်မှာ လူငယ်ဘယ်နှသိန်းရှိတယ်။ အရင်းရှင်နိုင်ငံတွေမှာ လူငယ်တွေ ဘယ်လိုပျက်စီးနေတယ်။ ဆိုရှယ်လစ်နိုင်ငံတွေမှာ လူငယ်တွေ ဘယ်လိုပြုမူနေတယ်ဆိုတဲ့ ကိန်းဂဏန်းတွေ၊ စာရင်းဇယားတွေ၊ အချက်အလက်တွေကို ပြောပြနေရရင် သမီးလည်း နားငြီးမှာပဲ။ သမီးထံသို့ပေးစာ မဟုတ်ဘဲ သတင်းစာခေါင်းကြီးလို ဖြစ်သွားမှာလည်း စိုးတယ်။

ဒါပေမဲ့ နည်းနည်းတော့ ဆွေးနွေးခွင့်ပြုပါ။ ဒီနေ့လူငယ်တွေ ဒိန်းဒိန်းဒေါင်းဒေါင်း သီချင်းတွေ ကြိုက်တယ်။ ဒါလည်း သိပ်အရေးမကြီးဘူး။ ဒီနေ့လူငယ်တွေ ဆံပင်ရှည်တွေ ထားတယ်။ ဒါလည်း သိပ်အရေးမကြီးဘူး။ ဒီနေ့လူငယ်တွေ အဝတ်အစားဆန်းတွေ ဝတ်တယ်။ ဒါလည်း သိပ်မဆန်းဘူး။

ကျောက်တိုင်တို့ ငယ်ငယ်တုန်းကလည်း အဲဒီအချိန်က ခေတ်စားတဲ့ မြကြီးသီချင်းတွေ ဟစ်တာပဲ။ ခုဟစ်ချင်သေးသလား။ မဟစ်ချင်တော့ဘူး (ဒီကောင်သာ နည်းနည်းပေါကြောင်ကြောင်မို့ တစ်ခါတစ်ခါ မြကြီးသီချင်းဟဲနေသေးတာ)

အုန်းထွန်းတို့ ငယ်ငယ်တုန်းကလည်း ဆံပင်ရှည်ရှည်ထားပြီး အမောက်ထောင်တာပဲ။ ခုထောင်ချင်သေးသလား။ မထောင်ချင်တော့ဘူး (ဒီကောင်အမောက်ထောင်ချင်လည်း မရတော့ဘူး။ နဖူးပေါ်မှာ ဆံပင်မှမရှိတော့ပဲဟာ)

ဘဘတို့ငယ်ငယ်တုန်းကလည်း ဘလေဇာကုတ်အင်္ကျီတို့၊ ဂန်းဘွတ်ဆိုတဲ့ ဒူးဆစ်ဖုံးဖိနပ်ရှည်တို့ ဝတ်ကြတာပဲ။ ခုဝတ်ချင်သေးသလား။ မဝတ်ချင်တော့ဘူး။ (ဘဘမဝတ်ချင်တာကတော့ ဇော်ဝမ်းနဲ့ အပြိုင်မင်းသားလုပ်ခိုင်းမှာ စိုးလို့ပါ)

ဒါခေတ်ပဲ သမီးရဲ့၊ ခေတ်ဆိုတာ ပြောင်းတာပဲ။ ဘာမှမဆန်းဘူး။ ဆိုပါတော့။ ဘဘတို့ငယ်ငယ်တုန်းက ဘောင်းဘီဝတ်ရင် ခြေဖျားပွရတယ်။ ဘောင်းဘီခြေဖျားဟာ ဖိနပ်ဦးနဲ့ ထိရတယ်။ အဲဒီခေတ်ကနေပြီး ဘောင်းဘီကျပ်ခေတ်ရောက်တယ်။ ဟောနောက်ဆုံး ခေါင်းလောင်းဘောင်းဘီခေတ်ရောက်ပြီ။ ဒီတော့ ခေတ်ဆိုတာ ဘာဆန်းသလဲ။

အဲဒီမဆန်းတဲ့ခေတ်ထဲမှာ လူတွေဟာ ပေါကြောင်ကြောင် လှုပ်ရှားနေတာပဲ။ အဲတစ်ခါ လူတွေထဲမှာ အကြောင်ဆုံးအရွယ်ဖြစ်တဲ့ လူငယ်တွေက ပေါက်ကွဲခမန်း လှုပ်ရှားနေတာပဲပေါ့။

(ဒါက သိပ်မဆန်းဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀၀ လောက် ညောင်ရမ်းခေတ်တုန်းက လမ်းသရဲလိုကောင်တွေ ဘုရင့်ရွှေမြို့တော် လမ်းမကြီးတွေပေါ်မှာ သံသေးသံကြောင် အော်လွန်းလို့ ဘုရင်ကိုယ်တိုင် အမိန့်ထုတ်ပြီး တားယူရတယ်ဆိုတဲ့ သမိုင်းအထောက်အထားတွေ ရှိသားပဲ။ ပြီးတော့ ဒီအရွယ်ဆိုတာ နည်းနည်းကတ်ဖိုးကတ်ဖဲ့ ကပေါက်ချိကပေါက်ချာလုပ်ရမှ ကျေနပ်တာမျိုးကလား။ ဒါကြောင့်တောတွေမှာ ကာလသားတွေ ချိန်းရိုက်တာတို့၊ ကြက်ခိုးချက်စားတာတို့ အမြဲရှိတာပေါ့)

ထားပါတော့လေ။ ဒါတွေက လူငယ်တို့ ဘာသာဘာဝပျော်ကြရွှင်ကြတက်ကြွကြတဲ့ ဓမ္မတာသဘောအတိုင်း ပြုမူတာပဲ။

အမှန်ပြောရရင် ဘဘက သမီးတွေကို လူငယ်ပီပီ ပျော်စေချင်တယ်။ ရွှင်စေချင်တယ်။ တက်ကြွစေချင်တယ်။ လိမ္မာတာကောင်းပေမဲ့ ယောဂီယောင်ယောင် ကမ္ဘဋ္ဌာန်းယောင်ယောင်၊ ဝိသာခါသူတော်စင်မကလေးယောင်ယောင်၊ ပေါကြောင်ကြောင်ဖြစ်တာ မကြိုက်ဘူး။

ဘဘက သမီးတွေကို သိမ်မွေ့ပါလို့ ပြောတာက အင်္ဂလိပ်လို poise ရှိတာ decorum ရှိတာ manner ရှိတာကိုဆိုလိုတာ၊ ဘိုးတော်ဘုရားလက်ထက် ဝေါဟာရဖြစ်တဲ့ ဗိုင်းကောင်းကျောက်ဖိလုပ်ခိုင်းတာ မဟုတ်ဘူး။

ဘဘက သမီးတွေကို ကြင်နာလိုက်လျောပါလို့ ပြောတာက သူများလာစော်ကားတာကို ခေါင်းငုံ့ခံဖို့၊ အရှုံးပေးဖို့ ပြောတာ မဟုတ်ဘူး။

ကိုယ့်ဘက်က ဘယ်အခါမဆို သဘောထားကြီးကြီးနဲ့ အနိုင်ယူတတ်ဖို့ ပြောတာ။

ဒီတော့ သမီးတွေ လူငယ်ပီပီပျော်ရွှင်တာ၊ တက်ကြွတာ၊ မဟုတ်မခံတာကို ဘဘ သဘောကျတယ်။ အပေါင်းနဲ့ အသင်းနဲ့၊ အဖွဲ့နဲ့ အုပ်စုနဲ့ နေတတ်တာ သဘောကျတယ်။ ဒါကြောင့် သမီးလေးက လမ်းသရဲခေါင်း ဆောင်လုပ်တယ်ဆိုတော့ ဘဘက ကျေနပ်တယ်လို့ ပြောတာ။

ဒါပေမဲ့ ဘဘ စိုးရိမ်တယ်လို့လည်း စောစောက ရေးခဲ့တယ်နော်။ ဒါဘာကြောင့်လဲ။ သိလား။

သမီးလေးလည်း စာတွေထဲမှာ တွေ့မှာပေါ့။ ဒီနေ့လူငယ်တွေဟာ တက်ကြွရုံပျော်မြူးရုံ မဟုတ်ဘူး။ ဇရုတ်သုတ်ခတွေလည်း လုပ်တယ်။ အပျော်အပါးအားကြီးတယ်။ ဆေးခြောက်ရှူတယ်။ ဘယ်ကောင်းမလဲ။ အမှန်စင်စစ် အဲဒါတွေက စိတ်ပျက်အားငယ်တာ၊ အရှုံးပေးတာ၊ ကိုယ့်ဘဝကိုဖျက်ဆီးတာ။

ဒါမျိုးတွေတော့ ဘဘက လက်မခံဘူး။ ဒီလိုအလုပ်တွေကို သမီးတို့က မိန်းကလေးဆိုတော့ လုပ်မိမှာတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ အဲဒီလိုလုပ်တဲ့ လူညံ့လူရှုပ် လူပျော့တွေနဲ့ ပေါင်းမိသင်းမိအထင်ကြီးမိမှာ စိုးတယ်။ ဒါကြောင့် ဘဘက စိုးရိမ်တယ်လို့ ပြောတာ။

ထားပါတော့ သမီးရယ်။ ဒီကိစ္စတွေ ဆွေးနွေးရတာက ခက်လှတယ်။ ဘဘကလည်း သမီးတွေ နားလည်အောင် ပြောပြရတာ ခက်တယ်။ သမီးတွေ မှန်မှန်ကန်ကန် လူငယ်ဘဝမှာ လူငယ်လို ပျော်ရွှင်တတ်ကြွစေချင်တဲ့ဆန္ဒရှိလို့သာ ပြောနေရတာပါ။

ဘာပဲဖြစ်ဖြစ် သမီးလေးက လိမ္မာတယ်ဆိုတာ ဘဘ ယုံပါတယ်။ အဖွဲ့နဲ့ အသင်းနဲ့ သူငယ်ချင်းနဲ့ နေတတ်တာကိုလည်း ဘဘ သဘောကျပါတယ်။ ခေါင်းဆောင်တတ်တယ်။ ခေါင်းဆောင်ချင်တယ်ဆိုတဲ့ စိတ်ဓာတ်ကိုလည်း အားရပါတယ်။

(ဒီလောက် ချီးမွမ်းခန်းဖွင့်နေတာနောက်တစ်ခါ ရန်ကုန်လာရင် သမီးတို့ လမ်းသရဲဂိုဏ်းက ချောင်းရိုက်မှာ စိုးလို့ မဟုတ်ရိုးအမှန်ပါနော်။

ဒါထက် သမီးတို့ဂိုဏ်းက ဘယ်သူတွေလဲ။ နောက်တစ်ခါ ဘဘဆီ စာရေးရင် နာမည်တွေ ဆက်ဆက်ထည့်ရေးပါ။ ဘဘတောင်းဆိုပါတယ်။ သမီးလမ်းသရဲလုပ်ချင်သလား။ မလုပ်ချင်ဘူးလားဆိုတာလည်း စာထဲမှာ ဆက်ဆက်ထည့်ရေးပါ။ ဘဘ တောင်းဆိုပါတယ်။ )

ဒါထက် အဖေက ဂျူပီတာဂိုဏ်းဝင်ခဲ့တဲ့ ကောင်ပဲ။ ဒီတော့ သမီးလုပ်တဲ့သူက Venus ဆိုပြီး ဂိုဏ်းထောင်ပေါ့။ Venus ဆိုတာက သမီးလည်းသိပြီးဖြစ်မှာပေါ့။ ဗမာလိုသောကြာဂြိုဟ်ခေါ်တယ်။ ဗမာ့အလိုကတော့ သောကြာဂြိုဟ်ဟာ အထက်တန်းစားဂြိုဟ်ပဲ။

ဗေဒင်ကျမ်းတွေ အလိုအရဆိုရင် သောကြာဂြိုဟ်ရဲ့ ပရိယာယ်ဟာ ပစ္စည်းဥစ္စာပြည့်စုံခြင်း၊ အတီးအမှုတ်အကအခုန်၊ သီချင်းကဗျာတို့၌မွေ့လျော်ခြင်း၊ စကားပြောကောင်းခြင်းစသည်တို့ကို ဖြစ်တယ်။

ဂြိုဟ်ပုံသဏ္ဌာန်အားဖြင့်ဆိုရင် သောကြာဂြိုဟ်ဟာ ရောပြွမ်းသော၊ အရောင်အဆင်းစုံသော အဝတ်ကိုဝတ်သတဲ့။ နက်၍ကောက်သောဆံပင်ရှိသတဲ့၊ နေစာမြက်ညွန့်ကဲ့သို့သော ကိုယ်အရောင်အဆင်းရှိသတဲ့၊ ကျယ်သောမျက်လုံးရှိသတဲ့။

သောကြာဂြိုဟ်ရဲ့ ကျက်စားရာအရပ်ကတော့ ဓာတ်ရုပ်ရှင်စသော ကပွဲရုံတွေဖြစ်သတဲ့၊ ဂြိုဟ်ပိုင်စိုးရာ အရပ်ကတော့ အရှေ့တောင်ထောင့်အရပ်ဖြစ်သတဲ့။

သောကြာဂြိုဟ်အုပ်စိုးသော သတ္တဝါများကတော့ သဘင်ပညာသည်၊ သူဌေးသူကြွယ်၊ ကုန်သည်ပွဲစား၊ ရက်ကန်းသည်၊ ဥဒေါင်းစသည်တို့ဖြစ်တယ်တဲ့။ (ခေတ်စကားနဲ့ဆိုရင် သမီးတို့လို လမ်းသရဲတွေလည်းပါမယ် ထင်တယ်။)

သောကြာဂြိုဟ်ရဲ့ အဆင်းက အဖြူ၊ သောကြာဂြိုဟ်ရဲ့ အရသာက အချဉ်၊ သတ္တုက ပုလဲ၊ ဓာတ်က ရေ၊ အဆင့်အားဖြင့် အရှင်၊

ဒါကြောင့် ဂြမာစိန္တာဆိုတဲ့ ဗေဒင်ကျမ်းမှာ သောကြာဂြိုဟ်ရဲ့ ပရိယာယ်ကို "လက်မှုတတ်လှ၊ ရူပရုပ်ထူး၊ သေသောက်ကြူးနှင့်၊ နတ်ရှူးတလီ၊ သီချင်းသည်တို့၊ ပလီစွာဘိ၊ မျက်စိလှစွာ၊ လိမ္မာဆန်းပြား၊

စကား များစွာ၊ အသားဖြူပြာ" လို့ရေးထားတာပေါ့။

ဒါကတော့ ဗေဒင်ကျမ်း၊ နက္ခတ်ကျမ်းတွေရဲ့အလို၊ ဗမာသီချင်းတွေမှာလည်း သောကြာဂြိုဟ်ဟာ အတော် ရေပန်းစားတယ်။ သမီးလေးကြားဖူးမှာပေါ့။

'မျက်လုံးတော်အရောင်၊ သောက်ရှုးကြယ်ညီနောင်' တို့၊ 'ကြယ်သောကြာပြိုင်ရင် ရှုံးပေလိမ့် သူ့အပြုံးဝင်းလက်လို့ထိန်' စတဲ့ ကဗျာတွေ သီချင်းတွေရှိတယ်။

အနောက်နိုင်ငံတွေရဲ့ အယူအဆကတော့ တစ်မျိုးပဲ။

ဗီးနပ် (သောကြာဂြိုဟ်) ကို မိန်းမလှနဲ့ နှိုင်းတယ်။ အလှဆုံး၊ အယဉ်ဆုံး၊ အချောဆုံး မိန်းမလို့ သတ်မှတ်တယ်။ အနောက်နိုင်ငံ ပန်းချီတွေမှာဆိုရင် ဗီးနပ်နတ်သမီးကို ကြာပန်းတွေ ခရုတွေကြားထဲကထွက်လာတဲ့ဟန်လှလှပပ ရေးဆွဲလေ့ရှိတယ်။ ကဗျာမှာ "ရွှေပြဒ့်ကြာအချပ်ကို လှ၊ လေအဟုန်လာ၍ခတ်စဉ်က၊ ကညာနတ်ထွက်ခဲ့တယ်" ဆိုတဲ့ အချုပ်တန်းဆရာဖေရဲ့ ကဗျာသဘောမျိုးပေါ့။

အဲဒီဗီးနပ်နတ်သမီးကို ဂရိလူမျိုးတွေက သူတို့ရဲ့ အလှဆုံးမိန်းမဖြစ်တဲ့ Aphrodite ဆိုတာနဲ့ အတူတူပဲလို့ ယူဆကြတယ်။ ဂရိကျောက်ရုပ်တွေမှာ မိန်းမလှရုပ်မှန်ရင် Aphrodite ရုပ်တွေချည်းပေါ့။ ခုခေတ်တော့ ဗီးနပ်ရုပ်လို့လည်း ပြောကြတယ်။

(စကားစပ်မိလို့ ပြောရရင် ခုခေတ်သမိုင်းဆရာတွေက အဲဒီအဖရိုဒိုက်အရုပ်တွေအားလုံးရဲ့ မူလအရုပ်ဆိုတာကို လိုက်ရှာနေကြတယ်။ ရှေးဂရိစာပေတွေမှာ ပန်းပုဆရာကြီးတစ်ဦးရဲ့ အလှဆုံး အဖရိုဒိုက်ရုပ်အကြောင်း ရေးထားတဲ့ စာတစ်ခုရှိတယ်။ အဲဒီစာကိုကိုးကားပြီး အဲဒီစာထဲမှာ ဖော်ပြထားတဲ့နေရာကို တူးကြတယ်။ အဲဒီနေရာမှာတော့ မတွေ့ဘူး။ တစ်မိုင်လောက်ကွာတဲ့ နေရာမှာ မိန်းမခေါင်းတစ်ခေါင်းတွေ့တယ်။ တကယ့်မူလလက်ဟောင်း aphrodite ခေါင်းပဲဆိုပြီး ဆွေ့ဆွေ့ခုန်နေကြတယ်။ ဒါပေမဲ့ ကျောက်ခေါင်းကြီးကတော့ နားရွက်မရှိ၊ နှာ ခေါင်းမပါဖြစ်နေပြီ။ ဘယ်လိုလှနေသလဲတော့ မသိဘူး)

အဲ... ဗီးနပ်အကြောင်း ဆက်ပြောရဦးမယ်။ ရောမလူမျိုးတွေကတော့ ပန်းဥယျာဉ်နတ်သမီးအဖြစ် ကိုးကွယ်ကြတယ်။ ပန်းမာလာနတ်သမီးကလေးဆိုပါတော့။ ဒါအပြင် ရောမမြို့တော်ကို တည်တဲ့ရိုမူလပ်ဟာ ဗီးနပ်ရဲ့သား Aeneas ရဲ့အဆက်အနွယ်ပဲဆိုပြီးတော့လည်း ဗီးနပ်ကို ကိုးကွယ်ကြတယ်။

ဒီနေ့ကမ္ဘာပေါ်မှာ နာမည်အကျော်ဆုံး ဗီးနပ်ရုပ်ကတော့ လက်နှစ်ဖက်ပြတ်နေတဲ့ အရုပ်ပေါ့။ သမီးတွေမြင်ဖူးမှာပေါ့။ (Venus of Milo)

ဒါတွေက ဗမာ့ရှေးရိုးသဘောထား၊ ကမ္ဘာ့ရှေးရိုးသဘောထားတွေ၊ ခေတ်သစ်သိပ္ပံပညာ၊ အာကာသပညာကသိတဲ့ ဗီးနပ်ကတော့ ဒီလိုသမီးရဲ့။ (ပျင်းပလား။ ပျင်းရင်ခဏချထား။ နှစ်သစ်မကူးခင်တော့ ပြီးအောင်ဖတ်။ ဟုတ်လား။ ပြီးတော့ စာဖတ်ပြီးပြီမပြီးသေးဘူးဆိုတာလည်း ဘာဘဆီ စာတစ်ကြောင်းဖြစ်ဖြစ် ဆက်ဆက်ရေး၊ ဟုတ်လား။)

သိပ္ပံပညာက ပြောပြတဲ့ ဗီးနပ်ရဲ့အကြောင်းကတော့...

ဗီးနပ်ဟာ ကောင်းကင်မှာ နေရယ် လရယ် ပြီးရင် တတိယအလင်းဆုံး အရာဝတ္ထုပဲ။ အရဏ်တက်ချိန်နဲ့ နေဝင်ရီတရောမှာ မြင်ရတယ်။ ကမ္ဘာနဲ့လည်း အနီးဆုံးပဲ။

ဗီးနပ်ရဲ့အကြောင်းကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၄,၀၀၀ ကျော်ကတည်းက မှတ်သားခဲ့ကြတယ်။ ရှေးခေတ်ဘေဘီလုံစာတွေမှာ ဗီးနပ်မှတ်တမ်းတွေကို တွေ့ရတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀၀ လောက်က ဂျာမနီမှတ်တမ်းတစ်ခုမှာ တွေ့ရတဲ့ နေစကြဝဠာပုံစံမှာ လရယ်၊ ဗုဒ္ဓဟူးဂြိုဟ်ရယ်၊ သောကြာဂြိုဟ်ရယ်ကို မိန်းမ၊ အင်္ဂါ၊ ကြာသပတေး (ဂျူပီတာ)၊ စနေဂြိုဟ်တွေကို ယောကျ်ားရုပ်တွေနဲ့ သရုပ်ဖော်တယ်။ ♀ နေမင်းကတော့ ဘုရင်ပေါ့လေ။ အဲဒီပုံစံမှာ ဗီးနပ်ရဲ့အမှတ်အသားက ဒီအတိုင်းပဲ။ (လမ်းသရဲမဂိုဏ်းတံဆိပ်လုပ်လိုက်ရင် သိပ်ကောင်းမှာပဲနော်)

လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကစပြီး ဗီးနပ်ရဲ့အကြောင်းကို အတော်သိလာကြပြီ။ အမေရိကန်မရီနာ ဂြိုဟ်တုတို့ ရုရှားဗီးနပ်ဂြိုဟ်တုတို့က

ဗီးနပ် အနားက ဖြတ်ပြီး ဓာတ်ပုံတွေ ရိုက်တယ်။ ဗီးနပ်ပေါ်ကို ဆင်းတယ်။ ဒါနဲ့ ဗီးနပ်အကြောင်းကို အများကြီးသိလာကြတယ်။

အဲဒီလို မသိခင်တုန်းကတော့ ဗီးနပ်ကို မှန်ပြောင်းနဲ့ ကြည့်လို့လည်း မရဘူး။ တိမ်တွေဖုံးနေလို့။ ဒီတော့ လူတွေက ဗီးနပ်ဟာ ရွှံ့ညွန်တောကြီးလို့ ပြောလိုပြော၊ သဲကန္တာရကြီးလို့ ပြောလိုပြော၊ ရေနံပင်လယ်ကြီးလို့ ပြောလိုပြောနဲ့ စုံနေတာပဲ။ ဗီးနပ်ပေါ်မှာ မြွေတွေ ကင်းတွေနေတယ်လို့လည်း ယူဆကြတယ်။

ဗီးနပ်ဟာ ကမ္ဘာကနေပြီး မိုင်ပေါင်း ၃၆ သန်းဝေးတယ်။ အပူချိန် ဒီဂရီ ၄ ၃၀ ကျော်တယ်။ ဆန်းတာက ဗီးနပ်ဟာ တခြားဂြိုဟ်တွေလို လက်ဝဲမလှည့်ဘူး။ လကျာလှည့်တယ်။ ဒါကြောင့် ဗီးနပ်ပေါ်မှာ အနောက်ကနေထွက်တယ်။ ပြီးတော့ နေတစ်ခါထွက်ဖို့ ၁၁၈ ရက်ကြာတယ်။ လူ့ပြည်မှာ ၁၁၈ ရက်၊ သောကြာဂြိုဟ်မှာ တစ်ရက်ပေါ့။

(နောက်ပြန်လည်တဲ့ ဂြိုဟ်၊ နေ့တာရှည်လွန်း၊ ညတာရှည်လွန်းတဲ့ ဂြိုဟ်မို့ လမ်းသရဲအင်္ဂါနဲ့လည်း ညီသပေါ့)

ကဲ မျက်စိရှုပ်သွားပလား။ ဒါသောကြာဂြိုဟ် (ဗီးနပ်) ရဲ့ အကြောင်းပဲ။ ဘဘ သိသမျှ ပြောရတာပဲ။

သမီးတို့လမ်းသရဲဂိုဏ်းထောင်မယ်ဆိုလည်း ထောင်ပေါ့။ ဒါပေမဲ့ ဘဘ စောစောကပြောခဲ့သလို လူညံ့၊ လူဆိုး၊ လူဖျင်း၊ လူညစ်ဂိုဏ်းမဖြစ်စေနဲ့။ သိပ်ချစ်တဲ့သူငယ်ချင်းတွေ ပိုချစ်ရအောင်၊ ပိုညီရအောင်၊ ပိုပျော်ရအောင် ဂိုဏ်းဖွဲ့တာပဲဖြစ်ပစေပေါ့။ လူငယ်ပဲ ဒါလောက်တော့ လုပ်ရမှာပေါ့။ အဖေတွေ ဘဘတွေတောင် ဂျူပီတာ (ကြာပတေးဂြိုဟ်) သင်းထောင်ပြီး ပေါကြောင်ကြောင်လုပ်သေးတာပဲ။ အဖေ့ထက် သမီးတစ်ရက်ကြီးပြီး သောကြာဂြိုဟ် (ဗီးနပ်) သင်းလောက်တော့ ထောင်နိုင်တာပေါ့။

တစ်ခုပဲရှိတယ်၊ ဗီးနပ်ဆိုတာ မိန်းမချောကလေး၊ အနုပညာသည်ကလေး၊ ယဉ်ကျေးသိမ်မွေ့သူကလေးဆိုတော့ သူ့ရဲ့ဂုဏ်ပုဒ်တွေနဲ့အညီ ဘဘ သမီးချောလမ်းသရဲခေါင်းဆောင်ကလည်း ယဉ်ကျေးတဲ့၊ သိမ်မွေ့တဲ့၊ အနုပညာမြတ်နိုးတဲ့ လမ်းသရဲမကလေးဖြစ်ရလိမ့်မယ်နော်။

မိသူက လမ်းသရဲလို့ပြောလို့ ဘဘကလည်း သံယောင်လိုက်မိတာပါ။ တကယ်တော့ သမီးလေးလမ်းသရဲမဖြစ်နိုင်ဘူး၊ သမီးလေးတို့ သူငယ်ချင်းတွေ ငါးယောက်တွဲတယ်ဆိုတာလည်း 'ဂျူပီတာ' လိုသဘောပဲ ဖြစ်တယ်ဆိုတာ ဘဘ သိပါတယ်။ (ဂျူပီတာက ဉာဏ်အကောင်းဆုံးဂြိုဟ်) သူငယ်ချင်း အပေါင်းအသင်းရှိတယ်ဆိုတာ ကောင်းပါတယ်။ အဲဒီသူငယ်ချင်းတွေနဲ့ ကောင်းတာတွေချည်းလုပ်နိုင်မယ်ဆိုရင် အကောင်းဆုံးပေါ့။ သမီးလေး လိမ္မာလာတာ ဘဘ သိပါတယ်။ ဝမ်းလည်း သာပါတယ်။

ကဲ... ဒီဩဝါဒကထာတွေ ထားပါတော့လေ။

ဘဘ မန္တလေးပြန်လာပုံကလေး အစီရင်ခံပါရစေဦး။

လူတွေ ငါးပိသိပ် ငါးချဉ်သိပ်ကျပ်တယ်ဆိုတာ သမီးလည်း အမြင်ပဲ။ အခန်းထဲရောက်တော့လည်း လေးယောက်ခန်းမှာ လူက ရှစ်ယောက်ရှိနေတယ်။ ဒီအထဲ တရုတ်ကြီးက စကားမပီကလာ ပီကလာနဲ့ ပြောလိုက်တာတွေ စုံနေတာပဲ။ သူယူလာတဲ့ပစ္စည်းတွေကလည်း အခန်းပြည့်မတတ်ပဲ။ ငါးစည်ပေါင်းဆိုတာတွေလည်း ပါတယ်။ ရွှေငါးတွေလည်း ပါတယ်။ ကန်စွန်းရွက်တွေလည်း ပါတယ်။

သူက စကားသာမပီတယ်။ ငါးစည်ပေါင်းလုပ်စားနည်းကို ဘဘတို့ကို သင်နေသေးတယ်။ ငါးစည်ပေါင်းလုပ်စားနည်းက ငါးစည်ပေါင်းကို ပထမကျွတ်အောင် ကြော်ရတယ်။ ပြီးတော့မှ နူးအောင်ပြုတ်ရတယ်။ ပြီးတော့မှ လှီးပြီး ကြက်သား၊ ဝက်သား၊ ငါးတွေနဲ့ ပေါင်းရတယ်တဲ့။

ဘဘက ဒါဖြင့် ခင်ဗျားဟာ ငါးစည်ပေါင်းကောင်းတာ ဘယ်ဟုတ်တော့မလဲ။ ကြက်သားနဲ့ဝက်သားကောင်းတာဖြစ်မှာပေါ့လို့ ပြောတယ်။

ဒါကို သူက မခံနိုင်ဘူး၊ ဆရာကီး ငါးစည်ပေါင်းနော် အားကီးကောင်းလယ်။ စားပီးလယ်နော်၊ မေ့သွားလယ်လို့ပြောတယ်။

ဘဘက ငါးစည်ပေါင်းက အဆိပ်ပါလို့ မေ့သွားတာဖြစ်မှာပေါ့။ ဒီလိုဆိုရင် ဘယ်ကောင်းမလဲလို့ ပြောတော့ သူက စိတ်တိုလာပြီး (မိဆွေလိုပဲ)

"အား... တယ်ခက် လယ်ကွယ်၊ ဆွီမျိုးမေ့လာကို ပြောလာ' လို့ ဒေါသတကြီး ပြောတယ်။

သူက စကားသာ မပီတာစကာလုံးကတော့ သိပ်ကြွယ်တာ။ သူ့ ရွှေငါးကလေးတွေ ငြိမ်ပြီးနေလို့ ဘဘက မေးကြည့်တယ်။ သူက 'မြောနေ တာ ဆရာကြီး၊ ရန်ကုန်က ရွှေငါး ၁၀၀ ယူလယ်၊ မန္တလေးရောက်ရင် ၆၀ သေလယ်။ အခု သူလို့ မြောနေလယ်' လို့ ပြောတယ်။ ဘဘက ရေထဲ မျောနေမှာပေါ့။ ငါးပဲလို့ပြောတော့ သူက ရေထဲမျောလာပြောလာ မဟုတ်ဘူး။ သေမီလို့ မြောနေတာပြောလာလို့ ပြန်ပြောတယ်။ (သေငယ် ဇောမြောတာ ပြောတာကိုး)

ဒီလောက် ရထားကျပ်တဲ့အထဲ အယ်ဆေးရှင်းခွေးသယ်လာတဲ့ လူကလည်း ရှိသေးတယ်။ ညကျတော့ လူကသိပ်ကြပ်တယ် မဟုတ် လား။ အိမ်သာသွားတဲ့လူတွေက စင်္ကြံမှာ အိပ်နေတဲ့လူတွေကို ကျော် သွားရတယ်။ လူတက်နင်းမိလို့အော် သူကအော်၊ လူအော်သံကြောင့် ခွေး က ဟောင်လိုဟောင်၊ ခွေးဟောင်လို့ ခွေးကြည့်ပါဦးဗျို့လို့ အရပ်ထဲမှာလို အော်သူအော်နဲ့ ဆူညံနေတာပဲ။

အရေးထဲ ဘဘတို့တွဲထဲမှာ ပါလာတဲ့ ဗိုလ်ကြီးတစ်ယောက်က ရန်ကုန်က ဝယ်လာတဲ့ ထရန်စစ်စတာရေဒီယိုကလေးကို ဆွဲထုတ်ဖွင့် တယ်။ သူဖွင့်တဲ့အချိန်က နည်းနည်းမှောင်ပြီ။ ၆ နာရီလောက်ထိုးပြီ။ ရန်ကုန်ကနေ မိုင် ၁၀၀ ကျော်ဝေးလာပြီ။ အဲဒီတော့ short wave နဲ့ ဖွင့်ရတာပေါ့။ ထရန်စစ်စတာက သံမဏိရထားတွဲထဲမှာဆိုရင် အား ပျောက်တယ်။ ပြီးတော့ short wave ဆိုတာ အေရီယယ်ကြိုးရှိမှ မြည်တာ၊ အဲဒီတော့ သူရေဒီယိုက ရှဲရှဲရှဲရှဲမြည်နေတာပေါ့။ အဲဒီလိုလဲ မြည်ရော သူသိပ်စိတ် ညစ်သွားတယ်နဲ့ တူတယ်။ ရေဒီယိုကို ပြန်သွင်းလိုက်တယ်။ ဒါပေမဲ့ စိတ်မကျေဘူး။ ပြန်ထုတ်ပြန်တယ်။ ဖွင့်ပြန်တယ်၊ ရှဲရှဲရှဲရှဲ မြည်ပြန်တယ်။ ဒါနဲ့ ပြန်သွင်းပြန်တယ်။ ဖွင့်ပြန်တယ်။ ပြန်ထည့် ပြန်တယ်။ နောက်ဆုံးကျတော့ မအောင့်နိုင်တော့ဘူးနဲ့ တူတယ်။ "ခက်တာပဲဗျာ ရန်ကုန်က ရေဒီယိုဝယ်လာတာ၊ ရန်ကုန်တုန်းကတော့

အကောင်းသား၊ ရထားပေါ်ကျတော့ မမြည်ဘူး” လို့ ညည်းရှာတယ်။

အဲဒီဗိုလ်ကြီးပဲ တောင်ငူကျတော့ ပုစွန်ချဥ်တွေ ဝယ်တယ်။ ပြီးတော့ သူပဲမနေနိုင် မထိုင်နိုင် ဖွင့်ကြည့်တယ်။ ဘယ်ကောင်းမလဲ။ ဘူတာမှာရောင်းတာပဲဟာ။ ထမင်းချည်းပေါ့။ ဒါနဲ့ “ခံရပြီဗျာ။ အိမ်ကျရင် မိန်းမဆူတော့မှာပဲ” ဆိုပြီး ပုစွန်ချဥ်တွေ အကုန်လွှင့်ပစ်လိုက်ရော၊ ဘဘတို့ ဖြင့်ရယ်လိုက်ရတာ အူကိုတက်မတတ်ပဲ။

ဒီလိုနဲ့ လာလိုက်တာ အဲဒီဗိုလ်ကြီးဆင်းမယ့်ဘူတာအနားရောက် လာရော။ ည ၂ နာရီထိုးပြီ။ ဘူတာမရောက်ခင်ကလေးမှာ အလံမချိုးတာနဲ့ ရထားက ရပ်ထားတယ်။ ရထားရပ်ထားတုန်း ခရီးသည် တချို့က အိမ်သာထသွားတယ်။ သူက “လူကျပ်တယ်ဗျာ။ ရှေ့ကျဆင်းရတော့မှာ ပဲ။ တစ်ခါတည်းပဲ တံခါးပေါက်သွားစောင့်နေတော့မယ်၊ တော်တော်ကြာ လူတွေ အပေါ်က ကျော်နေရဦးမယ်” ဆိုပြီး ထသွားတယ်။ ဘဘတို့က “လူကျပ်ရင်လည်း ပြတင်းပေါက်က ဆင်းတာပေါ့ဗျာ။ ထိုင်ပါဦး” လို့ တားတာမရဘူး။ သူလည်း တံခါးဝရောက်ရော ရထားက မထွက်တော့ ဘူး၊ နှစ်နာရီတိတိရပ်နေတယ်။ သူ့ခမျာ အခန်းထဲလည်း ပြန်မလာနိုင် တော့ဘူး။ တံခါးဝမှာပဲ နှစ်နာရီတိတိ ရပ်စောင့်နေရရှာတယ်။

မန္တလေးဘူတာရောက်တော့ မနက် ၇ နာရီခွဲနေပြီ၊ ဘဘတို့နဲ့ အတူပါလာတဲ့ လားရှိုးခရီးသည်တစ်ဦးကလည်း ညည်းလိုက်တာ ချြသံ ပါရော။ လားရှိုးရထားက ထွက်သွားနှင့်ပြီကိုး။

မန္တလေးရောက်တော့ အချမ်းကဆီးကြိုနေပြီ။ မနက် ၇ နာရီလောက်ထိ နှင်းရိပ်ကလေးတွေ သန်းတုန်း။ လေကလေးကလည်း အေးနေပြီ။

ဒီလိုနဲ့ တစ်ဆောင်းရောက်ပြန်ပြီ။ ချမ်းဦးတော့မယ်။ ဘဘ လည်း ခဏခဏနာစေးရဦးတော့မယ်။ (မိဆွေလည်း တောင်ဆယ်သတိ ထား)

ရာသီဥတုအေးလာတော့ ပုရစ်ကောက်တဲ့လူတွေလည်း ညတိုင်း ပွဲဈေးတန်းကြီးကျနေတာပဲ။ စည်လိုက်တာ။ မီးခွက်ကိုယ်စီရေပုံး ကိုယ်စီနဲ့

ကားကောင်းကောင်းမောင်းလို့ မရဘူး၊ မနက် ၄ နာရီလောက်အထိ လူစည်နေတာပဲ။ ဒါကြောင့်လည်း ပုရစ်ကောက်တဲ့လူတွေကို ကားက တိုက်မိ၊ မြင်းလှည်းက တိုက်မိနဲ့ ဆေးရုံရောက်သူတွေ ရောက်နေကြ ရတယ်။

ဘဘတို့လည်း နှစ်ပတ်လည် အခမ်းအနား လုပ်ရမှာမို့ နေ့တိုင်း အလုပ်ရှုပ်နေတယ်။ သမီးတွေကို သတိရပေမဲ့၊ စာရှည်ရှည်ရေးချင်ပေမဲ့ မရေးနိုင်ဘူး။ (သမီးတွေအတွက်လည်း နားငြီးသက်သာတာပေါ့လေ)

ဒီနေ့တော့ ရေးဖြစ်အောင်ရေးမယ်ဆိုပြီး ရေးလိုက်တာပဲ။ ဖတ်နိုင် ရင်လည်း ဖတ်ရောပေါ့။ မဖတ်ချင်လည်း သနပ်ခါးခုံထဲမှာ ထည့်ထား လိုက်တော့...

ဘဘစာကို ဖတ်ပြီး အမိပွာယ် တလွဲကောက်ပြီး လမ်းသရဲ ဂိုဏ်း လည်းထောင်မနေနဲ့ဦး။ သမီးလေးလိမ္မာပါတယ်။ ဘဘရေးပြတာတွေကို နားလည် သဘောပေါက်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။

မိတူးကိုလည်း သတိရကြောင်း ပြောပါ။ စာလည်း ရေးခိုင်းပါ။ ကလေးတောင် စာရေးဖော်ရရင် သမီးကြီးတွေလည်း ရှက်ပြီး ရေးကြပါ။

ဒါပဲနော်။

*ဝင်းတင်*

P.S

၁၈–၇၀

**သမီးလေး**

လကုန်ရင် ကိုသိန်းတန် မန္တလေးလာလိမ့်မယ်။ အိမ်မှာ မီးခြစ်ကျန်ခဲ့ရင် ထည့်ပေးလိုက်ပါ။

ဘဘ

## ပေးစာအမှတ်(၈)

၁၈-၇-၇၄

**သမီးလေး**

ဇူလိုင် ၁၂ ရက်က သမီးရေးလိုက်တဲ့ စာကို ဒီနေ့ရတယ်။ စိတ်မကောင်းဘူး။

စာဆက်သင်ရမယ်ဆိုတဲ့ လူကြီးတွေ ဆုံးဖြတ်ချက် မှန်တယ်လို့ ဘဘ ထင်တယ်။ တစ်လောတုန်းက ဘဘရေးလိုက်တဲ့ စာမှာလည်း သမီး စာဆက်သင်ဖို့ရေးလိုက်တယ်။ အဲဒီစာကို ဖတ်ကြည့်ပါဦး။ စာဆက်သင်ဖို့ ဘဘကလည်း တောင်းပန်ပါတယ်။

အလုပ်လုပ်ဖို့ ချိန်တွေက အများကြီးရှိပါသေးတယ်။ မပူပါနဲ့။ တစ်နေ့ကျတော့ လုပ်ရမှာပဲပေါ့။ ကိုယ်တတ်တဲ့ပညာနဲ့ တိုင်းပြည်နဲ့ လူမျိုးကို အကျိုးပြုရမှာဆိုတာ မတတ်သာဘဲနဲ့တောင် လုပ်ရမယ့်လုပ်ငန်းပဲ။ တတ်သာရင်ဆိုတာတော့ ပြောမနေနဲ့။ လုပ်ကိုလုပ်ရမှာပဲ သမီးရယ်။

ဒါပေမဲ့ စာသင်ဖို့က အချိန်တွေရှိပါသေးတယ်။ သင်စရာပညာတွေကလည်း ရှိသေးတယ်။ သမီးအသက်ကလည်း အငယ်လေးရှိသေးတာပဲ။ တကယ်ဆိုတော့ ဘီအေလည်း အောင်ရော ဒီနေ့အလုပ်ဝင် နောက်တစ်နေ့ ပင်စင်ယူရတာမျိုးမဖြစ်ရင်ပြီးတာပဲသမီးရယ်။ ဘယ်နှနှစ်ကြာကြာ ဘဘအရေးလဲ။ ဖေ့သမီးကြိတ်လိုက်စမ်းပေါ့။ ဟုတ်လား။

သမီးစာဖတ်ရတော့ ဘဘပါ စိတ်ညစ်သွားတယ်။ ဒီလိုချုံ့ပါအောင် ညည်းတာ ဘဘ မကြိုက်ဘူး။ ဘာဖြစ်လို့ စိတ်ပျက်ရမှာလဲ။ ဘာဖြစ်လို့စိတ်ညစ်ရမှာလဲ။ စာမေးပွဲမှာ ကိုယ်လိုချင်တဲ့ အဆင့်မရတာကလေးနဲ့ ဒီလိုစိတ်ညစ်စိတ်ပျက်တတ်ရင် ဘယ်နိုင်မလဲ။ သမီးကြီးလာရင်လောကမှာ ကိုယ်လိုချင်ရာမဖြစ်တာတွေ အများကြီးပါလား ဆိုတာ တွေ့လာရမှာပါ။

စိတ်ပျက်စရာ စိတ်ညစ်စရာတွေ့လာရင် စိတ်ပျက်တာ၊ စိတ်ညစ်တာကို ဘဘ အပြစ်မဆိုပါဘူး။ ဒါလူ့သဘာဝစိတ်ပဲ။ Human Instinct ပဲ။ ဒါပေမဲ့ လွယ်လွယ်စိတ်ညစ်တာ၊ စိတ်ပျက်တာကတော့ မှားတယ်။ ညံ့တယ်။ ဘာဖြစ်လာလာ ကြံ့ကြံ့ခံနိုင်ရမယ်။ ရင်ဆိုင်ကျော်လွှားနိုင်ရမယ်။ ရဲစိတ်မွေးရမယ်။ ဒါမှလောကမှာ ဘဝပီတိရနိုင်တယ်။ (Happiness of life)

သမီးခေါင်းရှုပ်နေတုန်း ဘဘ တရားဟောတာ မဟုတ်ပါဘူး။ သမီးက ဘဘဆီကိုတောင် ရှက်လို့စာမရေးဘူးဆိုတဲ့ စကားမျိုးကြားတော့ ဖြစ်ရလေချင်းလို့ စိုးရိမ်စိတ်ပေါ်ပြီး ဒါတွေ ရေးပြနေတာပါ။

ဘဘသမီးတော့ အမြင်တွေလွဲနေပြီ။ အမြီးအမောက်မတည့် ဖြစ်ကုန်ပြီလို့ ဘဘ စိုးရိမ်မိတယ်။

ရှက်တယ်ဆိုတာ ရှက်ရတာပေါ့။ မခံချင်စိတ်ဆိုတာလည်း ရှိရတာပေါ့။ ဒါပေမဲ့ ရှက်တာနဲ့တော့ အားမပျက်ရဘူး၊ နောက်မတွန့်ရဘူး။ ဒီလိုမဟုတ်ဘဲ ရှက်တာကြောက်တာနဲ့ နောက်တွန့်ရင်တော့ ကိုယ်သာ အကျိုးမဲ့ရမှာပဲ။ sense of proportion ဆိုတာရှိရတယ်။ ရှက်သင့်တာရှက်၊ ကြောက်သင့်တာကြောက်၊ ရဲသင့်တာရဲ၊ ရမ်းသင့်တာရမ်းရတယ်။ သူ့ အတိုင်းအတာနဲ့ သူပေါ့။ စာမေးပွဲမှာ A မရတာနဲ့ ကိုယ့်အဖေ (ရင်း) တောင် ကိုယ်ရှက်တယ်ဆိုတာတော့ မဟုတ်သေးဘူး ထင်ပါတယ် သမီးရယ်၊ သမီးရော အဲဒီလိုများ မထင်မိဘူးလား။

အဖေအမေတွေက ဆူတယ်ဆိုတာ ဘာလဲ။ သူတို့ရော စာမေးပွဲ မကျဖူးဘူးလား။ ဘဘသမီးက ကြိုးစားနေတဲ့ကြားက A မရတာ ပဲရှိတာ၊

ကျတာမှ မဟုတ်ဘဲ၊ ဘာဆူစရာရှိသလဲ။ တကယ်တော့ သူတို့ ကလည်း ဆူတာတော့ ဟုတ်မှာမဟုတ်ပါဘူး။ မွေးစားသမီးကို အားမလို အားမရနဲ့ ကရုဏာဒေါသောပြောတာနဲ့ တူပါတယ်။ သမီးရယ် စိတ်လည်း မဆိုးပါနဲ့၊ စိတ်လည်း မညစ်ပါနဲ့၊ စိတ်ဓာတ်လည်း မကျပါနဲ့၊ ပျော်ပျော်ပေါ့။ လောကကြီးမှာ နဖူးတွေ့ဒူးတွေ့တွေ့စရာအခက်ခဲတွေ၊ ရှုံးနိမ့်မှုတွေ အများကြီးရှိပါသေးတယ်၊ အောင်ပန်းဆင်ရမယ့် အောင်မြင်မှုတွေ၊ လွယ်ကူချောမွေ့မှုတွေလည်း ဘာဘ သမီးရှေ့မှာ အများကြီးရှိပါသေးတယ်။ ဘာဘက သမီးကို ယုံတယ်။ သမီးရဲ့ အစွမ်းအစကို ယုံတယ်။ သမီးရဲ့ဦးနှောက်ကိုလည်း ယုံတယ်၊ ဘာဘ သမီးမုချအောင်ရမယ်။ မုချ တက္ကသိုလ်ရောက်ရမယ်။ မုချကောင်းစားရမယ်။ မုချထူးချွန်ထင်ရှားရမယ်လို့ ယုံကြည်တယ်။ စိတ်လည်း ချတယ်။ ဘာဘ မသေခင် သမီး ထူးထူးချွန်ချွန်မိန်းမကြီးတစ်ယောက်၊ ထင်ရှားတဲ့ မိန်းမကြီးတစ်ယောက်၊ လူ့ဘဝကို ဣန္ဒြေရရ သတ္တိရှိရှိ၊ ဇွဲကြီးကြီး ရင်ဆိုင်နိုင်တဲ့ မိန်းမကြီးတစ်ယောက်၊ ဘဝရဲ့ပျော်ရွှင်ချမ်းမြေ့မှုတွေကို ပြည့်ပြည့်ဝဝ ခံစားရတဲ့ မိန်းမကြီးတစ်ယောက်၊ ပေါက်ပေါက်မြောက်မြောက်ဖြစ်တာကို မြင်သွားချင်မိတယ်။ သမီးကြိုးစားပါ။ အားမလျှော့ပါနဲ့၊ စိတ်မပျက်ပါနဲ့၊ စိတ်မညစ်ပါနဲ့၊ မရှက်ပါနဲ့။

ဒါပါပဲ သမီးရယ်၊ သမီးစိတ်ညစ်တယ်ဆိုတော့ ဘာဘစိတ်မကောင်းလို့ မအားတဲ့ကြားက အချိန်ယူပြီး စာတစ်စောင်ထပ် ရေးရတာပါ။

သမီးကို ဆူဖို့ကောင်းတယ်ဆိုတာလည်း ပြောဖို့မလိုပါဘူး။ ဘာဘ သမီးလေး ဆယ်တန်းနှစ်ထပ်ကွမ်းအောင်လို့ ဘာဘက ချီးတောင် ချီးကျူးမိပါသေးတယ်၊ ဆူစရာမလိုပါဘူး။

ငွေ ၂၀ဝိ ပေးတာလည်း B[၁] မို့လျှော့ပေးတာမဟုတ်ပါဘူး၊ ဘာဘမှာ ပိုက်ဆံမရှိလို့ပါ။ ဘာဘကတိအတိုင်း နောက်ထပ်ပေးဦးမှာပါ။

---

**၁။ ၁၉၇၀ ပြည့်နှစ် ၁၀ တန်း စာမေးပွဲအောင်စာရင်း၌ A နှင့် B ဟူ၍ ခွဲခြားထုတ်ပြန်ပြီး A စာရင်း၌ပါမှသာ တိုက်ရိုက် တက္ကသိုလ်ဝင်ခွင့်ရသည်။ B မှာ စက်မှုနှင့် စိုက်ပျိုးရေးသိပ္ပံများသို့သာ ဝင်ခွင့်ဖြေနိုင်ပြီး မဖြေလိုပါက ၁၀ တန်း ပြန်တက်ရသည်။**

သမီးသာ စိတ်မညစ်ပါနဲ့။

သမီးထမင်းဟင်းတွေ ချက်နေတယ်ကြားလို့ ဝမ်းသာတယ်။ ဒီအလုပ်ကလည်း တတ်ရမယ့် အလုပ်၊ ကျွမ်းကျင်ရမယ့် အလုပ်၊ ကိုယ်တိုင်ထမင်း စားနေသမျှ ကိုယ်တိုင်လုပ်တတ်ရမယ့် အလုပ်ကလား၊ သမီး 'အလုပ်သင်' ဖြစ်နေတာ ဝမ်းသာတယ်။

ဒီအလုပ်က တကယ်ဆိုရင် အနုပညာတစ်ရပ်ပဲ။ ပညာသား သိပ်ပါတဲ့ အလုပ်၊ လူ့ဘဝရဲ့ ပျော်ရွှင်မှုကို အများကြီးမဟုတ်တောင် တော်တော်များများပေးနိုင်တဲ့ အလုပ်မျိုးမို့ သမီးလေးတတ်စေချင်တယ်။ တတ်နိုင်အောင်လည်း ကြိုးစားစေချင်တယ်။

စာတတ်တယ်ဆိုရာမှာလည်း ဘဘက မိရိုးဖလာကြည့်လို့တတ်၊ မြင်လို့တတ်၊ ကြားလို့တတ်၊ သာမန်ကာလျှံကာတတ်ဆိုတာမျိုးနဲ့ အားမရနိုင်ဘူး။ သိပ္ပံနည်းကျရမယ်၊ အနုပညာမြောက်ရမယ်၊ အမြင်ကျယ်ရမယ်၊ ဒီသဘောထားက ဘာအလုပ်ပဲ လုပ်လုပ် လက်ကိုင်ထားရမယ့် ခံယူချက်ပဲ။

ဒီတော့ ထမင်းဟင်းချက်ရာမှာလည်း အဖေသင်လို့၊ အမေသင်လို့၊ အဒေါ်သင်လို့၊ သူငယ်ချင်းသင်လို့ဆိုတာ မျိုးလောက်နဲ့ မပြီးစေချင်ဘူး၊ ချက်နည်းပြုတ်နည်းတွေကို စာအုပ်တွေမှာ ရှာဖတ်ရမယ်။ လက်တွေ့စမ်းသပ်ကြည့်ရမယ်။ ပိုကောင်းအောင် တီထွင်ကြံဆရမယ်။ သူတစ်ပါးကို ပညာဖြန့်ဖြူးရမယ်။ ဟုတ်တယ်မို့လား။ ဒါမှ လက်မှုလယ် ယာကနေပြီး စက်မှုလယ်ယာပြောင်းတယ်ဆိုတာမျိုးလို ထမင်းချက် ဟင်းချက်အတတ်ပညာလည်း သိပ္ပံနည်းကျဖြစ်လာမယ်။

စကားစပ်မိလို့ ပြောရဦးမယ်။ ဒီအတတ်ပညာတွေဟာလည်း လူမျိုးရဲ့ ယဉ်ကျေးမှုပဲ။ ဒီနေ့ပြင်သစ်တို့ တရုတ်တို့ ဘာကြောင့် လူရာဝင် နေသလဲ၊ အနောက်တိုင်းအစားအစာဆိုရင် ပြင်သစ်အကောင်းဆုံး၊ အရှေ့ တိုင်းအစား အစာဆိုရင် တရုတ်အကောင်းဆုံး... ဒါကြောင့်လည်း ထမင်း စားပွဲကြီးတွေမှာ ပြင်သစ်နဲ့ တရုတ် ဟင်းချက်နည်းသာ လူရာဝင်တယ်။ ကမ္ဘာ့စံချိန်မီဟင်းနာမည်တွေဟာ ပြင်သစ်နာမည်နဲ့ချည်းပဲ ရှိတယ်။

ဘာဖြစ်လို့ ဒီအစားအစာတွေ ကျော်ကြားရသလဲ၊ အနုပညာဆန်လို့၊ သိပ္ပံနည်းကျလို့၊ ဒီလိုပဲဖြေရမယ်။ သူတို့က စားစရာမှန်သမျှကို စနစ်တကျ သုတေသနပြုတယ်၊ ချက်တယ်၊ ပြုတ်တယ်၊ စမ်းသပ်တယ်၊ တီထွင်တယ်။ ဒီတော့ တိုးတက်တော့တာပေါ့။

ဗမာမှာလည်း ရှေးကတည်းက ချက်နည်းပြုတ်နည်းတွေရှိပါတယ်။ တရုတ်ပြေးမင်းဟင်းခွက် ၂၀၀ ကျော်စားတယ်ဆိုတာ သမီးလည်း ကြားဖူးမှာပေါ့။ ဗမာရှင်ဘုရင်တွေလက်ထက်တုန်းက စားတော်ကဲကျမ်းဆိုပြီး စာတွေ ပေတွေရှိတယ်။ ဒီခေတ်မှာတောင် အဲဒီစာအုပ်ပြန်ထုတ်ဖူးတယ်။

ဗမာရာဇဝင်မှာ ကြည့်ရင်လည်း ကြက်ကြော် ဘဲကြော်တွေထဲက ငှက်တွေထပ်ျအောင် ဗမာစားတော်ကဲတွေ စီမံနိုင်လို့ တရုတ်သံတမန်တွေ အံ့သြရတဲ့အကြောင်းတွေ ဖတ်ရတယ်မဟုတ်လား။

ဒီတော့ ဒီပညာတွေလည်း သမီးထူးချွန်အောင်၊ ကျွမ်းကျင်လိမ္မာအောင်လုပ်ရမယ်။ ဘဘက ရန်ကုန်ရောက်တိုင်း သမီးကိုညာပြီး ဟင်းချက်ခိုင်းချင်လို့ ပြောနေတာ မဟုတ်ဘူးနော်။ တကယ်ပြောနေတာ။

နောက်တစ်ချက်က သမီးအိမ်မှုကိစ္စတွေ ဝင်ကူတာကို ဘဘကျေနပ်တယ်၊ လက်သည်းချွန်ပြီး ခြေမွေးမီးမလောင်လက်မွေးမီးမလောင်နေတာ ဘဘ ကြည့်မရဘူး၊ ကြည့်မရဘူးဆိုလို့ ကိုယ့်သမီးကိုယ် မျက်စိစပါးမွေးစူးလို့ ပြောတာမထင်နဲ့၊ မဟုတ်ဘူး။ ကိုယ့်သမီးကိုယ် ဖူးဖူးမှုတ်ထားချင်တာပေါ့။ ဒါအဖေတွေမွေးတဲ့စိတ်ပဲ။ ဒါပေမဲ့ မိန်းကလေးဆိုရင် အိမ်တွင်းမှုပညာတတ်ရမယ်။ နောက်မှလုပ်ချင်လုပ်။ မလုပ်ချင်နေ။ တတ်တာတော့ တတ်ရမယ်။

ဒီနေရာမှာ ဘဘက မိန်းမတွေရဲ့ နေရာဟာ မီးဖိုချောင်ပဲလို့ နိုင့်ထက်စီးနင်းပြောနေတာ မဟုတ်ဘူး။ အမျိုးသမီး လွတ်မြောက်ရေးကို ဘဘ သဘောတူပါတယ်။ ဘဘဆိုလိုတာက မိန်းကလေးရယ်၊ ယောကျ်ားလေးရယ် မဟုတ်ဘူး။ သားသမီးဟာ မိဘအိမ်မှာနေတုန်း မိဘအိမ်ရဲ့ အမှုကိစ္စတွေကို လုပ်ရမယ်၊ လုပ်တတ်ရမယ်၊ လုပ်ဖို့အလိုက်သိရမယ်လို့

ဆိုလိုတာပါ။

နောက်တစ်ချက်က ဒါတွေတတ်ထားပြီး တစ်သက်လုံး မီးဖိုချောင်ထဲမှာ အဲဒါတွေလုပ်နေရတော့မှာလားလို့ မမေးပါနဲ့။

လုပ်စရာ မလိုပါဘူး၊ သမီးက စာတတ်ပေတတ် ပညာတတ်ကြီးဖြစ်မယ့်လူပဲ။ ထမင်းချက်နေဖို့ ဘယ်အားမလဲ၊ ဒါပေမဲ့ သူတစ်ပါးကိုလုပ်ခိုင်းတောင် ကိုယ်တိုင်ကတော့ တတ်ရမယ်၊ ကျွမ်းရမယ်။ နားလည်ရမယ်။ ဒါမှ ဟင်းကောင်းရမယ်။ ဒါမှ ဟင်းကောင်းစားရမယ်။ ဟင်းကောင်းကို အာရုံခံစားတတ်မယ်။ ဟင်းကောင်းချက်ဖို့ စိတ်ကူးရှိမယ်။

နားလည်တယ်နော်။

ဒါပဲ သမီးရယ်၊

ဘဘလည်း အလုပ်သိပ်ရှုပ်တာပဲ၊ အလုပ်ပေါင်းသောင်းခြောက်ထောင်ထဲမှာ အလုပ်သမား သက်သာချောင်ချိရေးတွေ လုပ်နေရလို့ လက်ဖက်ရည်ဆိုင်ရှင်၊ ဆန်ကုန်သည်၊ ဆီကုန်သည်၊ ငါးပိငါးခြောက်ကုန်သည်တစ်ပိုင်းဖြစ်နေပြန်ပြီ။ ရုံးအလုပ်က တစ်မျိုး၊ အယ်ဒီတာအလုပ်ကတစ်မျိုး၊ အဖွဲ့အစည်းတွေ အလုပ်ကတစ်မျိုး ရှုပ်နေရတဲ့အထဲမှာ အခုကုန်ရောင်းကုန်ဝယ်အလုပ်က ဇာစ်ခုထပ်တိုးနေတယ်။

ဒီအထဲမှာပဲ အသည်းကျော် သမီးက စာမေးပွဲမှာ D မရဘဲ B ပဲရနေသေးတယ်။ မှတ်ကရောပဲ။

ဒါပေမဲ့ ဘဘစိတ်မညစ်ဘူး။ စိတ်မပျက်ဘူး၊ အားမငယ်ဘူး။ အားမလျှော့ဘူး။ ရှက်လည်း မရှက်ဘူး၊ ကြောက်လည်း မကြောက်ဘူး။

ဘဘအလုပ်တွေ တစ်နေ့ကျရင် အောင်မြင်မယ်၊ ဘဘဆိုင်တွေ တစ်နေ့ကျရင် ဖြစ်မယ်။ ဘဘသမီးကလည်း တစ်နေ့ကျရင် B ၂ လုံးကို ဖယ်ခွာချပြီး D ၄ လုံးလောက်နဲ့ အောင်မယ်လို့ ဘဘ ယုံတယ်။

ဒီတော့ အားလည်းတက်တယ်။ ပျော်လည်း ပျော်တယ်။ ရဲလည်း ရဲတယ်။

သမီးလည်း ဘဘလိုပဲ စိတ်ဓာတ်မွေးပေါ့။

ဘဝတိုက်ပွဲဆိုတာ ဒါပဲပေါ့ သမီးရဲ့။

နားလည်တယ်နော်။ သမီး စိတ်မပျက်နဲ့၊ မရှက်နဲ့၊ အားမငယ်နဲ့ မကြောက်နဲ့။ သမီးအောင်မှာပဲ စိတ်သာချနေ။

တော်ပြီ သမီးရယ်...

မိတ္ထူးကိုလည်း စာတွေ အရှည်ကြီးမရေးပေမဲ့ အများကြီးသတိရတယ်လို့ ပြောလိုက်ပါ။

ဘဘ

## ပေးစာအမှတ်(၉)

၂၅-၁-၀၀

**သမီးလေး...**

ဘဘ ကိုယ်ရော စိတ်ရော ကျန်းမာတယ်။ ဒေါင်ဒေါင်မြည်ပါပဲ။ ရှေ့တစ်လလောက်ဆိုရင် အသက် ၇၀ ပြည့်မယ်။ သေဦးမယ်မထင်သေးဘူး။ နောက်ထပ် နှစ် ငါးဆယ်ခြောက်ဆယ်လောက်တော့ နေရဦးမှာပါပဲ။

မြေးတွေကို အမြဲသတိရနေတယ်။ မတူးတို့၊ မသူကြီးတို့ကိုလည်း သတိရတယ်။ မတူးရဲ့ သမီးလေးရော၊ မသူကြီးရဲ့ သားနဲ့သမီးရော သတိရတယ်။ သင်းသင်းတို့၊ မွန်မွန်တို့၊ အိအိတို့ကိုလည်း သတိရတယ်။

နှစ်သစ်၊ ရာစုနှစ်သစ်၊ ထောင်စုနှစ်သစ်မှာ အားသစ်မာန်သစ်၊ စိတ်ဓာတ်သစ်၊ ဖွဲ့သတ္တိသစ်နဲ့ နှုတ်ဆက်လိုက်ပါရဲ့။

*ဝင်းတင်*

## ပေးစာအမှတ်(၁၀)

၈-၇-၀၀

**သမီးလေး...**

သမီး မတ်လတုန်းက ရေးလိုက်တဲ့စာကို ဇွန်လမှာ ဖတ်ရတယ်။ ဝမ်းသာလိုက်တာ။ မြေးတွေရဲ့ လက်ရေးတွေ၊ စကားတွေကို မြင်ရကြားရလို့လည်း အရမ်းဝမ်းသာမိတယ်။ ဘဘ ကျန်းမာရေးကောင်းတော့ စိတ်လည်း ကျန်းမာသန်စွမ်းလျက်ပါပဲ။ ဘဘ ဒီမှာ သစ်ပင်တွေ စိုက်နေတယ်။ သံပရာစေ့တွေ၊ ခရမ်းချဉ်စေ့တွေ ပျိုးပြီးတော့ စိုက်နေတာ။ စိတ်ချမ်းသာမှုကိုရတဲ့နည်းနဲ့ ရှာရတာပဲ။

ဘဘက လူ့လောကထဲမှာ အကြာကြီးနေဦးမှာဆိုတော့ ကိုယ်ကျန်းမာ စိတ်ကျန်းမာဖြစ်အောင် အမြဲကြိုးစားရတာပဲ။ လူ့ဘောင် လူ့အဖွဲ့အစည်းထဲမှာ လူပီပီနေချင်တယ်ဆိုရင် ကိစ္စမြားမြောင်တွေကို လုပ်နေရမှာပဲ။ "ကိစ္စမြားမြောင်လူတို့ဘောင်" ဆိုတဲ့ စကားရှိတယ်မဟုတ်လား။ ဘဘ လုပ်ချင်တဲ့ ကိစ္စမြားမြောင်တွေက အမြဲအလျှံပယ်ဖြစ်နေတာပဲ။ အဲဒီအထဲမှာ နှစ်ရှည်သစ်ပင်တွေ စိုက်သွားချင်တာက တစ်ခုပဲ။ အသက် ၇၀ ပြည့်တုန်းက အမှတ်တရကဗျာလေးတစ်ပုဒ်တောင် ရေးခဲ့သေးတယ်။

*"မသေတမ်း၊ စိုက်လိုက်စမ်းမကွဲ့ ပန်းရောင်စုံ၊ သင်းထုံပျံ့မွှေး၊ ဒီပန်း*

တွေ့ ဖူးဝေသစ်တဲ့ခါ၊ မြေးမြစ်တွေ နောင်တစ်ခေတ်မှာ၊ ပန်ရစ်ကြလေး"

ဘဘတော့ အသက်ရှည်သရွေ့ လူလိုနေဖို့ ကိစ္စမြားမြောင်တွေ လုပ်ရင်း ပန်းတွေစိုက်သွားမှာပဲကွယ်။

မြေးဖူး မွေးနေ့ဆုတောင်းအတွက် ကျေးဇူးတင်တယ်။

SY - Me too hope to see you soon

sooner the better

အောင်ဝင်းကိုလည်း နှုတ်ဆက်လိုက်ပါ။

*ဝင်းတင်*

## ပေးစာအမှတ်(၁၁)

၂၅-၄-၀၁

**သမီးလေး...**

မနှစ်က ပြန်စာဖတ်ရတယ်၊ ဝမ်းသာတယ်၊ မြေးတွေ့ရဲ့ စာမတွေ့ရလို့တော့ တစ်ခုခု လိုသလိုဖြစ်ရတယ်။

ဘဘ နေကောင်းပါတယ်။

ဒါပေမယ့် ဆီးရောဂါကတော့ လုံးလုံးပျောက်တဲ့အဆင့် မရောက်သေးဘူး။ နည်းနည်းဒုက္ခပေးတုန်းပဲ။ ပေါင်ကိုက်တဲ့ဝေဒနာကလည်း တနင့်ပဲ၊ ရောဂါကြီးလိုမဟုတ်ပေမဲ့ နေ့ရော ညရောတော့ ထုံကျင်ကိုက်ခဲနေတာပဲ။

ဘဘက ဒီလိုဝေဒနာနဲ့ နေနေရပေမဲ့ စိတ်တော့အေးချမ်းပါတယ်။ ပျော်ပျော်ပါပဲလို့ မပြောနိုင်တောင် စိတ်ညစ်မနေတာတော့ သေချာပါတယ်။ အေးအေးပေါ့။

"ဒီပါ နာထာပတိဌာစ" ဆိုတဲ့စကား ကြားဖူးရဲ့ မဟုတ်လား။ မိမိကိုယ်ကို မှီခိုရာကျွန်းလို့ သဘောထားရမယ်။ အားကိုးအားထားရမယ်တဲ့၊ ဒါကြောင့် ဘဘက ကဗျာတောင် ရေးမိသေးတယ်။

*"မုန်တိုင်းကို ကြဲ့ကြဲ့ခံ၊ နကမ္ဘတိ၊ ဒီလှိုင်းတွေရံဝန်းတဲ့ မြကျွန်းဘူမိ"* လို့

မြေးတွေကိုရော၊ မသူတို့ရော နှုတ်ဆက်လိုက်၊ အိုလံပစ်ကြည့်လို့ကောင်းလိုက်ကြရဲ့လား။

*ဝင်းတင်*

## ပေးစာအမှတ်(၁၂)

၁၇-၃-၀၄

သမီးလေး...

နေထိုင်ကောင်းကြရဲ့လား။ ဘဘလည်း နေကောင်းတယ်။ မြေးတွေရော ပျော်ရွှင်ကျန်းမာရှိကြတယ် မဟုတ်လား။ အောင်ဝင်းအဖေရော ရှိသေးရဲ့လား။ နာရေးသတင်းတစ်ပုဒ်ဖတ်ရတာ အောင်ဝင်း[၁]အဖေကိစ္စထင်တာနဲ့ မေးတာ။ ဟုတ်ရင် ဝမ်းနည်းကြောင်းပြောပါ။ စိတ်မကောင်းဘူး။

ဘဘ အသက်လည်း တစ်နေ့က ၇၄ နှစ် ပြည့်တယ်။ ကျန်းမာရေးအခြေအနေ ကောင်းပါသေးတယ်။ ဒါပေမဲ့ နည်းနည်းတော့ ယိုင်လာတာပေါ့။ စာဖတ်ခွင့်ရတော့ မနက်လင်းကတည်းက ညအိပ်တဲ့အထိ တစ်နေ့လုံး စာဖတ်နေတာပဲ။ စာဖတ်ရတော့ ခေါင်းလည်း ကြည်လာပြီး လူလည်းသွက်လာပါတယ်။

ဘဘကတော့ သမီးတို့ကိုပဲ သတိရနေတာဆိုတော့ သမီးတို့သတင်းတွေကို အမြဲ နားစွင့်နေမိတာပဲ။ ဒါပေမဲ့ သမီးတို့ သတင်းတွေက ပြင်ပကမ္ဘာသတင်းတွေကလည်း မေ့လောက်ပျောက်လောက်မှ

၁။ အောင်ဝင်း = မဆွေ (ခင်ဆွေဆွေထွန်း) ၏ ခင်ပွန်းဖြစ်သည်။

တစ်စွန်းတစ်စပဲ ကြားရတာဆိုတာ လွမ်းရုံလွမ်းနေရတော့တာပေါ့။

ဘဘ အရင်ရေးတဲ့စာတွေကို သိမ်းထားပါ။ ကဗျာလေးနှစ်ပုဒ် လောက် ထည့်ရေးခဲ့ဖူးတယ် ထင်ရဲ့။ အဲဒီကဗျာလေးတွေ ပျောက်ပျက် မသွားစေချင်လို့ပါ။

မြေးတွေ ဘဘကို စာရေးပါဦး။

*ဝင်းတင်*

## ပေးစာအမှတ်(၁၃)

၁၅–၆–၀၅

**သမီးလေး...**

ဘဘ နေကောင်းတယ်။ မြေးတွေကို သတိရတယ်။ မြေးဦး၊ မြေးရှူး၊ မြေးမာ၊ မြေးပါ၊ မြေးဗွန်းတို့ကို လွမ်းတယ်။ မိုးတွေ မှောင်မှိုင်းနေတဲ့အခါ ပိုပြီး သတိရတယ်။

မိုးတွင်းမှာတော့ ဘဘရဲ့ရုပ်ခန္ဓာကြီးက နည်းနည်းတော့ ကဂျီကကျောင် ဖြစ်တယ်။ ဟိုကနာ ဒီကကိုက်ပေါ့လေ။ ဇရာက ဒီလောက်တော့ အစွမ်းပြပေမှာပေါ့။ ခံနိုင်ပါတယ်။ အဘိုးကြီးဖြစ်လာလို့ စိတ်တိုင်းမကျတာ၊ အလိုမကျတာမျိုးတွေ မကြာခဏ ဖြစ်တတ်ပေမဲ့ ကိုယ့်ကိုယ်ကိုယ် ဆုံးမလို့ရပါတယ်။ ဒါကြောင့် စိတ်ကတော့ အေးချမ်းနေတာပါပဲ။ စာဖတ်နေရလို့လည်း ပိုပြီး စိတ်အေးချမ်းတယ်။ ဒီအတိုင်းဆိုရင် နှစ်လေးငါးဆယ်တော့ နေရဦးမှာပဲထင်ရဲ့။ ဆယ်ချိုးတစ်ချိုးဆိုရင်တောင် လေးနှစ်ငါးနှစ်တော့ နေရဦးမှာပဲ။ သံတိုင်သော့ခတ်၊ တံတိုင်းပတ်ဘဝမျိုး မဟုတ်ရင် ဒါထက်အသက်ရှည်ဦးမယ် ထင်တာပဲ။

မြေးတွေဖို့ ကဗျာလေးရေးပေးလိုက်တယ်။

*"မြေးမြစ်တွေ တစ်လှေကြီးနဲ့*
*ခရီးဆက်ဦးမယ်*

ရှေ့တက်လို့လှမ်း။
နေရောင်ထိန် လရောင်ဆမ်း
ပန်းပေါင်းစုံ ဝေစည်ဖြာတဲ့
အနာဂတ်လမ်း။ ။"

ဝင်းတင်

MESSAGE

( မိသားစုနှင့်/ သို့မဟုတ် ကိုယ်ရေးကိုယ်တာသတင်းများ )

(Family and/or private news)

သမီးလေး

[illegible]

6.

ရက်စွဲ ........ လက်မှတ် ........

Date [illegible] Signature [illegible]

ဝင်စစ်ပြီး

ဤလိပ်စာရှင်သည်ကျွန်တော်/ကျွန်မ၏

The addressee is my

အကြောင်းကြားစာ

**MESSAGE**

(မိသားစု သို့မဟုတ် ကိုယ်ရေးကိုယ်တာသတင်းများသာ)

(Family and/or private news only)

[illegible]

- SYP - me too hope to see you soon.

~~[illegible]~~

- [illegible]

ရက်စွဲ [illegible] လက်မှတ် [illegible]

Date Signature

လိပ်စာရှင်သည် ကျွန်တော်/ကျွန်မ၏ [illegible] ဖြစ်ပါသည်။

The Addressee is my

**စိစစ်ပြီး**

# အကြောင်းကြားစာ (MESSAGE)

မိသားစု သို့မဟုတ် ကိုယ်ရေးကိုယ်တာသတင်းများသာ Family and private news only

[illegible]

[illegible handwritten letter]

နေ့စွဲ Date 19-5-07 လက်မှတ် Signature [signature]

လိပ်စာရှင်သည် ကျွန်တော်/ကျွန်မ၏ [illegible] ဖြစ်ပါသည်။

The addressee is my (relationship)

006

## အကြောင်းကြားစာ (MESSAGE)

မိသားစု သို့မဟုတ် ကိုယ်ရေးကိုယ်တာသတင်းများသာ Family and private news only

17-3-04

သမီးလေး —

[illegible]

နေ့စွဲ Date 17-3-04 လက်မှတ် Signature ..........

လိပ်စာရှင်သည် ကျွန်တော်/ကျွန်မ၏ မိဘ/ ဇနီး/ ခင်ပွန်း/ သားသမီး/ .................. ဖြစ်ပါသည်

The addressee is my parents / wife / husband / children / ..........

# အကြောင်းကြားစာ (MESSAGE)

မိသားစု သို့မဟုတ် ကိုယ်ရေးကိုယ်တာသတင်းများသာ Family and private news only

၁၃.၆.၀၅

[illegible]

စိစစ်ပြီး

နေ့စွဲ Date 15.6.05 လက်မှတ် Signature

လိပ်စာရှင်သည် ကျွန်တော်/ကျွန်မ၏ မိဘ/ ဇနီး/ ခင်ပွန်း/ သားသမီး/ ........ ဖြစ်ပါသည်။

The addressee is my parents / wife / husband / children / ........

# ထောင်လွတ်လက်မှတ်

ကျဉ်း ၄၀၁(၂) ...

| ထောင်ဝင်နံပါတ် | အမည် | အသက် | ပုဒ်မ၊ အမှုအမှတ်၊ တရားရုံး | အကျဉ်းခံကာလ | လွတ်သည့်နေ့ |
|---|---|---|---|---|---|
| [illegible] | ဝင်းတင် (ဘ) ဦး[illegible] | ၇၉ | [illegible] | ၂၀x၀x၀ ([illegible]) | ၁၄-၄-၂၀၀၈ |

အပြစ်ပေးရက်စွဲ ။ [illegible]

သာမန်လွတ်ရက် ။ [illegible]

၂၀၀၈ခုနှစ် ။ [illegible]

တာဝန်ခံအရာရှိ

(ဗဟိုအကျဉ်းထောင်၊ အင်းစိန်)

[illegible]

## ထောင်ဖောက်တဲ့ကဗျာ

*"ယက္ခ ကုမ္ဘဏ် ဝိုင်းရံပတ်လိုရယ်*
*စောင့်ကြပ်တဲ့ နတ်ပန်းသဇင်နွယ်"*

ကျွန်တော်တို့ငယ်ငယ် လူပျိုပေါက်အရွယ်က တစ်ယောက်တည်း ဆိုညည်းခဲ့တဲ့သီချင်း။ သူငယ်ချင်းတွေ စုမိရင် လျှပ်စစ်မီးတိုင်မလင်းတဲ့ ညမှောင်မှောင်မှာ ဝိုင်းဟာစ်ခဲ့တဲ့သီချင်း။

မှတ်မိသေးတော့တယ်။

ပိုမှတ်မိနေတာက ထောင်ထဲက "နတ်ပန်းသဇင်နွယ်"။

အာဏာရှင်တွေ ကုလားထိုင်အရွေ့အလုမှာ နိုင်ငံရေးအကျဉ်းသားတချို့ လူ့ငရဲကလွတ်ကြတယ်။ အဲဒီအထဲမှာ ရှစ်လေးလုံးက ကျော်ထွေးဆိုတဲ့ လူငယ် နိုင်ငံရေးအကျဉ်းသားတစ်ယောက်ပါတယ်။

အဲဒီအချိန်မှာ ကျွန်တော့်မွေးစားသမီး ခင်သူဇာနဲ့ ဆွေဆွေက ဗြိတိန်ရောက်သူရောက်၊ ဩစတြေးလျပေါက်သူပေါက်၊ မြေးတွေလည်း ပါသွားတယ်။ သမီးတွေကို မတွေ့ရတော့ဘူး။ သမီးတွေကို နေ့ည တမ်းတနေရတဲ့အချိန်။ မြေးတွေကို လွမ်းသနေရတဲ့အချိန်။

ကျော်ထွေးလွတ်မယ်ကြားလိုက်တာနဲ့ မြေးတွေအတွက် ကျွန်တော်ကဗျာကောက်ရေးတယ်။ တမ်းတကဗျာ၊ လွမ်းသကဗျာ မဟုတ်

ပါဘူး။ အဘိုးအရွယ်ရောက်နေသူက မြေးတွေကို လိမ္မာရေးခြားရှိအောင် သွန်သင်ကဗျာ၊ ဆုံးမကဗျာ။

ကဗျာလေးက ရိုးရိုးစင်းစင်း ရှင်းရှင်းလင်းလင်းပါပဲ။

*"တည်ငြိမ် ဝံ့စား၊*
*ပြတ်သား စည်းစောင့်*
*ရိုးဖြောင့်ရောင့်ရဲ၊*
*ဇွဲကြီး သည်းခံ*
*မာန်နှိမ် စွန့်လွှတ်၊*
*မြင့်မြတ် စာနာ*
*ချိုသာ ပွင့်လင်း၊*
*ရိုင်းပင်းတတ်စေ။ ။"*

ဒါပါပဲ။

ကျော်ထွေးက ကျွန်တော့်အိမ်ပို့ပေးမယ်။ စိတ်ချရတယ်။ ခက်တာက စာရေးယူသွားလို့ မရဘူး။ ထောင်ထဲက ဘာစာမှထုတ်လို့မရဘူး။ ဒီတော့ ကျက်သွား၊ မှတ်သွား၊ အလွတ်ကျက်၊ အလွတ်မှတ်သွား။

ကျော်ထွေးက မှတ်ဉာဏ်ကောင်းတယ်။ ကဗျာကို ကျက်တယ်၊ မှတ်တယ်။ နှုတ်တက်ရွရွ အလွတ်ရသွားတယ်။

သူလွတ်သွားတယ်။ ကဗျာကို နေ့တွင်းချင်းပဲ အိမ်သွားပေးတယ်။

ကျေးဇူးတင်လိုက်တာ၊ မောင်မင်းကြီးသား တော်ရှာပါပေတယ်၊ ကောင်းရှာပါပေတယ်၊ တာဝန်ကျေပါပေတယ်၊ ကူညီဖော်ရပါပေတယ်။

ဒီမှာ ဒါနဲ့ ဇာတ်လမ်းဆုံးသွားတာ မဟုတ်ဘူး။ ဒီမှာမှ ဇာတ်လမ်းက စတာ။ ကျွန်တော့်သူငယ်ချင်း အုန်းထွန်းက ကဗျာကို ရွှေသွေးစာစောင်ပို့လိုက်တယ်။ ရွှေသွေးစာစောင်က ပုံနှိပ်ဖော်ပြလိုက်တယ်။ "ချစ်သောမြေးများသို့" ခေါင်းစဉ်နဲ့ ဖော်ပြလိုက်တယ်။ ဝင်းထွဋ်ဦး၊ စောမာလာ (အင်္ဂလန်)၊ မြတ်မဥ္ဇူစောရွှေပါ (ဩစတြေးလျ)၊ ခင်နန္ဒာထွန်းတို့ကို ရည်ညွှန်းတယ်။ (ခင်နန္ဒာထွန်းက အခုအရွယ်ရောက်တော့ ခင်ဦးသဇင်ဖြစ်နေပြီ)

အုန်းထွန်းကတော် မစောလွင်က အင်္ဂလန်က မြေးတွေအမေ သူ့သမီးကြီး ခင်သူဇာထွန်းဆီကို ရွှေသွေးပို့တယ်။ ဩစတြေးလျက မြေးအမေ သူ့သမီးလတ် ခင်ဆွေဆွေထွန်းဆီကို ရွှေသွေးပို့တယ်။ အိမ်မှာ အတူနေတဲ့ သူ့သမီးငယ် ခင်ယဉ်ယဉ်ထွန်းက သူ့ရဲ့တစ်ဦးတည်းသော သမီး ခင်ဦးသဇင်အတွက် ရွှေသွေးကို မှန်ပေါင်သွင်းတယ်။ သမီးအိပ်ရာ ဘေးမှာ ချိတ်တယ်။ သူဇာတို့ ဆွေဆွေတို့ကလည်း အဲဒီအတိုင်း လုပ်ကြ သတဲ့။

ဒီလိုနဲ့ ကျွန်တော် ထောင်ထဲက ရေးပေးလိုက်တဲ့ကဗျာဟာ မြန်မာပျံ့သွားတယ်။ ကမ္ဘာနှံ့သွားတယ်။

ဒါပဲ၊ ကျွန်တော် တစ်ပြောတည်းပြောပြောနေတဲ့ "လိုရင် ကြံဆ နည်းလမ်းရသဟေ့" ဆိုတာ။

လှုပ်နေရင် လမ်းတွေ့တယ်။ လမ်းတွေ့ရင် လက်ချိတ်မိတယ်။ လက်ချိတ်မိရင် လွတ်ပေါက်တွေ့တယ်။ လွတ်ပေါက်တွေ့ရင် လှမ်းဆွဲ ရုံပဲပေါ့။

ဒါကြောင့်လည်း ကျွန်တော့်ကဗျာတွေ ထောင်နံရံဖောက်ထွက် နိုင်တာပဲ။ ကျွန်တော့်စကားတွေ ထောင်နံရံ ကျော်ဖြတ်နိုင်တာပဲ။

"ဘာလဲဟဲ့ လူ့ငရဲ" စာအုပ်မှ ကောက်နုတ်ဖော်ပြခြင်းဖြစ်သည်။